# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၆)ရက် ၊ သောကြာနေ့ ၊ (20-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၇၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ **Mr. Grigoriev Evgeny Dmitrievich** ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးညွှန့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြပြီး

**စာမျက်နှာ ၁၆ ကော်လံ ၁** ☞



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။


အငြိမ်းစား လစာ အထိအဝင် ငွေလွှဲငွေထုတ်ခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။




**Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ **Bill** ပေးဆောင်ခြင်း၊ **E-Topup** ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ **Internet Bill** ပေးဆောင်ခြင်း၊ **Skynet Bill Payment** ပေးသွင်းခြင်း၊**Gift Card** ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ **E-Commerce** လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၀
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၇၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Customs Duty
MMM Service

ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၀ ရက်

အယ်ဒီတာ့အာဘော်

# အကြမ်းဖက်သောင်းကျန်းသူများကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချ

နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးမှုဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်တွင် အကြမ်းဖက်လုပ်ရပ်များလည်း ပါဝင်ပေသည်။ ထိုကဲ့သို့သော အဖျက်လုပ်ရပ်များကို မည်သည့်လူ့ဘောင်အဖွဲ့အစည်းကမျှ လက်ခံကြမည်မဟုတ်ပေ။ ထို့ကြောင့်လည်း အကြမ်းဖက်မှုအဖျက်လုပ်ရပ်ဟူသမျှကို ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပေသည်။

နိုင်ငံတော်အနေဖြင့် ခရီးသွားပြည်သူများ လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်စေရန် ကားလမ်း၊ မီးရထားလမ်းများပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အကြမ်းဖက်သမားတို့၏ လုပ်ရပ်များကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ကြုံကြရသည်ကို တွေ့ရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများက အများပြည်သူအသုံးပြုလျက်ရှိသည့် ကားလမ်း၊ ရထားလမ်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများ လုပ်ဆောင်လျက်ရှိရာ အမှတ်(၆) အစုန်အမြန်ရထားသည် အောက်တိုဘာ ၁၇ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြား မိုင်တိုင်အမှတ် ၉၈/၄-၅ ကြားရှိ တံတားအမှတ် (၁၃၆)အနီးသို့အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက အစုန်နှင့် အဆန် ရထားလမ်းနှစ်ခုစလုံးကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားသဖြင့် ရထားပြေးဆွဲနေသော အဆန်ရထားလမ်းနှင့် ပြန်လည်တည်ဆောက်နေသော အစုန်ရထားလမ်းတို့တွင် တပ်ဆင်ထားသည့် သံလမ်းသစ်များ နှစ်ပေခန့်စီ ပြတ်တောက်ကွေးကောက်ခြင်း၊ သံလမ်းသစ်ခြောက်ချောင်းပျက်စီးခြင်း၊ ကွန်ကရစ်ဇလီဖားတုံးများ ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် အမှတ်(၆) အစုန်အမြန်ရထားသည် ပိန်းဇလုပ်ဘူတာသို့ နောက်ဆုတ်၍ ခေတ္တရပ်နားခဲ့ရသည်။ အလားတူ မန္တလေး-ရန်ကုန် အမှတ်(၄) အစုန်ရထားကိုလည်း ကျောက်တံခါးဘူတာတွင် ခေတ္တရပ်နားခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း တုံးထောင်မိုင်းခွဲတွေ့ရှိခြင်း ၁၂၆ ကြိမ်၊ ရထားတံတားများကို မိုင်းခွဲ ဖျက်ဆီးခြင်း ၄၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြသည်ကို တွေ့ရပေသည်။

နိုင်ငံတော်အနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ သို့သော် ပြည်သူများ၏ ခရီးသွားလာမှုကို နှောင့်နှေးကြန့်ကြာမှုဖြစ်စေရန် အကြမ်းဖက်သောင်းကျန်းသူများက ကားလမ်း၊ မီးရထားလမ်းများကို အကြိမ်ကြိမ်ဖျက်ဆီးနေကြသည်ကို တွေ့ရပေသည်။

သို့ဖြစ်ရာ အများပြည်သူ အသုံးပြုလျက်ရှိသည့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေး ရထားခရီးစဉ်များ၊ ရထားလမ်းများ၊ တံတားများ၊ ဘူတာများကို ယုတ်မာရက်စက်စွာဖြင့် မိုင်းထောင်ဖုံးခွဲဖျက်ဆီးသော အကြမ်းဖက်သောင်းကျန်းသူများကို ပြည်သူတစ်ရပ်လုံးက ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ခရိုင် လေးခရိုင်၌ ကာလတိုမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးအတွက် ငွေကျပ် ၁ ဒသမ ၂ ဘီလီယံ ထုတ်ချေးပေးထားပြီးဖြစ်



**မန္တလေး အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် လေးခရိုင်၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကာလတိုမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးအတွက် ငွေကျပ် ၁ ဒသမ ၂ ဘီလီယံထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကာလတိုမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ခရိုင်လေးခရိုင်ရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးတို့၏ ဝက် ၁၆၄၅ ကောင်၊ ဆိတ်အကောင်ရေ ၄၄၂၀၊ ကြက် ၃၃၀၂၅ ကောင်နှင့် ဘဲအကောင်ရေ ၂၀၀၀ တို့အတွက် ချေးငွေများကို ဇူလိုင်လမှစ၍ ထုတ်ချေးပေးခဲ့ရာ အောက်တိုဘာ ၁၈ ရက်ထိ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

"မွေးမြူသူတွေကို သတ်မှတ်စည်းကမ်းချက်တွေအတိုင်း ထုတ်ချေးပေးပါတယ်။ ကာလတိုမွေးမြူရေးသမားတွေကို ထုတ်ချေးပေးတာပါ။ ထုတ်ချေးကာလက တစ်နှစ်ဖြစ်ပါတယ်။ ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်ဖွဲ့စည်းထားတဲ့အတိုင်းပဲ ပြန်လည်ကောက်ယူသွားမှာပါ။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ညွှန်ကြားချက်အတိုင်း စီမံဆောင်ရွက်သွားမှာပါ။ ခရိုင်လေးခရိုင်က မွေးမြူသူ ၇၆ ယောက်ကို မွေးမြူတဲ့ တိရစ္ဆာန်တွေအတွက် ထုတ်ချေးပေးပြီးပါပြီ။ ကြီးကြပ်မှုကော်မတီကို တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် ဖွဲ့စည်းထားပါတယ်။ ကုသရေးတွေအတွက်ကော ဆောင်ရွက်ပေးပါတယ်။ အခုလိုလုပ်ဆောင်ပေးတာကလဲ တိုင်းဒေသကြီးအတွင်း အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အောင်မြင်ဖြစ်ထွန်းတဲ့ ဒေသတွေ ရွေးချယ်ပြီးတော့ ဆောင်ရွက်ပါတယ်"ဟု ဒေါက်တာခင်ဇော်က ပြောပြသည်။

ထိုသို့ ဆောင်ရွက်သည့် ခရိုင်များမှာ အောင်မြေသာစံခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး အောက်တိုဘာ ၁၉**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ဆိုင်ကယ်အသစ်တင်သွင်းမှုလျော့ကျလာသဖြင့် တင်သွင်းပြီးသား အသစ်ဘီးများနှင့် တစ်ပတ်ရစ်ဘီးများသာ အရောင်းအဝယ်ပြုလုပ်နေရပြီး ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိကြောင်း ဆိုင်ကယ်ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် တစ်ပတ်ရစ်ဈေးကွက်တွင်လည်း အရောင်းဘီးများ နည်းပါးလာမှုကြောင့် ဈေးနှုန်းများ မြင့်တက်လျက်ရှိရာ ဆိုင်ကလုန်းတစ်စီးလျှင် ငွေကျပ် ၁၅ သိန်းမှ သိန်း ၂၀ ခန့်ထိ ရှိလာကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click(ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၅ သိန်း၊ အနိမ့်ဘီး Click များမှာ ငွေကျပ် သိန်း ၂၀ မှ ၂၅ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၂ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၆ သိန်းမှ ၂၀ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ငွေကျပ် ၁၇ သိန်း၊ Click (စပုတ်)မှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းခန့်၊ Scoopy i ဘီးများမှာ ငွေကျပ် ၁၄ သိန်း ၅ သောင်းမှ ၁၆ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၅ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/ 125 R/ CZI အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ CZI နောက်ဆုံးထုတ်အသစ်တစ်စီးလျှင် ငွေကျပ် ၁၇ သိန်းခန့်ရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးနိုင်ထွန်းထံမှ သိရသည်။

မန္တလေးကားဈေးကွက်အတွင်း နယ်ဝယ်လက် အဆင်းနည်းလာမှုကြောင့် အရောင်းအဝယ်အေးသွားသော်လည်း နံပါတ်ထွက်ပြီးသား ဂျပန်တစ်ပတ်ရစ်ညာမောင်းကားများ အရောင်းအဝယ်ရှိနေဆဲဖြစ်ကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ယခုအခါ နံပါတ်ထွက်ပြီးသား ဂျပန်ညာမောင်း တစ်ပတ်ရစ်ကားများ၌ ဟွန်ဒါဖစ်နှင့် ကလူဂါကားများ ဈေးကွက်ကို ဦးဆောင်နေကြောင်း၊ ဂျပန်တစ်ပတ်ရစ် ညာမောင်းကားများ တဖြည်းဖြည်းနည်းပါးလာပြီး လူကြိုက်များသည့် ဂျပန်တစ်ပတ်ရစ်ညာမောင်းကားမှာ ငွေကျပ် သိန်း ၅၀ ခန့်ထိ ဈေးနှုန်းမြင့်တက်သွားကြောင်း၊ နံပါတ်ထွက်ပြီးသား ကားဟောင်းများမှ ငွေကျပ်သိန်း ၄၀၀ ခန့်ဈေးတန်းရှိ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်၊ ဆူဇူကီးဆွစ်၊ တိုယိုတာကရောင်း စသည့်ကားများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

# ဧရာဝတီမြစ်အတွင်း မြစ်ကျဉ်းများတွင် ရေဝဲများဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များ အထူးဂရုပြုသွားလာရန်လိုဟုဆို

**မန္တလေး အောက်တိုဘာ ၁၉**

ဧရာဝတီမြစ်အတွင်း မြစ်ကျဉ်းနေရာများတွင် ရေဝဲများဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များအထူးဂရုပြုသွားလာရန်လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ဧရာဝတီမြစ်အတွင်း ဒုတိယမြစ်ကျဉ်းဖြစ်သည့် ရွှေကူမြို့နယ်နှင့် တတိယမြစ်ကျဉ်းဖြစ်သည့် သပိတ်ကျင်းမြို့နယ်အတွင်း၌ ရေဝဲများဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် ခရီးသည်တင်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ ဧရာဝတီမြစ်အတွင်း မန္တလေးမှ ဗန်းမော်ဘက်သို့ သွားလာရာတွင် အဆိုပါ ရေဝဲများကြောင့် ရေယာဉ်များ နစ်မြုပ်နိုင်သဖြင့် အထူးသတိပြုသွားလာရန်လိုအပ်ကြောင်း သိရသည်။

"အခုက ဧရာဝတီမြစ်အတွင်း မြစ်ရေများချိန်လဲ ဖြစ်တဲ့အပြင် အထက်ပိုင်းမှာ မိုးရွာသွန်းမှုတွေကြောင့် မြစ်ရေက များနေသေးတယ်။ မန္တလေးဘက်ကတော့ ရေတက်တာမသိသာပေမဲ့ အထက်ဘက် ဒုတိယမြစ်ကျဉ်းနဲ့ တတိယမြစ်ကျဉ်းနေရာမှာ ရေတော်တော်လေး များနေပါတယ်။ ရေများချိန်ကာလဖြစ်တာကြောင့် ဒုတိယမြစ်ကျဉ်းနဲ့ တတိယမြစ်ကျဉ်းမှာ ရေဝဲတွေဖြစ်ပေါ်နေပါတယ်။ ဒီရေဝဲနေရာတွေထဲ ရေယာဉ်တွေဝင်မိရင် တော်တော်လေး အန္တရာယ်များနိုင်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

အလားတူ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေးဆိပ်ကမ်းများမှ ဗန်းမော်ဘက်သို့သွားလာကြမည့် ရေယာဉ်များအနေဖြင့် အန္တရာယ်တစ်စုံတစ်ရာမရှိစေရေး လမ်းညွှန်ပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကိုလည်း ဂရုပြုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမ်းမြို့နယ် လေက်ကျကျေးရွာ၌ ကျေးလက်အိမ်ရာလေးလုံးတည်ဆောက်နေမှု စစ်ဆေး

**အမ်း အောက်တိုဘာ ၁၉**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လုံးကောက်ကျေးရွာအုပ်စု လေက်ကျကျေးရွာ၌ ကျေးလက်အိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုး၊ အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ လေက်ကျကျေးရွာ၌ အလျား ၁၈ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ကိုးပေ ကျေးလက်အိမ်ရာလေးလုံး တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သည့် ဆည်းလည်းသာကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ အမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အမ်းမြို့နယ် လေက်ကျကျေးရွာ၌ ကျေးလက်အိမ်ရာလေးလုံး တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၅၉ ဒသမ ၃၁၆၈ သန်းဖြင့် ဆည်းလည်းသာကုမ္ပဏီက တာဝန်ယူ၍ ဩဂုတ် ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မတ္တရာမြို့နယ် လင်းမြေ ချောင်ကျေးရွာနေ ဦးမိုးသူ-ဒေါ်နှင်းဖြူအေး၊ သမီး-မခိုင်ငြိမ်းသူ၊ မနှင်းအိမ်မှူး၊ သား-မောင်ရတုစေတ် မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၃၃၇၈၁၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**လပွတ္တာ အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၃၃၇၈၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၃၃၇၈၁၀ လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးဧကအားလုံး လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်မှာ မိုးစပါးကို ဇွန်လထဲမှာ စတင်စိုက်ပျိုးခဲ့ပါတယ်။ ဒီနှစ် မိုးစပါးတွေ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကို ပြီးခဲ့တဲ့မတ်လလောက်ကတည်းက ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ မိုးစပါးတွေ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို အဓိကဆောင်ရွက်ပေးခဲ့ပါတယ်။ အခုနှစ် မိုးစပါးစိုက်ပျိုးရာမှာ ပေါ်ဆန်းရင်စပါးအမျိုးအစားတွေကို အများဆုံးစိုက်ပျိုးထားပါတယ်။ တောင်သူတွေစိုက်ပျိုးတဲ့ မိုးစပါးတွေ အထွက်နှုန်းကောင်းစေဖို့၊ မျိုးကောင်းမျိုးသန့်စပါးတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာအဖွဲ့အစည်းဌာနတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးစပါးလျာထားဧကအားလုံး စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ခြင်း ကွင်းဆင်းသရုပ်ပြခြင်း၊ ရေငန်တားတာများ တည်ဆောက်ပေးခြင်း၊ ရေစိမ့်ပေါက်၊ ရေထွက်ပေါက်များ ရှာဖွေပေးခြင်း၊ ရွှေခရုကာကွယ်နှိမ်နင်းသည့်နည်းပညာများ ဆောင်ရွက်ပေးခြင်း၊ ဓာတ်မြေဩဇာအစားထိုး သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)များ စိုက်ပျိုးမြေဩဇာအဖြစ် ထည့်သွင်းအသုံးပြုပေးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ဦးမြို့နယ် စည်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ စည်ပင်သာကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်နှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၉ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စည်ပင်သာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# အောင်လံမြို့နယ် ဇောင်းလျားကျင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**အောင်လံ အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာပြင်ကျေးရွာအုပ်စု ဇောင်းလျားကျင်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံများနှင့်အတူ ဇောင်းလျားကျင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များကို စီမံကိန်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဇောင်းလျားကျင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၄၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ရှစ်သိန်းကျော်အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ပြောပြ၍ သိရသည်။

**ကိုလှိုင်**



# နိုင်ငံ့ဂုဏ်ရောင် ထွန်းပြောင်စေရေး လူငယ်ထုကို ပြုစုပျိုးထောင်ပေး

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

> ❖ ယနေ့ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များသည် ပွဲကြည့်ပရိသတ်များဖြစ်နေကြလေရာ ဘဝဇာတ်ခုံပေါ်တွင် ကပြအသုံးတော်ခံနေကြသော လူကြီးမိဘ၊ ဆရာ၊ ဆရာမများ၏ ဇာတ်ညွှန်း၊ ဇာတ်လမ်းများ၊ ဇာတ်ကွက်များ၊ ကပြအသုံးတော်ခံလှုပ်ရှားမှုများကို ပွဲကြည့်ပရိသတ် ကျောင်းသား၊ ကျောင်းသူလူငယ်များက အားကျအတုယူလေ့လာမှတ်သား နေကြသည်။ ထိုသို့ နည်းယူနေထိုင်မှုသည် အကောင်းနှင့် အဆိုး၊ အကျိုးနှင့် အပြစ်၊ ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်မှာ လူကြီးမိဘ၊ ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ကြိုးပမ်းမှုအပေါ်တွင် မူတည်နေသည်။ ❖

**– ခေတ်၏ရှေ့ဆောင် လူငယ်များတို့**
**ပညာစီးပွား ရှာကြလေ၊**
**– အပျင်းသန်ကာ အပျော်လိုက်လို့**
**မတော်ခရိုက် ရှောင်ကြဉ်လေ၊**
**– လသာတုန်းမှာ ဗိုင်းငင်လားသို့**
**ပညာသင်ကြား ချိန်ကုန်ခေ၊**
**– အတတ်ပညာ မဲ့သူများကို**
**နွား၏အလား သူစိုင်းခေ၊**
**– ပဏ္ဍိတ်အမော် တော်သူများသည်**
**ပူဇော်ဝပ်တွား ခံထိုက်ပေ၊**
**– ဒါကြောင့်မို့ ပညာကိုတွေး၊**
**လောကအရေး အလေးပေးသင့်ပေ၊**
**– အဲဒါမှ လောကမှ ကမ္ဘာ့သိဉာဏ်ခေ၊ ။**

ကားနှင့်ဖြတ်သွားရင်းက လမ်းမကြီးဘေးရှိ ကျောင်းစာသင်ခန်းထဲမှ ကျောင်းသား၊ ကျောင်းသူများ၏ညီညာဖြိုဖြိုပျံ့လွင့်လာကြသော လောကနီတိလာ **"ပညာညီုးနွှမ်း သူ့ဝန်ထမ်း"** စာကဗျာအသံများက နားဝင်ပီယံရှိလှပေသည်။

ယခုတစ်လောစာသင်ကျောင်းများတွင် စာသံပေသံများ ဝေစည်ပျံ့လွင့်နေကြလေရာ သာယာနာပျော်ဖွယ်ကောင်းပြီး မင်္ဂလာရှိလှပေသည်။

နိုင်ငံတော်၏ အနာဂတ်ဂုဏ်ရောင်ကို ထွန်းပြောင်စေမည့် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ အနေဖြင့် အသိဉာဏ်ပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဟူသည့် ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဟူသော ရည်ရွယ်ချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ပူးပေါင်းပြီး အခြေခံပညာအထက်တန်းကျောင်းများတွင် **"လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ"**ကို မြို့နယ်အသီးသီးတွင် ကျင်းပနေကြသည်။ ထို့ကြောင့် လူငယ်ရေးရာအဖြာဖြာ လှုပ်ရှားမှုသတင်းများက နေ့စဉ်ထုတ်သတင်းစာများတွင် နေ့စဉ်ရက်ဆက် ဖော်ပြပေးလျက်ရှိကြသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ပူးတွဲပြီး အခြေခံပညာအထက်တန်းကျောင်းများတွင် **"လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ"**လှည့်လည်ကျင်းပပေးနေခဲ့သည်။ ထိုနည်းတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများ၏ ဦးဆောင်မှုဖြင့် မြို့နယ်စာရေးဆရာအသင်းများ၊ စာပေချစ်မြတ်နိုးသူ (Book Club)အဖွဲ့များ ပူးတွဲပြီး လူငယ်စကားဝိုင်းများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ပြည်သူ့နီတိကျင့်ဝတ်လိုက်နာရေးဆွေးနွေးပွဲများ၊ ပုံပြောပြိုင်ပွဲများ ကျင်းပနေကြသည်။

လွန်ခဲ့သော ခြောက်နှစ်ကျော်က ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့်မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေး၊ စာမဖတ်သူ ပပျောက်ရေး၊ စာတတ်သူတိုင်း စာဖတ်ရေးနှင့်ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို နိုင်ငံအနှံ့အပြားတွင် လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် အခြေခံပညာအထက်တန်းကျောင်း တော်တော်များများသို့ အခါအားလျော်စွာ သွားလာဟောပြောလှုပ်ရှားခဲ့သည်ကို ပြန်လည်မြင်ယောင်နေမိသည်။

ထိုသို့ အခါအားလျော်စွာ လှည့်လည်ဟောပြောနေခဲ့ရာမှ မှတ်မှတ်ရရ ယခုနှစ် ဇန်နဝါရီ ၃၀ ရက်က မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ထဲရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းကြီး၌ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေဝေဖြိုးနှင့် ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်စိုးတို့၏ စီစဉ်ပေးမှုဖြင့် **"လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ"**ကို ကျင်းပပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ တာဝန်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသော ဆရာမြင်းမူမောင်နိုင်မိုး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်းရေးမှူး ကျွန်တော်နှင့် သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးအောင်ပြည့်စုံတို့သုံးဦး နာရီဝက်စီ ဟောပြောခွင့်ရခဲ့သည်။

ထိုဟောပြောပွဲကို တကူးတကအထူးတလည်စီစဉ်ရခြင်းမဟုတ်ဘဲ ခရီးသွားဟန်လွှဲချက်ချင်းစီမံခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းက နှစ်စဉ်ကျင်းပနေခဲ့သော (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲသို့မတက်ရောက်နိုင်ကြသော ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများကို လှည့်လည်ကန်တော့သည့်ခရီးစဉ်တွင် မန္တလေးမြို့သို့ရောက်ခိုက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်ပြုစုပျိုးထောင်ရေးစိတ်ဓာတ်ဖြင့် ဆက်သွယ်ကူညီပေးခဲ့ခြင်းဖြစ်သည်။

ဆရာမြင်းမူမောင်နိုင်မိုးက မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌဖြစ်ပြီး ကျွန်တော်က မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ဗဟိုအမှုဆောင်ကော်မတီဝင်ဖြစ်သောကြောင့် မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အမှုဆောင်များအပါအဝင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ စာအုပ်လှူဒါန်းပွဲကိုပါ ကျင်းပနိုင်ခဲ့သည်။

ကျွန်တော်ဆိုလိုသည်မှာ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲနှင့် စာအုပ်လှူဒါန်းပွဲသို့ လာရောက်ကြရင်း အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူလူငယ်များကို **"လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ"**အဖြစ် စာပေဒါနပေးဝေမျှခဲ့ကြခြင်းဖြစ်သည်။

ကျွန်တော်နှင့် ဆရာမြင်းမူမောင်နိုင်မိုးတို့ နှစ်ဦးသည် အနယ်နယ်အရပ်ရပ်သို့ စာပေလှည့်လည်ဟောပြောခဲ့ကြရင်း အခြေခံပညာအထက်တန်းကျောင်းမျိုးစုံသို့ ရောက်ခဲ့ဖူး၊ ဟောပြောခဲ့ဖူးသည်။ သို့သော် ယခု မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းကဲ့သို့သော စံပြကျောင်းများကား အလွန်ပင်ရှားပါးလှသည်။ တွေ့ရကြုံရခဲသည်။ ယခု အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ၏ ညီညာတက်ကြွမှု၊ စည်းကမ်းသေဝပ်ကောင်းမွန်မှု၊ လေ့လာဆည်းပူးနာခံမှုမျိုးကိုကား မချီးကျူးဘဲမနေနိုင်အောင် အားရဝမ်းသာပီတိဖြာခဲ့ကြရသည်။

ထို့ပြင် စာသင်ခန်းများ၊ ကျောင်းဈေးတန်းနှင့် ကျောင်းဝင်းအတွင်း စည်းကမ်းကျနှ၊ သန့်ရှင်းလှပမှုများကလည်း ပြောမယုံ ကြုံဖူးမှသိကြရသလို ချီးကျူးထိုက်ပေသည်။ တစ်နိုင်ငံလုံးတွင် အောင်ချက်ကောင်း၊ စံပြကျောင်းဟု နောက်မှသိလိုက်ရသောအခါ စံပြဖြစ်ထိုက်သည်ဟု ထပ်မံချီးကျူးဂုဏ်ပြုနေမိသည်။ ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်စိုးနှင့် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေဝေဖြိုးတို့ကိုလည်း အထူးပင် ကျေးဇူးတင်နေရသည်။

တစ်နိုင်ငံလုံးတွင် အဆိုပါ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ထဲမှ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းကဲ့သို့သော ကျောင်းများ ရှိကောင်းရှိကြပေလိမ့်မည်။ ထိုသို့ စံပြကျောင်းဖြစ်နေကြခြင်းမှာ ဆရာ၊ ဆရာမများကိုယ်တိုင်က စံပြဖြစ်နေကြသဖြင့် **"ဆရာကောင်းတပည့် ပန်းကောင်းပန်"** နေကြခြင်းဖြစ်သည်။

ယနေ့ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များသည် ပွဲကြည့်ပရိသတ်များဖြစ်နေကြလေရာ ဘဝဇာတ်ခုံပေါ်တွင် ကပြအသုံးတော်ခံနေကြသော လူကြီးမိဘ၊ ဆရာ၊ ဆရာမများ၏ ဇာတ်ညွှန်း၊ ဇာတ်လမ်းများ၊ ဇာတ်ကွက်များ၊ ကပြအသုံးတော်ခံလှုပ်ရှားမှုများကို ပွဲကြည့်ပရိသတ် ကျောင်းသား၊ ကျောင်းသူလူငယ်များက အားကျအတုယူ လေ့လာမှတ်သားနေကြသည်။ ထိုသို့ နည်းယူနေထိုင်မှုသည် အကောင်းနှင့် အဆိုး၊ အကျိုးနှင့် အပြစ်၊ ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်မှာ လူကြီးမိဘ၊ ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ကြိုးပမ်းမှုအပေါ်တွင် မူတည်နေသည်။ နောင်အနာဂတ်မှာ ယနေ့ပွဲကြည့်ပရိသတ်လူငယ်များသည် ဘဝဇာတ်ခုံပေါ်တွင် ကိုယ်တိုင်ကပြအသုံးတော်ခံကြသည့် ဇာတ်ဆောင်များဖြစ်လာကြပေမည်။ သို့ဖြစ်ရာ ယနေ့ ဘဝဇာတ်ခုံပေါ်မှ လူကြီးမိဘ၊ ဆရာ၊ ဆရာမများက စံပြအဖြစ် ရှေ့ဆောင်လမ်းပြမှု၊ ပြုစုပျိုးထောင်မှုမှန်ကန်မှသာလျှင် နိုင်ငံတော်၏အနာဂတ်အရောင်သည် ထွန်းပြောင်တိုးတက်လာမည်ဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၃၃တွင် **"နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်"**ဟူသော နိုင်ငံတော်အခြေခံမူကို ပြဋ္ဌာန်းထားခဲ့ခြင်းဖြစ်သည်။ အဆိုပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း ဦးတည်ချက်(၉)ရပ်ချမှတ်ထားရာ လူမှုရေးဦးတည်ချက်ထဲတွင် **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"**ဟူသော ဦးတည်ချက်ကိုချမှတ်ပြီး လက်တွေ့ကာယကံမြောက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်လျက်ရှိရာတွင် နိုင်ငံတော်သည် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်လူငယ်ရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားခဲ့ပြီး လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

အဆိုပါ လူငယ်ရေးရာမူဝါဒနှင့်အညီ လက်တွေ့ဆောင်ရွက်သွားနိုင်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)ကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ ၁၆ ရပ်ကို ချမှတ်ခဲ့သည်။

ထိုကဏ္ဍ ၁၆ ရပ်မှာ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်ကဏ္ဍ၊ အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နိုင်ငံရေးကဏ္ဍ၊ စာပေအနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ၊ သုတေသနကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကဏ္ဍ၊ ကျား/မ ညီမျှမှုကဏ္ဍ၊ လူ့အခွင့်အရေးကဏ္ဍနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍ တို့ဖြစ်ကြသည်။

လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ ၁၆ ရပ်ကိုကြည့်ပါက နိုင်ငံ၏အနာဂတ်အတွက်ရည်မှန်းလျက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုပါ အလေးအနက်ထားကာ ချမှတ်ထားသည်မှာ သိသာထင်ရှားနေသည်။ ထို့ကြောင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး လူငယ်များအသိအမြင်ဗဟုသုတကြွယ်ဝစေရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေး၊ ရိုးရာယဉ်ကျေးမှုထုံးဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ရှောင်ဖယ်ကင်းဝေးစေရေးအတွက် လူငယ်အသိပညာပေးဟောပြောပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ကျင်းပခဲ့ရာ ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် ဇူလိုင်လထိ ဟောပြောပွဲပေါင်း ၂၂၁၉ ပွဲ ကျင်းပနိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူလူငယ်ပေါင်း ၄၁၉၃၇၁ ဦးကို အသိပညာမျှဝေပေးနိုင်ခဲ့ကြောင်း၊ လူငယ်စကားဝိုင်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ် ဇူလိုင်လထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်မြို့နယ်များတွင် လူငယ်စကားဝိုင်း အကြိမ် ၁၁၀ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂၁၃၃၀ ပါဝင်တက်ရောက်ခဲ့ကြကြောင်း၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ဦးစီး၍ **"သွေးချင်းညီနောင်၊ ကောင်းကျိုးဆောင်၊ ပြည်သစ်အောင်ဖို့ ဆွေးနွေးရို့"** ဟူသောဆောင်ပုဒ်ဖြင့် တက္ကသိုလ်ဒီဂရီကောလိပ် ကျောင်းသား၊ ကျောင်းသူများ၏ ငြိမ်းချမ်းရေးဆိုင်ရာ စကားဝိုင်းကို ယခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် မန္တလာသီရိအားကစားကွင်း၌ကျင်းပခဲ့ရာ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ဦးရေ ၂၅၀၀၀ ပါဝင်တက်ရောက်ခဲ့ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် သတင်းဓာတ်ပုံများနှင့်ဖော်ပြခဲ့ကြသဖြင့် နိုင်ငံတော်၏ အနာဂတ်အရေးကိုမျှော်တွေး၍ ကြည်နူးချမ်းမြေ့ကြရသည်။

ပညာရေးဝန်ကြီးဌာနကလည်း ပညာရေးကို အလေးပေးဆောင်ရွက်နေသလို လူချွန်လူမွန်လူငယ်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၁၂၆၇ ဧက စိုက်ပျိုးပြီးစီး

**ကသာ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၁၂၆၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် မိုးနှမ်း ၅၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကသာခရိုင်မှာ မိုးနှမ်း ဧက ၅၀၀ ကျော် လျာထားစိုက်ပျိုးနေပြီး ဒီနေ့မှာ ဧက ၁၂၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက် ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် မိုးနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၇၉၃ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၁၀၀၊ ထီးချိုင့်မြို့နယ်တွင် ဧက ၂၉၀၊ ဗန်းမောက်မြို့နယ်တွင် ၈၄ ဧက စုစုပေါင်း ၁၂၆၇ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၀၉ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၁၂၀၊ ထီးချိုင့်မြို့နယ်တွင် ဧက ၂၆၀၊ ဗန်းမောက်မြို့နယ်တွင် ၉၃ ဧက စုစုပေါင်း ၅၈၂ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ယခုနှစ်မိုးနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

➤ စာမျက်နှာ ၄ မှအဆက်

များအတွက် တစ်ချိန်က ရပ်နားထားခဲ့သော လူရည်ချွန်စီမံကိန်းကို ပြန်လည်ဖော်ဆောင်ခဲ့သည့်အပြင် ထူးချွန်ကျောင်းသား၊ ကျောင်းသူ လူငယ်များကိုလည်း ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစီစဉ်ပေးခဲ့သည်။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကလည်း **"လူငယ်အင်အား၊ စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့"**ဟူသော ဆောင်ပုဒ်နှင့်အညီ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်ပျိုးထောင်ပေးနေခဲ့ပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေခဲ့သည်။ လူငယ်ရေးရာဦးစီးဌာနကလည်း ပြည်တွင်း၊ ပြည်ပ လူငယ်လေ့လာရေးခရီးများ စီစဉ်ပေးခဲ့သည်။ အာဆီယံလူငယ်ဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် ဇွန်လအတွင်း အစည်းအဝေးခြောက်ကြိမ်၊ သင်တန်းတစ်ကြိမ်၊ ပြိုင်ပွဲ ၁၀ ကြိမ်၊ ဆွေးနွေးပွဲ ၁၉ ကြိမ်တို့တွင် မြန်မာလူငယ်ကိုယ်စားလှယ်ပေါင်း ၈၇ ဦး ပါဝင်တက်ရောက်နိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂက ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၁၂ ရက်က သတ်မှတ်ခဲ့သော **"အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့"** အခမ်းအနားကို ကမ္ဘာ့နိုင်ငံများနှင့်တန်းတူပင် ၂၀၁၈ ခုနှစ် ဩဂုတ် ၁၂ ရက်မှစ၍ နှစ်စဉ်မပျက်ကျင်းပခဲ့သည်။ ၂၀၂၃ ခုနှစ် **"အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့"**အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားသောဆောင်ပုဒ်မှာ **"ကမ္ဘာကြီးရေရှည်တည်တံ့ဖို့ လူငယ့်စွမ်းအားဖြင့်မန်တီးရီ"** ဟူ၍ဖြစ်သည်။

လူငယ်ရေးရာဗဟိုကော်မတီက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သကဲ့သို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ လူငယ်ရေးရာကော်မတီဝင်များ၊ လူငယ်အဖွဲ့အစည်းများနှင့် ဆက်စပ်ဌာနဆိုင်ရာများကလည်း အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများအဖြစ် ပြေးခုန်ပစ်ပြိုင်ပွဲများ၊ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စာပေစကားဝိုင်းများနှင့် လူငယ်စကားဝိုင်းများကို ကျင်းပခဲ့ကြသည်။

**"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"**ဟူသောစကားနှင့်အညီ ယနေ့လူငယ်မျိုးဆက်သစ်များသည် နောင်အနာဂတ်ကာလတွင် လူကြီးများအဖြစ် နိုင်ငံနှင့် လူမျိုး၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြရပေမည်။ ထို့ကြောင့် ယနေ့လူငယ်များကို ယနေ့လူကြီးများက အကျိုးပြုလုပ်ငန်းများနှင့် ပြုစုပျိုးထောင်ပေးနေခြင်းဖြစ်သည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် နိုင်ငံတော်က လူငယ်များအရေးအလေးထားဆောင်ရွက်နေသည်ကို မည်သူမျှငြင်းကွယ်၍မရပေ။

ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအပါအဝင် လုပ်ငန်းခွင်ထဲမှ လူငယ်လူရွယ်များကို ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလဟူသော ဗလငါးတန်ကိုယ်ရည်ကိုယ်သွေးများနှင့် ပြည့်စုံကြစေရေး၊ ကျောင်းအတန်းပညာအပြင် အတတ်ပညာများကို လေ့လာဆည်းပူးကြစေရေး၊ ပြည်သူ့နီတိကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ကြစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး၊ ရိုးရာယဉ်ကျေးမှုနှင့်ထုံးစံလေ့များကို ထိန်းသိမ်းစောင့်ရှောက်ကြစေရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ပြီး ဇာတိသွေးဇာတိမာန်ထက်သန်ကြစေရေးအတွက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများကို စဉ်ဆက်မပြတ်ကျင်းပလှုပ်ရှားနေကြခြင်းဖြစ်သည်။

အချုပ်ဆိုရလျှင် လူငယ်ထုအကျိုးပြုလှုပ်ရှားမှုများနှင့်အသိပညာပေးဟောပြောပွဲများကို ကောက်ရိုးမီးကဲ့သို့ ဟုန်းခနဲထတောက်ပြီး ချက်ချင်းငြိမ်သက်ရပ်ဆိုင်းသွားခြင်းမျိုး၊ အမြင်ကောင်းအောင် ဟန်ဆောင်သဘောမျိုးနှင့် အပေါ်ယံရှေ့မှုန်ကြ အတွင်းကနောက်ချေးခံသဘောမျိုး၊ အနှစ်သာရမပါသော အသွင်သဏ္ဌာန်မျိုး စသည့် ခါတော်မီရာသီပေါ် ဟန်ရေးပြလှုပ်ရှားမှုများကိုကား စုံစမ်းလေ့လာတားဆီးတည့်မတ်ပေးသင့်ကြောင်း ဆန္ဒမွန်ပြုလိုက်ရပါသည်။

## သာသနာ့ရိပ်က တို့မြန်မာ

- ဗုဒ္ဓဘာသာ သာသနာ့လွှမ်း
  အေးချမ်းတဲ့ မြန်မာပြည်၊
  ကုသိုလ်တွေ ကိုယ်စီမြန်း
  ရွှင်လန်းတဲ့ခြေ၊
  မြန်တစ်ဝန်း ထက်အညာကြေ
  မေတ္တာတွေ စုန်ဆန်ကူး၊
  သာအတူ နာမခွဲ
  အမြဲကြည်နူး။

- မြတ်ဘုရားရှင် စေတီဦး
  ဖူးကြလို့ သာယာစဉ်၊
  ဘာဝနာ မြတ်တရား
  ပွားများလို့ပင်၊
  ဒါနတရား လန်းလို့ရွှင်
  ပေးကမ်းချင်တဲ့ မြန်စိတ်ထား၊
  ကိုယ်ကျင့်ရာ သီလမြဲဖို့
  စိတ်စွဲလို့တကား။

- အကုသိုလ် အယုတ်တရားကို
  ထုတ်ထားလို့ ရှောင်ရှားပယ်၊
  အများကောင်း ကိုယ်ကောင်းအောင်
  စုပေါင်းရွက်သယ်၊
  အများဆိုးကာ ကိုယ်ညှိုးဖို့
  အကျိုးမဲ့ တို့ရှောင်ဖယ်
  အမှောင်နယ် တို့မကြိုက်၊
  တည်ငြိမ်စွာ အေးချမ်းမှုကို
  ရှေးရှုတဲ့စရိုက်။

- မြန်မာဆို ကုသိုလ်အလိုက်နဲ့
  နုပျိုခိုက် ခုအခါ၊
  သာသနာ ရောင်ဝါလွှမ်း
  ထိန်လျှမ်းလို့သာ၊
  အေးချမ်းတဲ့ ပြည်မြန်မာ
  မြို့ရွာစုံ ရွှင်ပျော်မြူး၊
  တို့ဘာသာ ဘုရားရိပ်ဖြင့်
  တို့သာသနာ တရားစိတ်ရယ်နဲ့
  မြတ်သံဃာ ထေရ်ဆရာဖိတ်ပါလို့
  စိတ်လက်ကြည်သာ တွေးသမျှမှာ
  အို. . .
  အေးမြကြည်နူး။ ။

**လွမ်းလေးကို(သရက်)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**




# အစ္စရေးနှင့်ဟားမစ်တို့အကြား အပစ်အခတ်ရပ်စဲရန်တောင်းဆိုထားသည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်နိုင်ငံ ဗီတိုအာဏာဖြင့်ပိတ်ပင်



**နယူးယောက် အောက်တိုဘာ ၁၉**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ဂါဇာကမ်းမြောင်ဒေသတွင်းသို့ ပို့ဆောင်နိုင်ရေးအတွက် အစ္စရေးနှင့်ဟားမစ်တို့အကြား အပစ်အခတ်ရပ်စဲရန် တောင်းဆိုထားသည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်နိုင်ငံက အောက်တိုဘာ ၁၈ ရက်တွင် ဗီတိုအာဏာဖြင့် ပိတ်ပင်ခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံက မူကြမ်းရေးဆွဲထားသည့် အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို အောက်တိုဘာ ၁၈ ရက်တွင် လုံခြုံရေးကောင်စီ၌ မဲခွဲခဲ့ရာ အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံအနက် ၁၂ နိုင်ငံက ထောက်ခံမဲပေးခဲ့သော်လည်း အမေရိကန်နိုင်ငံက ဗီတိုအာဏာဖြင့်ပိတ်ပင်ခဲ့သည်။

လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို အတည်ပြုနိုင်ရန် အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံအနက် ထောက်ခံမဲ ကိုးမဲလိုအပ်ပြီး အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံအနက် မည်သည့်နိုင်ငံကမျှ ဗီတိုအာဏာမသုံးရန်လည်း လိုအပ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ၎င်း၏ မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အစ္စရေးနိုင်ငံကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးယူမှုများမှ ကာကွယ်ပေးလေ့ရှိသည်။

အောက်တိုဘာ ၁၈ ရက် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်း မဲခွဲပွဲတွင် ရုရှားနှင့်ဗြိတိန်နိုင်ငံတို့က ပါဝင်မဲပေးခဲ့ခြင်းမရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ ဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်နိုင်ငံ ဗီတိုအာဏာဖြင့် ပိတ်ပင်ခဲ့ပြီးနောက် အစ္စရေး-ဟားမစ် ပြဿနာအတွက် ကုလသမဂ္ဂ အထွေထွေညီလာခံ အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပရန် ရုရှားနိုင်ငံကတောင်းဆိုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုး ဆော်ဒီနှင့်ကာတာနိုင်ငံတို့သို့ သွားရောက်မည်

**ဆိုးလ် အောက်တိုဘာ ၁၉**

တောင်ကိုရီးယားသမ္မ ယွန်းဆွတ်ယိုးသည် အောက်တိုဘာ ၂၁ ရက်မှ ၂၆ ရက်ထိ ဆော်ဒီအာရေဗျနှင့် ကာတာနိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်အတွင်း တောင်ကိုရီးယားသမ္မတသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအမံများနှင့် အစ္စရေး-ဟားမစ် စစ်ရေးပဋိပက္ခနှင့်ဆက်စပ်နေသော လုံခြုံရေးအခြေအနေများကို ဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

အစ္စရေး-ဟားမစ် စစ်ရေးပဋိပက္ခကာလအတွင်း အရပ်သားသေဆုံးမှုမြင့်တက်လာမှုနှင့်ပတ်သက်၍ တောင်ကိုရီးယားအစိုးရက စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။

အရှေ့အလယ်ပိုင်းဒေသ၌ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် ဆော်ဒီအာရေဗျ၊ ကာတာနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်ရေးကို သမ္မတယွန်ဆွတ်ယိုးအနေဖြင့် လာမည့်ခရီးစဉ်အတွင်း ဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံး၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သမ္မတယွန်ဆွတ်ယိုးသည် အောက်တိုဘာ ၂၁ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ပြီး အဆိုပါခရီးစဉ်သည် တောင်ကိုရီးယားခေါင်းဆောင်တစ်ဦး၏ ပထမဆုံးတရားဝင် ဆော်ဒီအာရေဗျခရီးစဉ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အီဂျစ်နိုင်ငံက ဂါဇာဒေသသို့အကူအညီများတင်သွင်းနိုင်ရေး ရာဖာနယ်စပ်လမ်းပြင်ရန် ယန္တရားများစေလွှတ်

**ကိုင်ရို အောက်တိုဘာ ၁၉**

ဂါဇာဒေသသို့ စားနပ်ရိက္ခာအကူအညီများပေးပို့ရေးအတွက် ပြင်ဆင်သည့်အနေဖြင့် အီဂျစ်နိုင်ငံက ဂါဇာသို့ဝင်ရောက်ရာ ရာဖာနယ်စပ်ဝင်ပေါက်လမ်းကြောင်းကို ပြုပြင်ရန် ယန္တရားများစေလွှတ်ထားကြောင်း အီဂျစ်တာဝန်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြားခဲ့သည်။

ရာဖာနယ်စပ်ဝင်ပေါက်သည် အစ္စရေးထိန်းချုပ်မှုအောက်တွင်မရှိသည့် ဂါဇာဒေသ၏တစ်ခုတည်းသောဝင်ပေါက်ထွက်ပေါက်ဖြစ်သည်။

သို့ရာတွင် အစ္စရေးနှင့်ဟားမစ်တို့အကြား အောက်တိုဘာ ၇ ရက်က စတင်ခဲ့သည့်စစ်ပွဲကြောင့် ရာဖာနယ်စပ်အဝင်အထွက်များကို ရပ်ဆိုင်းထားသည်။

အမေရိကန်နိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သည် ဂါဇာဒေသသို့အကူအညီများ ပေးပို့ခွင့်ရရေးအတွက် အစ္စရေးနှင့် သဘောတူညီချက်တစ်ရပ်ရယူနိုင်ရန် ကြိုးစားလျက်ရှိသည်။

အစ္စရေးနိုင်ငံအနေဖြင့် စားနပ်ရိက္ခာအကူအညီများ တင်ဆောင်ထားသည့် ကုန်သဘောင်္အစီး ၂၀ ကို ပထမအသုတ်အနေဖြင့် ရာဖာနယ်စပ်မှတစ်ဆင့် ဝင်ခွင့်ပေးရန် သဘောတူထားကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

ဂါဇာကမ်းမြောင်ဒေသနေပြည်သူ ၂ ဒသမ ၃ သန်းအနက် အများစုမှာ လက်ရှိစစ်ပွဲမဖြစ်မီကပင် နိုင်ငံတကာအကူအညီများကို အားထားနေကြရသူများဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုပိတ်ပင်ရေးစာချုပ် အတည်ပြုထားမှု ပြန်လည်ပယ်ဖျက်ရေးဥပဒေကြမ်း ရုရှားအောက်လွှတ်တော်အတည်ပြု

**မော်စကို အောက်တိုဘာ ၁၉**

နိုင်ငံတကာ နျူကလီးယားစမ်းသပ်မှုပိတ်ပင်ရေး သဘောတူစာချုပ်အတည်ပြုထားမှု ပြန်လည်ပယ်ဖျက်ရေးဥပဒေကြမ်းကို ရုရှားလွှတ်တော်အမတ်များက အောက်တိုဘာ ၁၈ ရက်တွင် အပြီးသတ်အတည်ပြုပေးခဲ့ကြောင်း သိရသည်။

ရုရှားအောက်လွှတ်တော်သည် အောက်တိုဘာ ၁၈ ရက်က နိုင်ငံတကာနျူကလီးယား စမ်းသပ်မှုပိတ်ပင်ရေးသဘောတူစာချုပ်(စီတီဘီတီ)ကို အတည်ပြုထားမှုပြန်လည်ပယ်ဖျက်ရေးဥပဒေကြမ်းကို ဒုတိယအကြိမ်နှင့်တတိယအကြိမ် ထပ်မံဖတ်ကြားဆွေးနွေးပြီးနောက် မဲခွဲအတည်ပြုခဲ့ခြင်းဖြစ်သည်။

ဒုတိယအကြိမ်နှင့် တတိယအကြိမ် ဖတ်ကြားဆွေးနွေးပွဲနှစ်ခုလုံးတွင် အဆိုပါဥပဒေကြမ်းကို ထောက်ခံမဲ ၄၁၅ မဲ၊ ကန့်ကွက်မဲမရှိဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယူကရိန်းပြဿနာကိုအကြောင်းပြု၍ အနောက်အုပ်စုနှင့်ဆက်ဆံရေးတင်းမာနေချိန်တွင် စီတီဘီတီသဘောတူစာချုပ်အတည်ပြုထားမှု ပြန်လည်ပယ်ဖျက်ရေးဥပဒေကြမ်းကို ရုရှားအောက်လွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

နျူကလီးယားစမ်းသပ်မှုများနှင့်ပတ်သက်၍ ရုရှားနိုင်ငံ၏ရပ်တည်ချက်ကို အမေရိကန်နိုင်ငံ၏ရပ်တည်ချက်နှင့်တန်းညီပေးရန် ရုရှားသမ္မတပူတင်က အောက်တိုဘာ ၅ ရက်တွင် အောက်လွှတ်တော်ကို တောင်းဆိုခဲ့သည်။

အမေရိကန်နိုင်ငံသည် ၁၉၉၆ ခုနှစ်တွင် ရယူခဲ့သည့် စီတီဘီတီစာချုပ်ကို လက်မှတ်ရေးထိုးထားသော်လည်း အတည်ပြုထားခြင်းမရှိကြောင်း သိရသည်။

Ref : RT

Trs : KKO



# ဟေတီအသွင်ကူးပြောင်းရေးကောင်စီ အတွင်းရေးမှူးချုပ် ပြန်ပေးဆွဲခံရ

**ပို့အော်ပရင့်စ် အောက်တိုဘာ ၁၉**

ဟေတီနိုင်ငံရေးအသွင်ကူးပြောင်းရေးကောင်စီ(အိတ်ချ်တီစီ) အတွင်းရေးမှူးချုပ်မှာ ပြန်ပေးဆွဲဖမ်းဆီးခံထားရကြောင်း အိတ်ချ်တီစီတာဝန်ရှိသူများက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဟေတီနိုင်ငံရေးအသွင်ကူးပြောင်းရေးကောင်စီသည် လာမည့်နှစ်တွင် ကျင်းပမည့်ရွေးကောက်ပွဲအတွက် လမ်းပြမြေပုံရေးဆွဲရေးတာဝန်ယူထားရသည့် အဖွဲ့ဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်တွင် အသွင်ကူးပြောင်းရေး ကောင်စီအတွင်းရေးမှူးချုပ် အန်တိုနီဗာဂျင်နီစိန့်ပျားမှာ လက်နက်ကိုင်လူတစ်စု၏ ပြန်ပေးဆွဲဖမ်းဆီးမှုခံထားရကြောင်း ဟေတီပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အန်တိုနီဗာဂျင်နီစိန့်ပျားကို ပြန်ပေးဆွဲခဲ့သူများမှာ ရဲတပ်ဖွဲ့ဝင်ဝတ်စုံများဝတ်ဆင်ထားပြီး ပို့အော်ပရင့်စ်မြို့တွင်မှာပင် ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

ဟေတီနိုင်ငံ၏ နောက်ဆုံးအကြိမ်ရွေးကောက်ပွဲကို ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့ပြီး နောက်ပိုင်းတွင် ရာဇဝတ်ဂိုဏ်းများ ကြီးစိုးလာမှုကြောင့် ရွေးကောက်ပွဲကျင်းပနိုင်မှုမရှိကြောင်း သိရသည်။


ရာဇဝတ်ဂိုဏ်းများကိုရင်ဆိုင်ရာတွင် ဟေတီရဲတပ်ဖွဲ့ကိုကူညီရေးအတွက် နိုင်ငံတကာတပ်ဖွဲ့တစ်ဖွဲ့ စေလွှတ်ပေးရန် ဟေတီဝန်ကြီးချုပ် အာရီယယ်ဟွန်နရီက လွန်ခဲ့သည့်တစ်နှစ်ကပင် ကုလသမဂ္ဂထံ တောင်းဆိုခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ဂျူနိုအာကာသယာဉ်က ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလမျက်နှာပြင်ကို ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၁၉**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျူနိုအာကာသယာဉ်သည် ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလမျက်နှာပြင်ကို ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

ဂျူနို အာကာသယာဉ်သည် အိုင်အိုဂြိုဟ်ရံလကို အောက်တိုဘာ ၁၅ ရက်က အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့စဉ်အတွင်း အဆိုပါဂြိုဟ်ရံလ၏ဓာတ်ပုံများကို ရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျူနိုအာကာသယာဉ်က ရိုက်ကူးခဲ့သည့် ဓာတ်ပုံများထဲတွင် အိုင်အိုဂြိုဟ်ရံလမျက်နှာပြင်ပေါ်ရှိ မြေမျက်နှာသွင်ပြင် အသေးစိတ်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အိုင်အိုဂြိုဟ်ရံလသည် ကြာသပတေးဂြိုဟ်၏ ပဉ္စမမြောက်အကြီးဆုံး ဂြိုဟ်ရံလဖြစ်ပြီး နေအဖွဲ့အစည်း၏ မီးတောင်လှုပ်ရှားမှု အပြင်းထန်ဆုံး ဂြိုဟ်ရံလလည်းဖြစ်ကြောင်း သိရသည်။

မီးတောင်လှုပ်ရှားမှုများကြောင့် အိုင်အိုဂြိုဟ်ရံလမျက်နှာပြင်ပေါ်တွင် ဆီလီကာချော်ရည် ရေပူရေအိုင်များ ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

ကြာသပတေးဂြိုဟ်သည် နေအဖွဲ့အစည်း၏ အကြီးမားဆုံးဂြိုဟ်ဖြစ်ပြီး ဂြိုဟ်ရံလ ၉၂ စင်းထိ ပိုင်ဆိုင်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ၂၀၃၅ ခုနှစ်တွင် ကမ္ဘာပတ်အာကာသစခန်း တည်ဆောက်ရန်နှင့် ၂၀၄၀ ပြည့်နှစ်တွင် လပေါ်သို့ အာကာသယာဉ်မှူးများ စေလွှတ်ရန် အိန္ဒိယစီစဉ်

**နယူးဒေလီ အောက်တိုဘာ ၁၉**

အိန္ဒိယနိုင်ငံသည် ၂၀၃၅ ခုနှစ်တွင် ကမ္ဘာပတ်အာကာသစခန်း တည်ဆောက်ရန်နှင့် ၂၀၄၀ ပြည့်နှစ်တွင် လပေါ်သို့ အာကာသယာဉ်မှူးများ စေလွှတ်ရန် စီစဉ်ထားကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံသည် လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ်တစ်စင်း အောင်မြင်စွာ စေလွှတ်နိုင်ခဲ့ပြီးနောက် ကမ္ဘာပတ်အာကာသစခန်း တည်ဆောက်မည့် အစီအစဉ်နှင့် လပေါ်သို့ လူသားများပို့ဆောင်မည့် အစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ချန်ဒရာယန်း-၃ လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ ဩဂုတ် ၂၃ ရက်က ဆင်းသက်နိုင်ခဲ့ရာ အိန္ဒိယနိုင်ငံအနေဖြင့် လပေါ်သို့ လဆင်းယာဉ် လွှတ်တင်နိုင်သည့် စတုတ္ထမြောက်ကမ္ဘာ့နိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။



အိန္ဒိယ အာကာသအေဂျင်စီသည် လက်ရှိအချိန်တွင် ဂါဂန်ယန်းအမည်ရှိ အာကာသလူသယ်ယာဉ်ကို ၂၀၂၅ ခုနှစ်တွင် စမ်းသပ်လွှတ်တင်ရန်စီစဉ်ထားသည်။

အဆိုပါမစ်ရှင်တွင် အိန္ဒိယအာကာသယာဉ်မှူး သုံးဦး လိုက်ပါသွားမည်ဖြစ်ကြောင်း အိန္ဒိယအမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

၂၀၃၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ကမ္ဘာမြေပြင်အထက် အမြင့် ၂၄၈ မိုင်အကွာတွင် အလေးချိန်တန် ၂၀ ရှိ အာကာသစခန်းတစ်ခု တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ၂၀၂၄ ခုနှစ်တွင် အာကာသမစ်ရှင်ပေါင်း ၁၄၄ ခုထိ လွှတ်တင်ရန် Space-X အာကာသနည်းပညာကုမ္ပဏီ စီစဉ်ထား

**ဝါရှင်တန် အောက်တိုဘာ ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ၂၀၂၄ ခုနှစ်တွင် အာကာသမစ်ရှင်ပေါင်း ၁၄၄ ခုထိ လွှတ်တင်ရန် စီစဉ်ထားကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

၂၀၂၄ ခုနှစ်တွင် မိမိတို့အနေဖြင့် တစ်လလျှင် ပျမ်းမျှမစ်ရှင် ၁၂ ခုနှုန်းဖြင့် တစ်နှစ်အတွင်း မစ်ရှင် ၁၄၄ ခုထိ လွှတ်တင်ရန် ရည်ရွယ်ထားကြောင်း Space-X အာကာသ နည်းပညာကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း မှာပင် အာကာသမစ်ရှင်ပေါင်း ၇၄ ခု လွှတ်တင်ထားပြီးနောက် လက်ကျန်နှစ်လခွဲအတွင်းတွင်လည်း မစ်ရှင်များ ထပ်မံလွှတ်တင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုနှစ် တစ်နှစ်လုံးအတွက်Space-X အာကာသနည်းပညာကုမ္ပဏီအနေဖြင့် မစ်ရှင်ပေါင်း ၁၀၀ ထိ လွှတ်တင်နိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း Space-X အာကာသ နည်းပညာကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

ယခုနှစ်အတွင်း လွှတ်တင်ထားသည့် မစ်ရှင်များအနက် ၆၀ ရာခိုင်နှုန်းမှာ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သည့် မစ်ရှင်များဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ပြီးခဲ့သည့်နှစ်က မူ အာကာသမစ်ရှင်ပေါင်း ၆၁ ခုထိ လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ဈေးသက်သာသော စိတ်ကျရောဂါဆေးတစ်မျိုးက IBS ရောဂါလက္ခဏာများကို လျှော့ချပေးနိုင်

**လန်ဒန် အောက်တိုဘာ ၁၉**

ဈေးနှုန်းသက်သာသည့် စိတ်ကျရောဂါဆေးတစ်မျိုးသည် အူလမ်းကြောင်းလှုပ်ရှားမှု မမှန်မှုရောဂါ (Irritable Bowel Syndrome-IBS) လူနာများ၏ရောဂါလက္ခဏာများကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားသည်။

Amitriptyline အမည်ရှိ အဆိုပါဆေးသည် Irritable Bowel Syndrome (IBS) ရောဂါလက္ခဏာများကို သိသိသာသာသက်သာစေနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များ၏အဆိုအရ သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် IBS လူနာ ၄၆၃ ဦးတို့ကို အုပ်စု နှစ်စုခွဲ၍ Amitriptyline ဆေး၏အာနိသင်ကို လေ့လာစမ်းသပ်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ အဆိုပါဆေးကို သုံးစွဲခဲ့သည့်လူနာများသည် ဆေးယောင်(Plecebo) ရယူခဲ့သူများနှင့်နှိုင်းယှဉ်ပါက နောင်ခြောက်လအကြာတွင် ရောဂါလက္ခဏာများ သက်သာနိုင်ခြေ နှစ်ဆမြင့်တက်လာကြောင်း သိရသည်။

IBS ရောဂါသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူဦးရေ ၂၀ လျှင် တစ်ဦး ရင်ဆိုင်နေရသည့် ရောဂါဖြစ်ကြောင်း၊ အဆိုပါရောဂါဖြစ်ပွားပါက ဗိုက်အောင့်ခြင်း၊ ဗိုက်ဖောရောင်ခြင်း၊ ဝမ်းလျှောခြင်း၊ ဝမ်းချုပ်ခြင်း စသည့်ပြဿနာများ ပေါ်လာတတ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ဒိန်ခဲကို ပုံမှန်စားသုံးမှုက သက်ကြီးပိုင်းများ၌ ဦးနှောက်ကျန်းမာရေး ပိုကောင်းလာမှုနှင့် ဆက်စပ်နေဖွယ်ရှိ

**တိုကျို အောက်တိုဘာ ၁၉**

ဒိန်ခဲကို ပုံမှန်စားသုံးမှုသည် သက်ကြီးပိုင်းများ၌ ဦးနှောက်ကျန်းမာရေး ပိုကောင်းလာမှုနှင့် ဆက်စပ်နေဖွယ်ရှိကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံမှ သုတေသနပညာရှင်များသည် ဒိန်ခဲကိုနေ့တိုင်းစားသုံးသူအသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပိုင်းဦးရေ ၁၅၀၀ ကျော်ကို လေ့လာစောင့်ကြည့်ခဲ့သည်။

လေ့လာစမ်းသပ်မှုမှပေါ်ထွက်လာသည့် ရလဒ်များအရ ဒိန်ခဲပုံမှန်စားသုံးသူများ၌ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် စမ်းသပ်မှုများတွင် ရလဒ်ပုံမှန်ထက်ပိုကောင်းကြောင်း သိရသည်။

ထို့ပြင် ဒိန်ခဲကို ပုံမှန်စားသုံးသူများတွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုပြဿနာ (Dementia) ဖြစ်နိုင်ခြေလည်းနည်းပါးကြောင်း ဂျပန်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဒိန်ခဲပုံမှန်စားသုံးမှုနှင့် သက်ကြီးပိုင်းများ၏ဦးနှောက်စွမ်းဆောင်ရည်မြင့်မားမှုတို့ကြား ဆက်စပ်မှုရှိသည်ကို တွေ့ရကြောင်း ဂျပန်သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

ဒိန်ခဲကို ပြည့်ဝဆီပမာဏမြင့်မားမှုကြောင့် စားသုံးမှုကန့်သတ်သင့်သည့်အစားအစာတစ်မျိုးအဖြစ် ယခင်က ရှုမြင်ခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



နိုင်ငံတကာ

**အားကစားသတင်းများ**

# ပရီးမီးယားလိဂ် ပွဲစဉ် (၉) ပွဲကြိုသုံးသပ်ချက်များ

ML

**လီဗာပူး Vs အဲဗာတန်**

**ကစားမည့်ရက်/အချိန် ၂၁-၁၀-၂၀၂၃ (ည ၀၆း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လီဗာပူး ၂ - ၀ အဲဗာတန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လီဗာပူး** | - | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |
| **အဲဗာတန်** | - | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** |

လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့ပွဲမှာ ဘရိုက်တန်ကို ရမှတ်ခွဲပေးခဲ့ရတာကြောင့် အခုဒါဘီပွဲစဉ်မှာ အိမ်ကွင်းအားသာချက်နဲ့ဖိအားပေးပြီး နိုင်ပွဲရှာလာမှာပါ။ အဲဗာတန်ကတော့ ကယ်ဘက်လေဝင်ပါဝင်လာတဲ့နောက် ကစားပုံတိုးတက်လာပေမဲ့ အခုပွဲစဉ်မှာ အသင်းလိုက်ကစားအားကောင်းနေတဲ့ လီဗာပူးကိုယှဉ်ကစားနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် တွေ့ဆုံမှုနဲ့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ လီဗာပူးကို ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - လီဗာပူး ၂ - ၀ အဲဗာတန်**

**ချဲလ်ဆီး Vs အာဆင်နယ်**

**ကစားမည့်ရက်/အချိန် ၂၁-၁၀-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အာဆင်နယ် ၃ - ၁ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ချဲလ်ဆီး** | - | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **ဝေး(နိုင်)** |
| **အာဆင်နယ်** | - | **ဝေး(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

ချဲလ်ဆီးအသင်းဟာ နောက်ဆုံးသုံးပွဲဆက် ရလဒ်ကောင်းခဲ့ပေမဲ့ အသင်းငယ်တွေနဲ့သာ ကစားခဲ့ရတာကိုတွေ့ရမှာပါ။ လက်ရှိ အာဆင်နယ်ကတော့ မန်စီးတီးကိုအနိုင်ရခဲ့လို့ ယုံကြည်မှုအားကောင်းနေတာကြောင့် ချဲလ်ဆီးအသင်းကို ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်မှာ သေချာပါတယ်။ အခုပွဲစဉ်မှာ နှစ်သင်းစလုံး ကစားသမားစုဖွဲ့မှုအားကောင်းနေပေမဲ့ တိုက်စစ်ပိုင်းနဲ့ ယုံကြည်မှုပြည့်ဝနေတဲ့အာဆင်နယ်ကိုသာ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ချဲလ်ဆီး ၁ - ၂ အာဆင်နယ်**

# အီတလီစီးရီးအေ ပွဲစဉ် (၉) ပွဲကြိုသုံးသပ်ချက်

ML

**ဗီရိုနာ Vs နာပိုလီ**

**ကစားမည့်ရက်/အချိန် ၂၁-၁၀-၂၀၂၃ (ည ၀၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗီရိုနာ ၀ - ၀ နာပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဗီရိုနာ** | - | **အိမ်(ရှုံး)** | **ဝေး(သရေ)** | **ဝေး(ရှုံး)** |
| **နာပိုလီ** | - | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **အိမ်(ရှုံး)** |


ဗီရိုနာဟာ ခံစစ်အားပြုကစားနေပေမဲ့ ကစားသမားအင်အားနည်းပါးမှုကြောင့် ရလဒ်ပိုင်းဆိုးရွားနေဆဲဖြစ်ပါတယ်။ နာပိုလီအသင်းကလဲ ပြီးခဲ့တဲ့ နှစ်ပွဲဆက်ရှုံးပွဲကြုံထားတာကြောင့် ဗီရိုနာလိုအသင်းနဲ့တွေ့ချိန်မှာ ရမှတ်ပြည့်ရရှိဖို့ အစွမ်းကုန်ပြင်ဆင်လာမှာပါ။ ဒါကြောင့် ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ နာပိုလီနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - ဗီရိုနာ ၁ - ၃ နာပိုလီ**

## အားကစားသတင်း အတိုအထွာများ

- ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် ဒူးအရွတ်ဒဏ်ရာရရှိခဲ့သည့် တိုက်စစ်မှူးနေမာအနေဖြင့် ဒဏ်ရာခွဲစိတ်ကုသမှုပြုလုပ်ရမည်ဖြစ်သောကြောင့် ရာသီကုန်ထိ အသင်း၏ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း ဟယ်ဟိုင်လာအသင်းက ထုတ်ပြန်ကြေညာခဲ့သည်။
- အင်တာမီယာမီအသင်းအနေဖြင့် play-off ကစားခွင့်ဆုံးရှုံးသွားသော်လည်း အသင်းတွင်သာဆက်လက်ရှိမည်ဖြစ်ပြီး အငှားစာချုပ်ဖြင့် မည်သည့်အသင်းမှ ပြောင်းရွှေ့မည်မဟုတ်ကြောင်း တိုက်စစ်မှူးမက်ဆီက ထုတ်ဖော်ပြောကြားခဲ့သည်။
- နယူးကာဆယ်ကွင်းလယ်ကစားသမား တိုနယ်လီအနေဖြင့် လောင်းကစားဥပဒေချိုးဖောက်မှုကြောင့် စစ်ဆေးမှုခံယူနေရပြီး ၁၂ လပွဲပယ်ပြစ်ဒဏ်ကျခံရန်နီးစပ်နေသဖြင့် နည်းပြဟိုဝီက ကွင်းလယ်ပိုင်းပြဿနာကိုဖြေရှင်းနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ML

# မန်ယူအသင်းက ခံစစ်ပိုင်းပြဿနာကိုဖြေရှင်းနိုင်ရန် အင်တာမီလန်အသင်းမှ ဒီမာကို ကိုခေါ်ယူရန် ထပ်မံကြိုးပမ်း



**မန်ချက်စတာ အောက်တိုဘာ ၁၉**

မန်ယူအသင်းသည် ဘယ်တောင်ပံခံစစ်ပိုင်းတွင် စီနီယာကစားသမားများဖြစ်သည့် လုခ်ရှော နှင့်မာလာစီယာတို့ ဒဏ်ရာကြောင့် ကာလရှည် အနားယူနေရသဖြင့် ခံစစ်ပိုင်းပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် အင်တာမီလန်အသင်းခံစစ်ကစားသမား ဒီမာကို ကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အင်တာမီလန်အသင်းသည် ဒီမာကိုအား လုပ်ခလစာတိုးမြှင့်၍ သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားသော်လည်း ရောင်းချရန်ပြင်ဆင်ထားပြီး ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ အလိုရှိကြောင်း တရားဝင်ထုတ်ပြန်ထားသဖြင့် မန်ယူအသင်းနည်းပြ တန်ဟတ်က လာမည့်အပြောင်းအရွှေ့ကာလတွင် ကမ်းလှမ်းမှုပြုလုပ်၍ ခေါ်ယူနိုင်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ မန်ယူအသင်း ဘယ်တောင်ပံခံစစ်ပိုင်းတွင် စပါးအသင်းမှခေါ်ယူထားသည့် ရီဂီလွန်ကိုသာ အသုံးပြုနေရသည့် နည်းပြတန်ဟတ်က ခံစစ်ပိုင်းလိုအပ်ချက်ကို အမြန်ဆုံးဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းနေသကဲ့သို့ ဒီမာကို ကိုခေါ်ယူရန်အတွက် ပီအက်စ်ဂျီအသင်းနှင့် အပြိုင်ကမ်းလှမ်းမှုပြုလုပ်ရမည်ဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြတန်ဟတ်လက်အောက်တွင် အမှတ်ပေးပြိုင်ပွဲ ရှစ်ပွဲတွင် လေးပွဲနိုင်၊ လေးပွဲရှုံး ရလဒ်ကြောင့် ရမှတ် ၁၂ မှတ်ရရှိခဲ့ပြီး အဆင့်(၁၀)နေရာသို့ရောက်ရှိနေသည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း နိုင်ပွဲမရခဲ့ဘဲ အမှတ်ပေးဇယား အောက်ဆုံးတွင် ရောက်ရှိနေသဖြင့် ဖိအားအောက် ကျရောက်လျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : ML

# ဒူဘိုင်းမာစတာကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ ကွာတားဖိုင်နယ်အဆင့်တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၁၉**

ယူအေအီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ဒူဘိုင်းမာစတာကြက်တောင်ပြိုင်ပွဲ ၁၆ ဦးရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့တွင်မြန်မာကြက်တောင်မယ် သက်ထားသူဇာနှင့်လူဇင်ဘတ်ကြက်တောင်မယ် ကင်စကာမစ်ရှ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ သက်ထားသူဇာက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

သက်ထားသူဇာသည် ၁၆ ဦးရှုံးထွက်အဆင့်တွင် လက်ရှိကမ္ဘာ့အဆင့်(၁၁၃)နေရာတွင် ရပ်တည်နေသည့် လူဇင်ဘတ်ကြက်တောင်မယ် စကာမစ်ရှ်နှင့် ကစားခဲ့ရာတွင်လည်း လက်ရည်အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ နှစ်ပွဲစလုံး ၂၁ မှတ် ရှစ်မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒူဘိုင်းမာစတာ ကြက်တောင်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် သက်ထားသူဇာသည် လက်ရှိကမ္ဘာ့အဆင့်(၃၁၀)တွင် ရပ်တည်နေသည့် အိန္ဒိယကြက်တောင်မယ် ဝလီရှိတီနှင့် အောက်တိုဘာ ၂၀ ရက်တွင် ဆက်လက်ကစားသွားရမည်ဖြစ်သည်။

သက်ထားသူဇာသည် ဒူဘိုင်းမာစတာပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပါက ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ ထိ ရရှိမည်ဖြစ်ကြောင်း သိရသည်။

STA



# Zozo Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မိုရီကာဝါ ဦးဆောင်



**တိုကျို အောက်တိုဘာ ၁၉**

ဂျပန်နိုင်ငံ ချိဘာစီရင်စု နာရာရှိနိုမြို့တွင် ကျင်းပနေသည့် Zozo Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားမိုရီကာဝါက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း သိရသည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားတစ်ဦးပင်ဖြစ်သည့် ရှယ်တန်က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ ဂျပန်ဂေါက်သီးရိုက်ကစားသမား ဟိုရီကာဝါ၊ အမေရိကန်ဂေါက်သီးရိုက်ကစားသမား အဲရစ်ကိုး၊ ဒိန်းမတ်ဂေါက်သီးရိုက်ကစားသမား ဟိုဂတ်၊ အာဂျင်တီးနားဂေါက်သီးရိုက်ကစားသမား အိမ်လီယာနိုတို့နှင့်အတူ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

မိုရီကာဝါက "Zozo Championship ဂေါက်သီးရိုက်ပြိုင်ပွဲဟာ ကျွန်တော့်ဖခင်ရဲ့ မွေးရပ်မြေမှာ ယှဉ်ပြိုင်ရတဲ့အတွက် ကိုယ့်အိမ်ကိုယ် ပြန်ရောက်လာသလိုမျိုးခံစားရပါတယ်။ ပထမနေ့မှာတော့ အမှားအနည်းဆုံးဖြစ်အောင်ကစားနိုင်ခဲ့သလို လိုချင်တဲ့ပုံစံကောင်းတစ်ခုကိုလဲရရှိခဲ့ပါတယ်။လက်ကျန်သုံးရက်မှာလဲ ပထမနေ့မှာတုန်းကလိုကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# အသက်(၂၅)နှစ်အောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၉**


၂၀၂၃ ခုနှစ် အသက်(၂၅)နှစ်အောက် ပြည်နယ်နှင့်တိုင်းဒေသကြီးပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၇ နာရီမှစ၍ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ဆက်လက်ကျင်းပခဲ့သည်။

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်၊ အမျိုးသား၊ အမျိုးသမီး ၁၀ မျိုးစုံ-၇ ပြိုင်ပွဲ အမျိုးသမီး ၇ မျိုးစုံပြိုင်ပွဲ၊ အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသားတုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀×၄ လက်ဆင့်ကမ်း၊ အမျိုးသား၊ အမျိုးသမီး မီတာ၂၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ စသည့်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲအလိုက် ပထမ၊ဒုတိယနှင့် တတိယဆုရရှိသူများကို ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အသက် (၂၅)နှစ်အောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးပြိုင်ပွဲများကို အောက်တိုဘာ ၂၀ ရက် နံနက် ၆ နာရီမှစ၍ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း အမှတ်(၁)တို့တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် တံခွန်စိုက်ဗိုင်းဆုပေးပွဲ အခမ်းအနားကို ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် ဒါဝင်နူနက်ကို လက်လွှတ်ရနိုင်သည်ဟု လီဗာပူးအသင်း ထုတ်ပြန်







**လန်ဒန် အောက်တိုဘာ ၁၉**

လီဗာပူးအသင်းသည် ဥရောပလက်ရွေးစင်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ကစားခဲ့ရသည့် တိုက်စစ်မှူး ဒါဝင်နူနက်ကို မာဆေးဆိုက်ဒါဘီပွဲစဉ်တွင် ကြံ့ခိုင်မှုမပြည့်ဝသည်အတွက် ပွဲထွက်ကစားသမားအဖြစ် အသုံးပြုနိုင်ရန် အခက်ကြုံနေရသည်ဟု ထုတ်ပြန်ခဲ့သည်။

အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူး ဒါဝင်နူနက်သည် ကမ္ဘာ့ဖလား နည်းပြ ကလော့ပ်ကလည်း ခြေစစ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘရာဇီးအသင်းနှင့် ပွဲစဉ်တွင် အသင်းအတွက် ခြေစွမ်းပြသ၍ ဦးဆောင်ဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဘရာဇီးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ပွဲအပြီးတွင် ကြွက်သားဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

၎င်းသည် လီဗာပူးအသင်းနှင့် အချိန်မီ ပူးပေါင်းခဲ့သော်လည်း အသင်းတာဝန်ရှိသူများက အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် ကြံ့ခိုင်မှုပြည့်ဝရန် လိုအပ်ချက်ရှိနေသဖြင့် ဒါဝင်နူနက်ကို ပွဲထွက်ကစားသမားအဖြစ်အသုံးပြုရန် စိုးရိမ်လျက်ရှိနေပြီး လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်နိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

နည်းပြ ကလော့ပ်ကလည်း တောင်အမေရိက ကစားသမားများဖြစ်သည့် ဒါဝင်နူနက်နှင့် လူးဝစ်ဒီယက်ဇ်တို့ကို အဲဗာတန်အသင်းနှင့် ပွဲစဉ်တွင် အနားပေးရန်စီစဉ်ထားပြီး ကွင်းလယ်ကစားသမား အယ်လစ်စတာကို ပွဲထွက်ကစားသမားအဖြစ် အသုံးပြုမည်ဟု ပြောကြားခဲ့ကာ ဆာလာဟ်၊ဂျိုတာတို့က တိုက်စစ်ပိုင်းကိုဦးဆောင်လာမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် တိုက်စစ်မှူး ဂက်ပို၊ ကာတစ်ဂျုန်းနှင့် အယ်ကန်တာရာတို့လည်း အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်နိုင်မည်မဟုတ်ကြောင်း လီဗာပူးအသင်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကြောင့် နေရှင်နယ်လိဂ်ပြိုင်ပွဲ လက်ကျန်ပွဲစဉ်ကျင်းပမည့်ရက်များ ပြောင်းလဲ

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူး ကျင်းပလျက်ရှိသည့် ၂၀၂၃ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ လက်ကျန်ပွဲစဉ်များကို မြန်မာ့လက်ရွေးစင်အသင်း၏ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲစဉ်များကြောင့် ပွဲစဉ်ကျင်းပမည့်ရက်များကို ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီက မြန်မာ့လက်ရွေးစင်အသင်း၏ ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ ပထမအဆင့်ကစားနေသည့် ကာလအတွင်းပြန်လည်ကျင်းပမည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ လက်ကျန်ပွဲစဉ်များကိုရွှေ့ဆိုင်းထားပြီး ကျန်ပွဲစဉ်ကျင်းပမည့်ရက်များကို အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သို့သော် မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ပထမအဆင့် ခြေစစ်ပွဲအောင်မြင်ပြီး ဒုတိယအဆင့်အုပ်စုပွဲစဉ်များ ဆက်လက်ကစားရမည် ဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများပိုမိုရရှိစေရန် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ကျင်းပမည့်ရက်များကို ပြန်လည်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ လက်ကျန်ပွဲစဉ်များ ကျင်းပမည့်ရက်များအတွက် မြန်မာနေရှင်နယ်လိဂ်ကော်မတီနှင့် ပြိုင်ပွဲဝင်အသင်းတာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပြီးနောက် လက်ကျန်ပွဲစဉ်များမှ ပွဲစဉ်(၁၆)၊ ပွဲစဉ်(၁၉)၊ ပွဲစဉ်(၂၀)၊ ပွဲစဉ်(၂၁)နှင့် ပွဲစဉ်(၂၂) ပွဲစဉ်များကို ပြန်လည်ရွှေ့ဆိုင်းကာ ပြောင်းလဲကျင်းပသွားမည်ဖြစ်ပြီး ပွဲစဉ်(၁၇)နှင့် ပွဲစဉ်(၁၈)ကိုသာ မူလသတ်မှတ်ထားသည့်အတိုင်း ကျင်းပသွားမည်ဖြစ်ပြီး ပွဲစဉ်(၁၇) ပွဲစဉ်များကို အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်ထိလည်းကောင်း၊ ပွဲစဉ်(၁၈)ပွဲစဉ်များကို အောက်တိုဘာ ၂၆ ရက်မှ ၃၀ရက်ထိကျင်းပသွားမည်ဖြစ်သည်။

အလားတူ ရှမ်းယူနိုက်တက်အသင်းနှင့် ဗိုင်းနမစ်ဟက်ဆီဘူးအသင်းတို့ကစားမည့် အေအက်ဖ်စီဖလားအုပ်စုပွဲစဉ်ကိုလည်း အပြောင်းအလဲပြုလုပ်မည်မဟုတ်ဘဲ မူလသတ်မှတ်ထားသည့် အောက်တိုဘာ ၂၆ ရက်တွင်သာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**STA**

# စပိန်လာလီဂါ ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်

**STA**

**ဆီဗီလာ Vs ရီးရဲလ်မက်ဒရစ်**

**ကစားမည့်ရက်/အချိန် ၂၁-၁၀-၂၀၂၃ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆီဗီလာ ၁ - ၂ ရီးရဲလ်မက်ဒရစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | - | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(သရေ) |
| ရီးရဲလ်မက်ဒရစ် | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ ဆီဗီလာအသင်းရဲ့ခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိလို့ အိမ်ကွင်းဆိုပေမဲ့ ရှုန်းကန်ရမှာပါ။ ရီးရဲလ်မက်ဒရစ်အသင်းကတော့ သုံးပွဲဆက်နိုင်ပွဲရခဲ့သလို ဆီဗီလာအသင်းနဲ့တွေ့ဆုံတိုင်းလဲ ရလဒ်ကောင်းလေ့ရှိပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းပဲ နိုင်ပွဲဆက်သွားမှာပါ၊

**အင်တာနက်ခန့်မှန်း - ဆီဗီလာ ၁ - ၃ ရီးရဲလ်မက်ဒရစ်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၈) ပွဲကြိုသုံးသပ်ချက်များ

**STA**

**ဖရိုင်းဘတ် Vs ဘိုချမ်**

**ကစားမည့်ရက်/အချိန် ၂၁-၁၀-၂၀၂၃ (ည ၈:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုချမ် ၀ - ၂ ဖရိုင်းဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(သရေ) |
| ဘိုချမ် | - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(ရှုံး) |

ဖရိုင်းဘတ်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းမတည်ငြိမ်ပေမဲ့ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်လို့ ဘိုချမ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးနိုင်မှာပါ။ ဘိုချမ်အသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ခြေစွမ်းပိုင်းဆိုးရွားနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ ဖရိုင်းဘတ်အသင်းကိုပဲ အားပေးရမှာပါ၊

**အင်တာနက်ခန့်မှန်း - ဖရိုင်းဘတ် ၂ - ၀ ဘိုချမ်**

**ဒမ်စတက် Vs လိုက်ပ်ဇစ်**

**ကစားမည့်ရက်/အချိန် ၂၁-၁၀-၂၀၂၃ (ည ၈:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုက်ပ်ဇစ် ၄ - ၀ ဒမ်စတက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဒမ်စတက် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| လိုက်ပ်ဇစ် | - | အိမ်(သရေ) | အိမ်(ရှုံး) | အိမ်(သရေ) |

ဒမ်စတက်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲရယူပြီး ပုံစံကောင်းပြသနေတယ်ဆိုပေမဲ့ လိုက်ပ်ဇစ်အသင်းနဲ့တွေ့ဆုံတိုင်း ရှုန်းကန်ရလေ့ရှိပါတယ်။ လိုက်ပ်ဇစ်အသင်းကတော့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားလို့ အခုပွဲစဉ်မှာနိုင်ပွဲပြန်လည်ရရှိအောင် ကြိုးစားလာမှာပါ။ ဒါကြောင့် ဒီပွဲမှာ အဝေးကွင်းဆိုပေမဲ့ တွေ့ဆုံမှုတိုင်းအသာစီးရရှိထားတဲ့ လိုက်ပ်ဇစ်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ဒမ်စတက် ၁ - ၃ လိုက်ပ်ဇစ်**

# ပြင်သစ်လီဂူး ပွဲစဉ် (၉) ပွဲကြိုသုံးသပ်ချက်

**STA**

**ပီအက်စ်ဂျီ Vs စထရာဘော့**

**ကစားမည့်ရက်/အချိန် ၂၁-၁၀-၂၀၂၃ (ည ၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စထရာဘော့ ၁ - ၁ ပီအက်စ်ဂျီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | - | ဝေး(သရေ) | ဝေး(ရှုံး) | ဝေး(နိုင်) |
| စထရာဘော့ | - | အိမ်(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |

ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ စထရာဘော့အသင်းအတွက် အဝေးကွင်းမှာ ပီအက်စ်ဂျီအသင်းကို ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့ မဖြစ်နိုင်ပါဘူး။ ပီအက်စ်ဂျီအသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းကျဆင်းနေတယ်ဆိုပေမဲ့ စထရာဘော့အသင်းကိုအနိုင်ယူဖို့ ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ပီအက်စ်ဂျီ ၃ - ၀ စထရာဘော့**

# ပြည်တွင်းကန့်သတ်ချက်များကြောင့် ကာကွယ်ရေးစက်မှုလုပ်ငန်းနှေးကွေးနေဆဲ ဂျပန်



နှစ်နှစ်လျှင် တစ်ကြိမ်ပြုလုပ်သည့် နိုင်ငံတကာ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာပစ္စည်းများ (DSEI) ပြပွဲကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်ထိ လန်ဒန်၌ပြုလုပ်ခဲ့ပြီး ကာကွယ်ရေးနှင့်နှီးနွယ်သောကုမ္ပဏီ ၂၈၀၀ ကျော်သည် စစ်လက်နက်ပစ္စည်းများ ပါဝင်ခင်းကျင်းပြသခဲ့သည်။

Fujitsu နှင့် NEC ကဲ့သို့သော ဦးဆောင်ကုန်ထုတ်လုပ်သူများအပါအဝင် ဂျပန်ကုမ္ပဏီ ရှစ်ခုသည် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့်အတူ ၂၀၁၇ ခုနှစ်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ပြသခဲ့သည်။ ကာကွယ်ရေးပစ္စည်းကုမ္ပဏီများသည် စစ်ရေယာဉ်များကို ခွဲခြားစိတ်ဖြာနိုင်သည့် AI အသုံးချဆော့ဖ်ဝဲလ်မှ ဒဏ်ရာရလူနာများနှင့် နာမကျန်းသူများကို ခွဲစိတ်ကုသမှုပေးနိုင်ပြီး လေယာဉ်တစ်စင်းပေါ်တွင် တပ်ဆင်နိုင်သည့် ရွှေ့ပြောင်းဆေးတပ်ဖွဲ့ထိပါဝင်သော နောက်ဆုံးပေါ်နည်းပညာနှင့် ထုတ်ကုန်များကို ခင်းကျင်းပြသခဲ့သည်။

ဂျပန်နိုင်ငံတွင်လည်း မတ်လအတွင်းက DSEI ပြပွဲကို လေးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ်သုံးရက်ကြာကျင်းပပြုလုပ်ခဲ့ရာ ကုမ္ပဏီ ၂၅၀ ကျော်ပါဝင်ပြသခဲ့သဖြင့် ယခင်ပြုလုပ်ခဲ့သော ပြပွဲထက်ကုမ္ပဏီ ၅၀ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့သည်။ ထို့ကြောင့် ပြည်ပနိုင်ငံများရှိ အစိုးရများနှင့် ကုမ္ပဏီများကို ကာကွယ်ရေးပစ္စည်းရောင်းချမှုတိုးချဲ့ခြင်းအပြင် နည်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုတို့မှတစ်ဆင့် နိုင်ငံတကာ မိတ်ဖက်ဆက်ဆံရေးတောင့်တင်းခိုင်မာအောင်ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ခြင်းအားဖြင့် ဂျပန်နိုင်ငံ၏ကာကွယ်ရေးစက်မှုလုပ်ငန်းတိုးတက်လာစေရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အရှေ့အာရှ၌ လုံခြုံရေးဆိုင်ရာပတ်ဝန်းကျင်သည် မတည်မငြိမ်ဖြစ်လာလျက်ရှိသောကြောင့် ဂျပန်နိုင်ငံသည် လက်ရှိအချိန်တွင် ၎င်း၏ကာကွယ်ရေးစက်မှုလုပ်ငန်းတောင့်တင်းခိုင်မာလာစေရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

သို့သော် ဂျပန်နိုင်ငံ၏ကာကွယ်ရေးစက်မှုလုပ်ငန်းသည် တိုင်းပြည်၏ကာလရှည်ကြာ စစ်ဆန့်ကျင်ရေးရပ်တည်ချက်နှင့် သမိုင်းကြောင်းအရ နိုင်ငံတကာ ပဋိပက္ခများအားပေးမှုကို မနှစ်မြို့ခြင်း စသည့်စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ ၁၉၆၇ ခုနှစ်တွင် ဂျပန်အစိုးရသည် နိုင်ငံတကာပဋိပက္ခ အားပေးမှုကို ရှောင်ရှားသည့်ရပ်တည်ချက်ဖြစ်သော စစ်လက်နက်ပစ္စည်းများတင်ပို့မှုဆိုင်ရာ မူဝါဒသုံးရပ်ကို ချမှတ်ခဲ့သည်။ ထို့ပြင် ၁၉၇၆ ခုနှစ် အစိုးရထုတ်ပြန်ချက်တစ်ရပ်သည်လည်း လက်နက်တင်ပို့မှုများကို လုံးလုံးလျားလျား တားမြစ်ထားရှိသည်။

သို့သော် မကြာသေးမီက အရှေ့အာရှတွင်ဖြစ်ပေါ်လာသော မတည်ငြိမ်မှုများသည် ဂျပန်နိုင်ငံတွင်စိုးရိမ်ပူပန်မှုများ မြင့်တက်လာစေခဲ့သည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏ စစ်ရေးအင်အားကြီးထွားလာမှုနှင့် တရုတ်(တိုင်ပေ)အပေါ် ခြိမ်းခြောက်မှုအလားအလာအပြင် မြောက်ကိုရီးယား၏ ချူကလီးယားလက်နက်များ ဆက်လက်သုတေသနပြု တည်ဆောက်နေမှုနှင့် ဒုံးကျည်အကြိမ်ကြိမ်စမ်းသပ်ပစ်ခတ်မှုတို့နှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုမြင့်တက်နေခြင်းပင်ဖြစ်သည်။ အစိုးရနှင့်ပြည်သူများသည် အဆိုပါခြိမ်းခြောက်မှုများကြားချောင်ပိတ်နိုင်မှုအပေါ် အလွန်အမင်းစိုးရိမ်ပူပန်လာလျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် အစိုးရသည် လာမည့် ငါးနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ်ကို လက်ရှိအခြေအနေထက် ၁ ဒသမ ၆ ဆ ခန့်ရှိသော အမေရိကန်ဒေါ်လာ ၃၁၅ ဘီလီယံထိ တိုးမြှင့်သုံးစွဲရေး စီစဉ်ထားရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဂျပန်နိုင်ငံသည် ပဋိပက္ခဖြစ်ပွားသည့်အခြေအနေတွင် တိုင်းပြည်၏ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (SDF)များအနေဖြင့် ဆက်လက်ထိန်းသိမ်းကိုင်တွယ်နိုင်မှု ခိုင်မာသေချာစေရေး စစ်လက်နက်ပစ္စည်းများနှင့်ခဲယမ်းများအလုံအလောက်ရှိစေရန် သုတေသနပြု တည်ဆောက်ထုတ်လုပ်လျက်ရှိသည်။ အစိုးရသည် ၂၀၁၄ ခုနှစ်တွင် ယခင်ဥပဒေများကို အစားထိုးလျက် ကာကွယ်ရေးပစ္စည်းနှင့် နည်းပညာလွှဲပြောင်းရေးဆိုင်ရာ မူဝါဒသုံးရပ်ကိုကျင့်သုံးခဲ့သဖြင့် ကယ်ဆယ်ရေး၊ ပို့ဆောင်ရေး၊ ကြိုတင်သတိပေး၊ကင်းထောက်ခြင်းနှင့် မိုင်းရှင်းလင်းရေးစသည့် နယ်ပယ်များတွင် အသုံးပြုသည့် ပစ္စည်းငါးမျိုးအပေါ် ပြည်ပတင်ပို့ခွင့်တားမြစ်ထားမှုများကို ရုပ်သိမ်းပေးခဲ့သည်။

သို့သော် မစ်ဆူဘီရှီအီလက်ထရွန်နစ်ကုမ္ပဏီနှင့် ဖိလစ်ပိုင်အမျိုးသားကာကွယ်ရေးဌာနတို့ကြား ၂၀၂၀ ပြည့်နှစ်တွင် ချုပ်ဆိုခဲ့သော အမေရိကန်ဒေါ်လာသန်း ၁၀၀ တန်ဖိုးရှိသည့် ဝေဟင်ကင်းထောက်ရေဒါ လေးစုံဝယ်ယူရေး ကန်ထရိုက်စာချုပ်နှင့်စပ်လျဉ်းသည့် ထုတ်ကုန်များတင်ပို့ရေးအပေါ်တွင်မူ ကန့်သတ်ချက်များဖြစ်ပေါ်နေဆဲပင်ဖြစ်သည်။ ထို့ကြောင့် ကာကွယ်ရေးစက်မှုလုပ်ငန်း တောင့်တင်းခိုင်မာမှုတိုးမြှင့်ရေးကြိုးပမ်းရာတွင် လိုအပ်ချက်များရှိနေကြောင်း အထင်အရှား ပေါ်လွင်လျက်ရှိသည်။

လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုအတွင်း ဂျပန်ကုမ္ပဏီ ၁၀၀ ကျော်သည် ကာကွယ်ရေးစက်မှုလုပ်ငန်းကဏ္ဍမှ နုတ်ထွက်သွားခဲ့သည်။ အဆိုပါ နုတ်ထွက်မှုတွင် အသေးစားနှင့် အလတ်စားကုမ္ပဏီများအပြင် ကာကွယ်ရေးပစ္စည်းများ အဓိကထုတ်လုပ်လျက်ရှိသည့် ကုမ္ပဏီကြီးများဖြစ်သော Komatsu ၏အပေါ့စားသံချပ်ကာယာဉ် ထုတ်လုပ်မှုမှ နုတ်ထွက်ခြင်းနှင့် Sumitomo အကြီးစားစက်မှုလုပ်ငန်းများ၏ စက်သေနတ်ထုတ်လုပ်မှုမှ နုတ်ထွက်ခြင်းတို့ပါဝင်သည်။

အဆိုပါနုတ်ထွက်မှုများက ဂျပန်ကန်ထရိုက်တာများအနေဖြင့် SDF နှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် အကန့်အသတ်ဖြင့် လုပ်ဆောင်လာသည်ဆိုသောအချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အမေရိကန်တွင် ကာကွယ်ရေးကဏ္ဍ၌ အဓိက ကာကွယ်ရေးပစ္စည်း ထုတ်လုပ်သော ကန်ထရိုက်တာများ၏ ရောင်းချမှုနှုန်းသည် ၉၀ ရာခိုင်နှုန်းရှိပြီး ဂျပန်နိုင်ငံတွင်မူ ၁၀ ရာခိုင်နှုန်းအောက်တွင်သာ ရှိနေသည်။ ဂျပန်ကန်ထရိုက်တာများသည် အရပ်ဘက်အသုံးပြုမှုအတွက်သာ အများဆုံးရောင်းချရပြီး ကာကွယ်ရေးဆိုင်ရာအသုံးပြုမှုအတွက် အရင်းအမြစ်များအပေါ် အာရုံစိုက်ဆောင်ရွက်ရန် အခက်အခဲ ဖြစ်ပေါ်လျက်ရှိသောကြောင့် ဂျပန်ကန်ထရိုက်တာများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့် အကျိုးအမြတ်ရရှိမှုနည်းပါးလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် အမေရိကန် ကန်ထရိုက်တာများအနေဖြင့် အကျိုးအမြတ် ၁၀ ရာခိုင်နှုန်းကျော်ရရှိသော်လည်း ဂျပန်ကန်ထရိုက်တာများအနေဖြင့်မူ ငါးရာခိုင်နှုန်းအောက်သာ ရရှိသည်။

အခြားအကြောင်းရင်းတစ်ရပ်မှာ မကြာသေးမီနှစ်များအတွင်း အမေရိကန်အစိုးရ၏ တောင်းဆိုမှုကြောင့် ဂျပန်နိုင်ငံသည် အမေရိကန်ထံမှစစ်လက်နက်ပစ္စည်းများတိုးမြှင့်ဝယ်ယူရလျက်ရှိသဖြင့် ပြည်တွင်းထုတ်ပစ္စည်းများကို ဝယ်ယူအားပေးမှုအပေါ် ဖိအားဖြစ်စေခဲ့သည်။ ဂျပန်အမှုဆောင်အရာရှိတစ်ဦးက မိမိတို့အနေဖြင့် အစိုးရနှင့်ယုံကြည်မှု ဆက်လက်ထိန်းသိမ်းနိုင်ရန် ကာကွယ်ရေးစက်မှုလုပ်ငန်းကို လုပ်ဆောင်လျက်ရှိသော်လည်း စီးပွားရေးလုပ်ငန်းအဖြစ်ဆွဲဆောင်မှုမရှိတော့ကြောင်း ပြောကြားသွားခဲ့သည်။ ဂျပန်ကာကွယ်ရေးစက်မှုလုပ်ငန်း အောင်မြင်ရေးအတွက် သိသာထင်ရှားသောအဖြေတစ်ရပ်မှာ ပြည်ပတင်ပို့မှုတိုးမြှင့်သွားရန်ပင် ဖြစ်သည်။ သို့သော် အပြောလွယ်သလောက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် လွယ်ကူမည်မဟုတ်ချေ။ ဂျပန်နိုင်ငံ၏ ကာလရှည်ကြာဖြစ်ပေါ်နေသော ကန့်သတ်ချက်များသည် ကမ္ဘာလုံးဆိုင်ရာဈေးကွက်တွင် ထိုးဖောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ထိရောက်သောနည်းပညာ ရှာဖွေရာ၌ အတားအဆီးဖြစ်ပေါ်စေလျက်ရှိသည်။

ကာကွယ်ရေးစက်မှုလုပ်ငန်းတွင် ဖြစ်ပေါ်လျက်ရှိသော လက်ရှိအကျပ်အတည်း၏ နောက်ကွယ်မှ အကြောင်းတရားသည် ဂျပန်နိုင်ငံ၏ ဒုတိယကမ္ဘာစစ်ပွဲအလွန် နောင်တအပေါ် မူတည်နေခြင်းပင်ဖြစ်သည်။ စစ်ဆန့်ကျင်သည့် နိုင်ငံအဖြစ် တိုင်းပြည်၏ ရပ်တည်နေမှုသည် ကာကွယ်ရေးစွမ်းဆောင်ရည်များ တည်ဆောက်မှုမှန်သမျှကို ကန့်သတ်ချက်ဖြစ်ပေါ်စေလျက်ရှိသည်။ သို့သော် NHK သတင်းဌာန၏စစ်တမ်းများအရ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲရေးအပေါ် ဂျပန်ပြည်သူများ၏ထောက်ခံမှုနှင့်ဆန့်ကျင်ကန့်ကွက်မှုတို့သည် နှစ်ခြမ်းကွဲလျက်ရှိသည်။ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲရေးအလို့ငှာ အခွန်ငွေတိုးမြှင့်ကောက်ခံသွားမည့် အစိုးရ၏အဆိုပြုချက်အပေါ် ၂၃ ရာခိုင်နှုန်းကသာ ထောက်ခံပြီး ၆၄ ရာခိုင်နှုန်းက ကန့်ကွက်ခဲ့သည်။

ဂျပန်ပြည်သူများစွာသည် တရုတ်၊ မြောက်ကိုရီးယားနှင့်ရုရှားတို့ထံမှ စစ်ရေးဆိုင်ရာခြိမ်းခြောက်မှုများ မြင့်တက်လာလျက်ရှိသည်ကို သတိထားမိသည့်တိုင်အောင် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ သတိထားဆောင်ရွက်နေဆဲဖြစ်ကြောင်းကို အဆိုပါစစ်တမ်းများက ရည်ညွှန်းဖော်ပြလျက်ရှိသည်။ ဂျပန်ကာကွယ်ရေး စက်မှုလုပ်ငန်းဆိုင်ရာ ကန်ထရိုက်တာများသည် အဆိုပါအခြေအနေကို သိရှိသဘောပေါက်ထားသဖြင့် ကာကွယ်ရေးဆိုင်ရာစက်မှုလုပ်ငန်းများတွင် ၎င်းတို့၏ပါဝင်ဆောင်ရွက်မှုကိုလူသိရှင်ကြား ထုတ်ဖော်ပြောဆိုသွားလိုသည့်ဆန္ဒ မရှိကြပေ။

ဂျပန်အစိုးရသည် ကာကွယ်ရေးစက်မှုလုပ်ငန်း အခြေခိုင်မာစေရန်အတွက် လက်ရှိအချိန်တွင် ကာကွယ်ရေးပစ္စည်း လွှဲပြောင်းမှုနှင့်စပ်လျဉ်းသည့် မူဝါဒသုံးရပ်၏လုပ်ငန်းလမ်းညွှန်ချက်များကို ဖြေလျှော့ပေးရန် စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိသည်။ အခြားသောနိုင်ငံများနှင့် ပူးတွဲသုတေသနပြုထုတ်လုပ်ထားသောပစ္စည်းများကို အခြားနိုင်ငံများသို့ တင်ပို့ခွင့်ပြုရန် ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း၌ ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဂျပန်နိုင်ငံနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံများသို့လည်း တိကျသော မူဘောင်အတွင်း၌ သေကျေထိခိုက်စေနိုင်သည့် ကာကွယ်ရေးပစ္စည်းများ တင်ပို့ခွင့်ပြုသွားမည့် အလားအလာရှိနေသည်။

ဂျပန်နိုင်ငံသည် နိုင်ငံရေးဆိုင်ရာဆွေးနွေးမှုများကိုအခြေခံလျက် အနာဂတ်တွင်စစ်လက်နက်ပစ္စည်းများ တိုးချဲ့တင်ပို့မှုကို အရှိန်မြှင့်တင်ဆောင်ရွက်သွားနိုင်ဖွယ်ရာ ရှိနေသည်။ ပဋိပက္ခကြုံတွေ့နေရသည့် နိုင်ငံများတွင် စစ်လက်နက်ပစ္စည်း ထောက်ပံ့ကူညီခြင်းအပြင် လုံခြုံရေးဆိုင်ရာများတွင် အခြားသောနိုင်ငံများနှင့် မိတ်ဖက်ဆက်ဆံရေး ထူထောင်ခြင်းအပါအဝင် နယ်စပ်ဖြတ်ကျော် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအမြင်တို့ကြောင့် ကိုယ်ပိုင်ကာကွယ်ရေး စက်မှုလုပ်ငန်း တောင့်တင်းခိုင်မာအားကောင်းစေရန်သည် ဂျပန်နိုင်ငံအတွက် များစွာအရေးပါလျက်ရှိပေသည်။ သို့သော်ကာကွယ်ရေးစက်မှုလုပ်ငန်း တိုးမြှင့်ရေးအတွက် ပြည်သူများကြားတွင် စိုးရိမ်ပူပန်မှု မြင့်တက်လျက်ရှိသောကြောင့် ပွင့်လင်းမြင်သာသော ဆွေးနွေးမှုလုပ်ငန်းစဉ်များနှင့် မူဝါဒချမှတ်ခြင်းတို့သည် အစိုးရ၏တာဝန်သာဖြစ်ပြီး ဂျပန်ပြည်သူများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝ ရှိသွားရန်လိုအပ်ပေသည်။

❖ အမေရိကန်တွင် ကာကွယ်ရေးကဏ္ဍ၌ အဓိက ကာကွယ်ရေးပစ္စည်းထုတ်လုပ်သော ကန်ထရိုက်တာများ၏ ရောင်းချမှုနှုန်းသည် ၉၀ ရာခိုင်နှုန်းရှိပြီး ဂျပန်နိုင်ငံတွင်မူ ၁၀ ရာခိုင်နှုန်းအောက်တွင်သာ ရှိနေသည်။ ဂျပန်ကန်ထရိုက်တာများသည် အရပ်ဘက်အသုံးပြုမှုအတွက်သာ အများဆုံးရောင်းချရပြီး ကာကွယ်ရေးဆိုင်ရာအသုံးပြုမှုအတွက် အရင်းအမြစ်များအပေါ် အာရုံစိုက်ဆောင်ရွက်ရန် အခက်အခဲ ဖြစ်ပေါ်လျက်ရှိသောကြောင့် ဂျပန်ကန်ထရိုက်တာများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့် အကျိုးအမြတ်ရရှိမှု နည်းပါးလျက်ရှိသည်။ ❖

**ကိုးကား**

- **Japan's Defense Industry Is Hindered by Self-Imposed Constraints By The Diplomat.**

**မောင်စိန်အိ (နဘဲမြေ)**

# ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်တွင် သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ပျော်ပြေရေးအစီအစဉ်များဖြင့် ကျင်းပသွားမည်



**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ်တွင် သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ပျော်ပြေရေး အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်က ပြောပြ၍ သိရသည်။

အဆိုပါပွဲတော်ကို အောက်တိုဘာ ၂၇ ရက်မှစတင်ကာ အောက်တိုဘာ ၃၀ ရက်ထိ နေ့စဉ် နံနက် ၇ နာရီမှ ည ၉ နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်တွင် မီးပန်းဆိုင်းများ၊ အလှဆင်မီးများကို သစ်ပင်များတွင် ထွန်းညှိသွားမည်ဖြစ်ပြီး မီးပန်းဆိုင်းဖြင့် ရုပ်လုံးရုပ်ကြွများ သရုပ်ဖော်ခြင်းများပါဝင်မည့်အပြင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်မှ စည်ပင်သာယာရေးအဖွဲ့များ၏ ပန်းအလှပြကွက်များကိုလည်း ထည့်သွင်း ပြသမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးရဲ့ သီတင်းကျွတ် မီးထွန်းပွဲတော်နဲ့ ဈေးရောင်းပွဲတော်ကို ပြည်သူ့ရင်ပြင်နဲ့ ပြည်သူ့ဥယျာဉ်မှာ အောက်တိုဘာ ၂၇ ရက်ကနေစပြီး အောက်တိုဘာ ၃၀ ရက်ထိ ကျင်းပသွားမှာပါ။ ဈေးရောင်းပွဲတော်မှာ ဈေးဆိုင်ခန်းပေါင်း ၁၇၀ လောက် ပါဝင်မှာဖြစ်ပါတယ်"ဟု ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်က ပြောပြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အသေးစားအလတ်စားနှင့် အငယ်စားစက်မှုလက်မှုလုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများ၊ စက်မှုဇုန်များမှ ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချပေးမည့် ဈေးရောင်းပွဲတော်ကိုလည်း ထည့်သွင်း ကျင်းပသွားမည်ဖြစ်သည့်အပြင် ပွဲတော်လာဧည့်သည်များ အပန်းဖြေ စားသောက်နိုင်ရန် စားသောက်ဆိုင်တန်းများနှင့် ပျော်ပြေရေးအတွက် အနုပညာစင်မြင့်ကိုပါ ထည့်သွင်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# မပဲဝါနှင့်တာတေ ဇာတ်လမ်းတွဲကို Hey Play Application နှင့် Hey Play YouTube Channel တို့မှ ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၉**

မပဲဝါနှင့်တာတေ ဇာတ်လမ်းတွဲကို အောက်တိုဘာလအတွင်း Hey Play Application နှင့် Hey Play YouTube Channel တို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

မပဲဝါနှင့်တာတေ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို စာရေးဆရာ တာတေက ရေးသားထားခြင်းဖြစ်ကာ ဇာတ်ညွှန်းကို ဖိုးကျော်(သန့်လျင်)က ရေးသားထားပြီး ဒါရိုက်တာ သီဟမင်းညီက ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"တစ်ခေတ်တစ်ခါက ရွာတစ်ရွာမှ ဖြစ်ပျက်ခဲ့တဲ့ စိတ်နယ်လွန် ဇာတ်လမ်းတစ်ပုဒ်ပါ။ ပရလောကသားတွေနဲ့ လူသားတွေကြားက ဖြစ်လေ့ရှိတဲ့ပဋိပက္ခတွေကို




စိတ်ကူးပုံဖော်ထားတာဖြစ်ပါတယ်။ သဘာဝလွန် စိတ်နယ်လွန်ဖြစ်ရပ်တွေဖြစ်တဲ့အတွက် ပရိသတ်တွေအနေနဲ့ သဘာဝယုတ္တိထက် ပျော်ပြေရေးအသွင်နဲ့ပဲ ကြည့်ရှုပေးကြဖို့ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲကိုတော့ Channel K မှာလဲ ပြသခဲ့ပြီးဖြစ်သလို ပရိသတ်တွေ လက်ခံအားပေးမှုလဲ ရခဲ့ပါတယ်"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် လင်းအောင်၊ မင်းသူ၊ နေရဲလင်း၊ ညီညီမင်းထက်၊ ကျော်ဝင်းထွဋ်၊ စံပယ်မိုး၊ ခင်စိုးပိုင် စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ဘုန်းရောင်လျှံ ရုပ်ရှင်ထုတ်လုပ်ရေးနှင့် သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းတို့က လှည်းကူးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်နှင့် အလှူငွေများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၉**

ဘုန်းရောင်လျှံ ရုပ်ရှင်ထုတ်လုပ်ရေးနှင့် သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းတို့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ကလီထော်ကျေးရွာမှ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်နှင့် အလှူငွေများကို အောက်တိုဘာ ၁၈ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကလီထော်ကျေးရွာရှိ ရေဘေးသင့်ပြည်သူဦးရေ ၂၀၀ စာအတွက် ခေါက်ဆွဲခြောက်ထုပ် တစ်ဒါဇင်နှင့် လူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဆောင်းကိုယ်တိုင်လဲ ခုရက်ပိုင်း ပဲခူးရေဘေး အလှူလေးတွေ သွားလှူပေးဖြစ်တယ်။ အခုက ဘုန်းရောင်လျှံရုပ်ရှင်ထုတ်လုပ်ရေး ပိုင်ရှင် ကိုဂျက်တို့နဲ့ လှည်းကူး ကလီထော်ကျေးရွာမှာ ခေါက်ဆွဲခြောက်ထုပ်တွေနဲ့ အလှူငွေလှူဒါန်းခဲ့တာပါ။ အခုလို ဘုန်းရောင်လျှံရုပ်ရှင်ထုတ်လုပ်ရေးနဲ့ လက်တွဲပြီး ဆောင်း အလှူလေး လိုက်လှူခွင့်ရတဲ့အတွက်လဲ ပျော်ပါတယ်"ဟု သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက ပြောပြသည်။

သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းနှင့်အလှူရှင်များသည် အောက်တိုဘာ ၁၂ ရက်ကလည်း ပဲခူးတိုင်းဒေသကြီးရှိ အထွေထွေရောဂါကုဆေးရုံ(ခုတင် ၅၀၀)နှင့် ရွှေနံ့သာ ရေဘေး ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား အလှူငွေများ သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။ ASH

# A Guy Walks into a Bar ၌ ကူမေးနန်ဂျီယာနီနှင့် ဆမ်ရော့ဝဲတို့ ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁၉**

A Guy Walks into a Bar အမည်ရှိ ဟာသဇာတ်ကား၌ မင်းသား ကူမေးနန်ဂျီယာနီနှင့် ဆမ်ရော့ဝဲတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

A Guy Walks into a Bar ဇာတ်ကားကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ရိုက်ကူးရန် ထုတ်လုပ်သူများကစီစဉ်ထားပြီး အဆိုပါဇာတ်ကားသည် စိတ်သဘောထားနူးညံ့သူဖခင်တစ်ဦးနှင့် ကြောက်မက်ဖွယ် လျှို့ဝှက်ချက်တစ်ရပ်ရှိနေသည့် အမျိုးသား သူစိမ်းတစ်ဦးတို့ကြား ဆက်ဆံရေးကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။


A Guy Walks into a Bar ဇာတ်ကားကို Runaway Jury ဇာတ်ကားဒါရိုက်တာ ဂါရီဖလီဒါက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုမူ Con Air ဇာတ်ညွှန်းရေးဆရာ စကော့ရိုဆင်ဘာ့ဂ်က တာဝန်ယူရေးသားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် A Guy Walks into a Bar ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref: Russia Today**

**Trs: KKO**





# Unholy Trinity ဇာတ်ကားတွင် ဟောလိဝုဒ်နာမည်ကျော်မင်းသားများ သရုပ်ဆောင်နေ

**နယူးယောက် အောက်တိုဘာ ၁၉**

Unholy Trinity အမည်ရှိ အမေရိကန် မြင်းစီးသေနတ်သမားလောက နောက်ခံဇာတ်ကားတွင် မင်းသား ဟောလိဝုဒ်နာမည်ကျော် မင်းသားများ ပါဝင်သရုပ်ဆောင်နေကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

Unholy Trinity ဇာတ်ကားတွင် ဟောလိဝုဒ်နာမည်ကျော်မင်းသားများဖြစ်သည့် ဆမ်မြူရယ်အက်ဂျက်ဆင်၊ ပီးရက်ဘရော့စနန်၊ ဘရန်ဒွန်လက်ဆာတို့ ပါဝင်နေပြီး လက်ရှိတွင် အဆိုပါ ဇာတ်ကားကို မွန်တားနားပြည်နယ်၌ ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ဇာတ်ညွှန်းရေးဆရာ လီဇာခါရီးဟားက ဝတ္ထုဇာတ်ညွှန်းရေးပေးထားသော Unholy Trinity ဇာတ်ကားသည် ၁၈၇၀ ပြည့်နှစ် မွန်တားနားပြည်နယ်ကို နောက်ခံထား ရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

Unholy Trinity ဇာတ်ကားကို ဒါရိုက်တာ ရစ်ချက်ဂရေးက တာဝန်ယူ ရိုက်ကူးနေခြင်းဖြစ်ကြောင်း၊ ဒါရိုက်တာ ရစ်ချက်ဂရေးသည် ဟောလိဝုဒ်သရုပ်ဆောင်များနှင့်ဇာတ်ညွှန်းရေးဆရာများသပိတ်၏ယာယီခွင့်ပြုချက်ဖြင့် Unholy Trinity ဇာတ်ကားကို ရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

**Ref: Xinhua News**

**Trs: KKO**



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives delegation led by Member of Government of Saint Petersburg, Chairman of Committee for External Relations of St. Petersburg of Russian Federation


Senior General Min Aung Hlaing receives the delegation led by Mr. Grigoriev Evgeny Dmitrievich, Member of the Government of Saint Petersburg, Chairman of the Committee for External Relations of St. Petersburg of Russian Federation.


Senior General Min Aung Hlaing shakes hands with Mr. Grigoriev Evgeny Dmitrievich.

**Nay Pyi Taw October 19**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by Mr. Grigoriev Evgeny Dmitrievich, Member of the Government of Saint Petersburg, Chairman of the Committee for External Relations of St. Petersburg of Russian Federation, at the parlour of SAC Chairman's Office here this afternoon.

Also present together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo, Deputy Prime Minister and Minister for Foreign Affairs U Than Swe and Deputy Minister U Lwin Oo. Mr. Grigoriev Evgeny Dmitrievich was accompanied by delegation members and officials of Russian Embassy.

At the call, views on promotion of friendship and cooperation between Myanmar and Russia, cementing of the ongoing cooperation in multiple sectors including education, health and tourism sectors, education exchange program in higher learning sector, opening of consulates in Russia to enhance diplomatic relations between the two countries, the twinning of a town in St. Petersburg region, Russia, and a town in Myanmar as sister cities, exchange programs for cultural and religious sectors, and trade and tourism promotion were exchanged in a cordial atmosphere.

After the call, Senior General Min Aung Hlaing and Mr. Grigoriev Evgeny Dmitrievich exchanged commemorative gifts and posed for documentary photos together with attendees. 100


Senior General Min Aung Hlaing presents a gift to Mr. Grigoriev Evgeny Dmitrievich.

## Over 780 garment factories earned over US$4,300 m from January to September this year


The worksite of a garment factory.

**Yangon October 19**

Myanmar has more than 780 CMP factories including the franchised ones which were able to generate over US$4,300 million from January to September this year, according to reports from the Myanmar Textile Industry Association released on October 13.

Myanmar's garment and textile manufacturing operations have been introduced in local traditional craftsmanship for many years. More than 130 domestic garment factories have been able to combine the markets of Japan and Korea, and those countries have become the main purchasers of Myanmar's products.

In 2011, orders from Japan accounted for 37.5 percent and orders from Korea 25.3 percent. As the economy grew rapidly, the garment industry also developed, so Myanmar currently has up to 788 CMP factories and those under franchise.

The total number includes 80 percent of foreign-owned factories, including more than 50 percent of China's factories, and more than 10 percent of Korea's factories. From January to September this year, those factories earned US$4,316.89 million.

To alleviate disputes in factories, plans are underway to conduct a pilot study to improve language skills with the aid of professors, teachers, and teachers from foreign-language schools. Currently, 53 garment factories are conducting NSSA in Yangon and Bago Regions. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Kyaukse Township to stage elephant dance at Shwethalyaung hill pagoda festival


A previous elephant dance in progress.

**Kyaukse October 19**

A plan is underway to hold the elephant donation ceremony in conjunction with the elephant dancing contest in Kyaukse Township of Mandalay Region as part of staging the annual Shwethalyaung Hill Pagoda Buddhs Pujaniya festival, said Chairman of the leading committee for the festival U Aung Myo Thein.

The ceremony will take place at the hillock at the foot of Shwethalyaung Hill on 28 October with entertainment of 96 elephants in dancing. On the fullmoon of Thadingyut, the rice offering ceremony and elephant donation ceremony will be held on the platform of the pagoda.

"The Kyaukse elephant festival is held yearly on a grand scale. Last year, 68 elephants participated in the contest. This year, 96 elephants will take part in the contest. Diligent awards will be given to the elephants which have been participating in the contests for more than 30 years. Traditional awards will be given to the elephants which performed entertainment round the Myoma market three times," he added.

The elephant donation ceremony has been held for more than 900 years since the time of King Anawrahta. The handicraft elephants were made by Saya Nge in 1925 for entertainments.

ASH

# Authorities plan to hold Mon traditional clothing design and sewing competition

**Mawlamyaing, October 19**

Mon State government is planning to hold a design and sewing competition for Mon traditional clothing to promote the development of Mon traditional clothing industries and to develop modern and innovative designs for entrepreneurs to make it more popular, according to the reports of the Mon State government released on October 14.

The Mon traditional dress, which is a mixture of the white and red colors of the Mon tribes, is simple, without any exotic design. It makes the wearer full of elegance with simplicity. The red square of the Mon traditional longyi is the symbol of the farming field, and the white stripes bordering the red square are intended to purify the heart. It is said that it is intended to do the hard work of the farm with a pure heart, perseverance, and diligence.


A previous competition in progress.

In addition, the Mon people are religious and live peacefully. Therefore, the Mon traditional dress is a symbol that highlights the intentions of the Mon people.

336

# Govt. provides 1.2 billion kyat loans to 76 short-term breeders in four districts

**Mandalay October 19**

A total of 1.2 billion kyats have been lent to 76 short-term livestock breeders in nine townships in Aungmyethazan, Kyaukse, Meiktila and Yamethin districts in Mandalay Region, said Dr. Zaw Khin, head of Mandalay Region Livestock Breeding and Veterinary Department.

The government provided .2 billion kyats loans to carry out short-term breeding activities with the regional grant fund since July for the breeders to buy 1,645 pigs, 4,420 goats, 33,025 chickens and 2,000 ducks. Today, 1 has been lent to 76 breeders.

"We provide short-term loans to breeders according to the terms and conditions. The loan period is one year. The supervision committee will be re-collected as per the instructions of the regional government. The interest rate is five cents to one and a half kyats. The supervision committee has been formed at the divisional and township levels. We are doing this by selecting successful areas for the development of the meat sector in the region," he explained.

185

# China opposes U.S. tightening export controls on semiconductors to China: MOC

**Beijing October 19**

China strongly deplores and firmly opposes the U.S. move to strengthen export controls on advanced computing semiconductors and semiconductor manufacturing equipment, said a spokesperson for the Ministry of Commerce (MOC) on Wednesday.

The United States modified and reinforced restrictions initially released on Oct. 7, 2022, in an update of export control rules issued Tuesday, and added more Chinese entities to the export control "entity list."

The spokesperson said the United States has been overstretching the concept of national security, abusing export control measures, and carrying out unilateral bullying.

Noting that the semiconductor industry is highly globalized, the spokesperson said the wrongful U.S. controls severely damage market rules and international economic and trade order, and threaten the stability of the global industry and supply chains.

It causes heavy loss to U.S. semiconductor firms and also affects their counterparts in other countries, the spokesperson said.

The United States should remove export controls on semiconductors to China and create an equitable, just, and predictable business environment for companies in the world, including Chinese ones, said the spokesperson, adding that China will take necessary measures to safeguard its own legitimate rights and interests.

Xinhua

# Putin: Russian Aerospace Forces Embark on Black Sea Air Patrol Packing Kinzhal Missiles

**Moscow October 19**

The Russian President stressed that this move is not meant as a threat to anyone.

Russian President Vladimir Putin has announced that Russia's Aerospace Forces are going to start patrolling the airspace over the Black Sea.

According to him, the military aircraft involved in this mission will be equipped with Kinzhal hypersonic missiles.

"Per my instructions, the Russian Aerospace Forces will begin patrolling the neutral zone of the airspace over the Black Sea on a regular basis. And our MiG-31 aircraft are armed with Kinzhal systems," Putin said during a press conference in Beijing today.

The Russian president also pointed out that this move is not a threat to anyone.

Sputnik



# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်ကြည်းတပ်က အနာဂတ်ဒုံးကျည်ကာကွယ်ရေး LTAMDS ရေဒါစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့



အမေရိကန်ကြည်းတပ်သည် အနာဂတ် ဒုံးကျည်ကာကွယ်ရေး LTAMDS ရေဒါစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း defence-blog.com သတင်းဌာနက အောက်တိုဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Raytheon ကုမ္ပဏီ၏နောက်ဆုံးထုတ်ပြန်ချက်တွင် အနာဂတ်ဒုံးကျည်ကာကွယ်ရေးရေဒါစနစ်ကို အမေရိကန်ကြည်းတပ်၏ White Sands Missile Range လေ့ကျင့်ရေးစက်ပစ်ကွင်းတွင် စမ်းသပ်ပစ်ခတ်မှုများကို အောင်မြင်စွာလုပ်ဆောင်ခဲ့သောကြောင့် နည်းပညာနှင့်စွမ်းဆောင်ရည်ဆိုင်ရာ သမိုင်းမှတ်တိုင်သစ်များ စိုက်ထူနိုင်ခဲ့ကြောင်း ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

ဤမှတ်တိုင်များသည် နောက်ဆုံးပေါ်ဒုံးကျည်ကာကွယ်ရေး ရေဒါစနစ်ကို တပ်ဖြန့်အသုံးပြုနိုင်ရန်အတွက် အရေးပါသော ခြေလှမ်းသစ်တစ်ရပ်ဖြစ်သည်။

LTAMDS သည် အမေရိကန်အတွက် မျိုးဆက်သစ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးရေဒါစနစ်ဖြစ်သည်။ ၎င်းတွင် Raytheon ကုမ္ပဏီထုတ် Gallium Nitride ဖြင့် မောင်းနှင်လုပ်ဆောင်သည့် 360-degree ပတ်လည်ရှာဖွေ ထောက်လှမ်းနိုင်သော Active Electronically Scanned Array ရေဒါတစ်ခု ပါရှိသည်။

LTAMDS သည် တိုက်လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များ၊ ပဲ့ထိန်းဒုံးကျည်များနှင့် လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေထောက်လှမ်းနိုင်ပြီး တန်ပြန်နိုင်စေမည့်စွမ်းရည်များ ပိုင်ဆိုင်ထားကြောင်း သိရသည်။

White Sands Missile Range လေ့ကျင့်ရေးကွင်း၌ အောင်မြင်သောစမ်းသပ်အကဲဖြတ်မှုများတွင် ရေဒါအများအပြားပါဝင်ပြီး LTAMDS ၏ အဆင့်မြင့် အင်္ဂါရပ်များနှင့်စွမ်းရည်များကို ရှုပ်ထွေးလာသည့် လေကြောင်းအခြေအနေများတွင် စွမ်းဆောင်နိုင်အောင်ဖန်တီး၍ အဆင့်ဆင့်တိုးမြှင့်လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်သည်။

စမ်းသပ်မှုတစ်လျှောက်လုံးတွင် LTAMDS ကို အမေရိကန်ကြည်းတပ်၏ ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး၊ တိုက်ပွဲဝင်ကွပ်ကဲမှုစနစ်နှင့် IBCS စနစ်တို့ ပေါင်းစပ်လုပ်ဆောင်ထားကြောင်း သိရသည်။

ထို့နောက် ပစ်မှတ်လမ်းကြောင်းကို မျက်ခြည်မပြတ် ထိန်းသိမ်းထားနိုင်ပြီး နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်ကို သဏ္ဍာန်တူ တိုက်ပွဲဝင်လေ့ကျင့်မှုပုံစံမျိုးဖြင့် အဆုံးသတ်လုပ်ဆောင်နိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ချုပ်ဆိုခဲ့သောစာချုပ်အရ ရေဒါတပ်ဆင်မှုကို LTAMDS ရေဒါစနစ်ယာဉ်ခြောက်စီးစလုံးတွင် ပြီးစီးပြီဖြစ်ရာ အစိုးရနှင့် Raytheon ကုမ္ပဏီတို့ ပူးပေါင်း၍ စမ်းသပ်လေ့ကျင့်ရေးကွင်းအသီးသီးတွင် တစ်ပြိုင်နက် စမ်းသပ်မှုများ လုပ်ဆောင်နေခြင်းလည်းဖြစ်သည်။

ဤလုပ်ငန်းစဉ်များတွင် ပေါင်းစပ်ခြင်းနှင့် စမ်းသပ်ခြင်းလုပ်ငန်းစဉ်များ တစ်ပြိုင်နက် လုပ်ဆောင်နေခြင်းများပါဝင်သည်။ ၂၀၂၃ ခုနှစ်တစ်လျှောက်လုံးတွင် အသုံးပြုမည့် တပ်ဖွဲ့ဝင်များကိုယ်တိုင် စစ်ဆင်ရေးဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှုများ ပါဝင်သည်။ အဆိုပါစီမံကိန်းသည် ယခုနှစ်ကုန်တွင် တိုက်ပွဲဝင်အသင့် တပ်ဖြန့်အသုံးပြုနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် တပ်ဖြန့်ရွှေ့ပြောင်းခြင်းဆိုင်ရာ အရည်အချင်းစစ် အကဲဖြတ်ဆန်းစစ်မှုများနှင့်စနစ်အား အဆင့်မြှင့်တင်နိုင်မှု စမ်းသပ်ခြင်းများအပါအဝင် ပြင်းထန်သောစမ်းသပ်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ဤတိုးတက်မှုသည် ယခုနှစ်အတွင်း စစ်ဆင်ရေးစွမ်းရည်အပြည့်အဝရရှိနိုင်သည်ထိ ဦးတည်သွားဖွယ်ရှိပြီး အမေရိကန်ကြည်းတပ်၏ လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစွမ်းရည်များတွင် သိသာထင်ရှားသော မှတ်တမ်းတစ်ခုလည်း ဖြစ်လာမည်ဖြစ်သည်။

Raytheon ၏ LTAMDS စနစ်သည် ရေဒါနည်းပညာတွင် ကြီးမားသောစွမ်းဆောင်နိုင်မှုကို ထုတ်ဖော်ပြသနေပြီး နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေး၍ ခေတ်သစ်စစ်ပွဲအခြေအနေများတွင် ပေါ်ပေါက်လာသောလေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်ကာကွယ်ရန်လည်း ဖြစ်သည်။

LTAMDS ရေဒါစနစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့မှုသည် မကြာမီတွင် တိုက်ပွဲဝင်အသင့် ဖြန့်ကြက်မှုအတွက် ခြေလှမ်းတစ်ရပ်ဖြစ်ပြီး နိုင်ငံပိုင် ကောင်းကင်ယံကိုလုံခြုံစေကာ အမျိုးသား အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင် ရေဒါများ၏ အရေးကြီးမှုကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

**US Army successfully tests future missile defense radar ကို ဘာသာပြန်ဆိုထားပါသည်။**

## နယ်သာလန်နိုင်ငံက ယူကရိန်းနိုင်ငံသို့ Patriot လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ ပေးပို့လျက်ရှိ

နယ်သာလန်နိုင်ငံသည် ယူကရိန်းနိုင်ငံသို့ Patriot လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ ပေးပို့လျက်ရှိကြောင်း အောက်တိုဘာ ၁၃ ရက်တွင် နယ်သာလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ကြေညာချက်အရ သိရသည်။

ယူကရိန်းနိုင်ငံ၏ အရေးကြီးသော အခြေခံအဆောက်အအုံများကို ကာကွယ်ရန် လေကြောင်းရန်ကာကွယ်ရေးလိုအပ်သည်ကို နယ်သာလန် အစိုးရအဖွဲ့က အသိအမှတ်ပြု ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း www.armyrecognition.com သတင်းဌာနက အောက်တိုဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထို့နောက် နယ်သာလန်သည် နောက်ထပ် လေကြောင်းရန်ကာကွယ်ရေးအတွက် ဒုံးကျည်များ ပံ့ပိုးပေးရန်ရှိနေကြောင်း ဝန်ကြီး Ollongren က ပြောကြားခဲ့သည်။

ယူကရိန်းအတွက် အကူအညီပေးရေး အစီအစဉ်သစ်ကို ဂျာမနီနိုင်ငံက ကြေညာခဲ့ပြီးနောက်တွင် နယ်သာလန်၏ ယခုဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ ယခုအကူအညီပေးမည့်ထဲတွင် ဒုံးကျည်များအပါအဝင် နောက်ထပ် Patriot ဒုံးပစ်လောင်ချာများနှင့် IRIS-T လေကြောင်းရန် ကာကွယ်ရေးစနစ်များ ပါဝင်ကြောင်း သိရသည်။ နယ်သာလန်သည် ယခင်က ယူကရိန်းသို့ Patriot ဒုံးပစ်လောင်ချာများနှင့် ဒုံးကျည်များကို ပံ့ပိုးပေးခဲ့ဖူးကြောင်း သိရသည်။

နောက်ထပ် Patriot ဒုံးကျည်များ ပံ့ပိုးပေးခြင်းသည် နယ်သာလန် ကာကွယ်ရေးတပ်ဖွဲ့များ၏ တိုက်ပွဲဝင်အဆင်သင့်ဖြစ်မှုနှင့် တပ်ဖြန့်မှုအပေါ် သိသာထင်ရှားသော သက်ရောက်မှုရှိသည်။ ယူကရိန်းကို ပံ့ပိုးရန်လိုအပ်သောကြောင့် စစ်လက်နက်၊ ခဲယမ်းပစ္စည်းများပံ့ပိုးရန် နယ်သာလန်စစ်ဘက်၏ လက်နက်တိုက်များမှထုတ်၍ ပေးအပ်သွားမည်လည်းဖြစ်သည်။ တစ်ဖက်ကလည်း နယ်သာလန်ကာကွယ်ရေးဝန်ကြီးဌာနသည် လက်နက်တိုက်တွင် လျော့သွားသည့် အဆိုပါ စစ်လက်နက်၊ ခဲယမ်းများကို တတ်နိုင်သမျှ အမြန်ဆုံးပြန်လည်ဖြည့်တင်းရန်အတွက်လည်း ဆောင်ရွက်လျက်ရှိသည်။



ယခုသီတင်းပတ် အစောပိုင်းကလည်း နယ်သာလန်သည် ယူကရိန်းကိုပံ့ပိုးမှုထပ်မံပြုလုပ်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။ ဤအကူအညီပေးရေး အစီအစဉ်တွင် ဒရုန်းများ၊ မိုင်းခင်းရှင်းလင်းရေးကိရိယာများနှင့် ခဲယမ်းမီးကျောက်များပါဝင်သည်။ နယ်သာလန်နိုင်ငံမှ ပံ့ပိုးပေးထားသော ပစ္စည်းအားလုံး၏ စုစုပေါင်းတန်ဖိုးသည် ယခုအခါ ယူရို ၂ ဒသမ ၁ ဘီလီယံကျော် ရောက်ရှိသွားပြီဖြစ်သည်။ ယူကရိန်းပဋိပက္ခမတိုင်မီ M902 Patriot PAC-3 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ် ၁၈ စုံနှင့် NASAMS II အမျိုးသားအဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် ခြောက်စုံကို နယ်သာလန်စစ်ဘက်က ဝယ်ယူတပ်ဆင်ထားသည်။

**The Netherlands Announces Delivery of Additional Patriot Air Defense Missiles to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၁၀၅၄၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၁၀၅၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧက ၁၀၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၀၅၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံ ဧက ၁၀၈၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ အခု ဧက ၁၀၅၄၀ ထိ စိုက်ပျိုးပြီးပါပြီ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၆၉၈ ဧက၊ ဖူးစားပြောင်း ၁၅၉ ဧကနှင့် တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၇၀၁၁ ဧက၊ ဖူးစားပြောင်း ၂၆၇၂ ဧက စုစုပေါင်းဧက ၁၀၅၄၀ ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၅၃၂ ဧက၊ ဖူးစားပြောင်း ၂၅၃ ဧကနှင့် တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၇၃၁၈ ဧက၊ ဖူးစားပြောင်း ၂၇၄၇ ဧက စုစုပေါင်းဧက ၁၀၈၅၀ ဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောက်တောင်ပိုး ကြိုတင်ကာကွယ်ရေးများဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးအသုံးပြုခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# လားရှိုးမြို့နယ် ဟိုပိတ်ကြီးကျေးရွာ၌ ရေသန့်စင်စက်တပ်ဆင်ပြီးစီးမှု စစ်ဆေး

**လားရှိုး အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုပိတ်ကြီးကျေးရွာ၌ ရေသန့်စင်စက် တပ်ဆင်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ဟိုပိတ်ကြီးကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက ရေသန့်စင်စက် ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်း ထိန်းသိမ်းကြရန် မှာကြားသည်။



ဟိုပိတ်ကြီးကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရ ငွေကျပ် သုံးသန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၁ ဒသမ ၅သန်း စုစုပေါင်း ငွေကျပ် ၄ ဒသမ ၅ သန်း ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကြောင့် ဟိုပိတ်ကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# သထုံမြို့နယ် ကတိုက်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သထုံ အောက်တိုဘာ ၁၉**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကတိုက်ကလေးကျေးရွာ၌ Shwe Bank နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများကို Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေခြင်း၊ ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှု လျော့နည်းစေခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများကိုလျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၃ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၉ ဒသမ ၂ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၆ ဒသမ ၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၂ ဦးကို Mobile Financial Payment (MoMoney Digital Wallet) စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**

# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၉-၁၀-၂၀၂၃**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသည့် တတိယအကြိမ် World Construction Championship ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တက်ရောက်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၇ ရက် ညနေပိုင်း တွင် Expoforum Exhibition and Convention Center ၌ ကျင်းပသည့် "တတိယအကြိမ် World Construction Championship" ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများမှဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကပေးပို့သော မိန့်ခွန်းကိုဖတ်ကြား၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဆောက်လုပ်ရေးဆိုင်ရာ အကြီးအကဲများက အမှာစကားပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက ပါဝင်ယှဉ်ပြိုင်မည့်အသင်းများ၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ပြိုင်ပွဲအတွက်ပူးပေါင်းဆောင်ရွက်နေသော ဆောက်လုပ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများကို မိတ်ဆက်တင်ပြပြီး ဖွင့်ပွဲကိုရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ခင်းကျင်းပြသထားသော ပြခန်းများနှင့်ပြိုင်ပွဲပြုလုပ်မည့်နေရာများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ ဖိတ်ကြားထားသူများနှင့်အတူ Smart City Conference, Russia-ASEAN Digital Space ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့်အိုးအိမ်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဆောက်လုပ်ရေးကဏ္ဍမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အာဆီယံနိုင်ငံများမှဆောက်လုပ်ရေးဝန်ကြီးဌာန အကြီးအကဲများက Smart City နှင့် သက်ဆိုင်သော နည်းပညာ၊ အချက်အလက်နှင့် ပန်းတိုင်ထားရှိဆောင်ရွက်နေသည့်အခြေအနေနှင့် ဖြတ်သန်းခဲ့သည့်အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

Smart City Conference, Russia - ASEAN Digital Space ဆွေးနွေးပွဲတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs)နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများအကြား ကွာဟချက်များကို နည်းပညာဖြင့် ပေါင်းကူးပေးခြင်းဖြင့် စမတ်မြို့များဖြစ်ပေါ်လာစေရေး ကြိုးပမ်းအားထုတ်ရန်၊ သတင်းအချက်အလက်များ၊ ဆက်သွယ်ရေးနည်းပညာများ(ICT) နှင့် အခြားနည်းပညာဆိုင်ရာနည်းလမ်းများကိုအသုံးပြုကာ ဆန်းသစ်တီထွင်ထားသော မြို့များကိုဖော်ထုတ်ခြင်းဖြင့် လူနေမှုဘဝ အရည်အသွေး၊ မြို့ပြလုပ်ငန်းဆောင်တာများနှင့် ထိရောက်သောဝန်ဆောင်မှုများဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီမှုရှိသဖြင့် ယနေ့ခေတ်နှင့် အနာဂတ်မျိုးဆက်များ၏ လိုအပ်ချက်များကို ပိုမိုတိုးတက်စေရန်၊ နည်းပညာအဆင့်မြင့်ရှိသာမက ရေရှည်တည်တံ့သော Smart City များကို အတူတကွဖန်တီးနိုင်ရန်နှင့် စမတ်မြို့ကြီးများသည် လူမှုပတ်ဝန်းကျင်ကိုပိုမိုကောင်းမွန်သော နေထိုင်မှုစနစ်နှင့် ရေရှည်တည်တံ့ကာ သာယာဝပြောသော လုံခြုံသည့် အနာဂတ်ကို တည်ဆောက်ခြင်းဖြစ်၍ စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ရန်တို့ကိုဦးတည်ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များက စုပေါင်းဆွေးနွေးတင်ပြသည့် New Times Technology, Construction Site of the Future Conference သို့တက်ရောက်ခဲ့ပြီး 3rd World Construction Championship ၏ Expo Forum အတွင်းပြသထားသောပြခန်းများနှင့် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၉၉/၂၀၂၃**

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

**မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသန်းထွန်းအောင်အား မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**ဒုတိယဗိုလ်ချုပ်ကြီး**

**အတွင်းရေးမှူး**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်၌ ပြည်သူများပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရေးနှင့် စည်ကားသိုက်မြိုက်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မန္တလေး အောက်တိုဘာ ၁၉**

ရတနာပုံဥယျာဉ်တွင် ပြုလုပ်မည့် မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်၌ ပြည်သူများပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးနှင့်စည်ကားသိုက်မြိုက်စွာကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သုံးထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေး၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် မန္တလေးနန်းမြို့ရိုးနှင့် ကျုံးရေပြင်အကြား ရတနာပုံဥယျာဉ်တွင် မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့ မတိုင်မီနှင့် လပြည့်နေ့တို့၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးနှင့် စည်ကားသိုက်မြိုက်စွာကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ပါကြောင်း၊ ဆီမီးထွန်းညှိ၍ ပူဇော်ခြင်း၊ ကျုံးရေပြင်အတွင်း ဆီမီးခွက်များထွန်းညှိ၍ ရေမျှောပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ မီးပုံးပျံများလွှတ်တင်ပူဇော်ခြင်းများ၊ ပြည်သူများစိတ်ပျော်ရွှင်ချမ်းမြေ့စွာကြည့်ရှုနိုင်ရန် မြန်မာမှုနှင့်ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ရိုးရာခြင်းလုံးခတ်ခြင်းနှင့် ဆင်အကများဖြင့် တင်ဆက်ဖျော်ဖြေခြင်းများ၊ မြန်မာ့ရိုးရာ အစားအစာများဖြင့် စတုဒိသာကျွေးမွေး ဧည့်ခံခြင်းတို့အပါအဝင် အခြားအစီအစဉ်များကိုလည်း စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟာမှုမရှိစေရေး အားလုံး ပူးပေါင်းကာ အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအလိုက် ဆွေးနွေးအကြံပြုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# တောင်သူများလိုအပ်သော သွင်းအားစုများ အချိန်မီရရှိပြီး ဈေးနှုန်းသက်သာစွာအသုံးပြုနိုင်အောင် ကြိုတင်စီမံဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၉**

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဦးဆောင်ကော်မတီအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏အခက်အခဲများကိုဖြေရှင်းပေးနိုင်ရေးနှင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးစေရေးတို့အတွက် တောင်သူများ၏ စိုက်ပျိုးရေလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော စံချိန်စံညွှန်းပြည့်ဝသည့် ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများကို ဈေးနှုန်းသက်သာစွာ အချိန်မီဖြန့်ဖြူးရောင်းချပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း သွင်းအားစုများလိုအပ်ချက်အနေဖြင့် ယခုလာမည့်ဆောင်းရာသီ၌ ဆီထွက်သီးနှံများအပါအဝင် သီးနှံ ၁၀ မျိုးနှင့် နွေစပါးစိုက်ဧက ၁၀ ဒသမ ၅၃ သန်းခန့်အတွက် ပန်တိုင်းအထွက်တိုးရေးစံနှုန်းအရ သုံးစွဲမည်ဆိုပါက မြေဩဇာမက်ထရစ်တန်ချိန် ၁ ဒသမ ၁ သန်းခန့်လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဆောင်းဆီထွက်သီးနှံနှင့် နွေစပါးစီမံကိန်းတို့အပါအဝင် ဆောင်းရာသီသီးနှံများအတွက် တောင်သူများလိုအပ်သော သွင်းအားစုများ အချိန်မီရရှိပြီး ဈေးနှုန်းသက်သာစွာအသုံးပြုနိုင်အောင် ကြိုတင်စီမံ ဆောင်ရွက်ထားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်တို့က ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းဆိုင်ရာများကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဦးဆောင်ကော်မတီ၏ စိစစ်ထောက်ခံချက်များအရ နိုင်ငံခြားသုံးငွေဝယ်ယူရရှိမှု၊ သွင်းကုန်လိုင်စင်ရရှိမှု၊ တင်သွင်းရောက်ရှိမှု၊ ဖြန့်ဖြူးရောင်းချပြီးစီးမှု၊ ရောင်းချဈေးနှုန်းများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ယူရီးယားမြေဩဇာသွင်းအားစုများ အချိန်မီတင်သွင်းဝယ်ယူဖြန့်ဖြူးရောင်းချရေး အစီအစဉ်သည်အရေးကြီး၍ သက်ဆိုင်ရာတာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဝိသုတာဘိဝံသ သက်တော် ၆၈ နှစ်၊ သိက္ခာတော် ၄၈ ဝါရှိ မထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၁၉**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက် ဝါးရုံတော သာသနပါလ ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဝိသုတာဘိဝံသ သက်တော် ၆၈ နှစ်၊ သိက္ခာတော် ၄၈ ဝါရှိ မထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်၊ အောက်တိုဘာ ၁၈ ရက် ဗုဒ္ဓဟူးနေ့ ည ၁၁ နာရီ ၄၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အောက်တိုဘာ ၁၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၆၅၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၄ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပုဗ္ဗသီရိမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့်လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို ယနေ့ နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းထူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ညောင်ပင်ကြီးစုကျေးရွာအုပ်စု၊ အောင်သုခကျေးရွာအုပ်စု၊ ဝဲကြီးကျေးရွာအုပ်စု၊ သပြေကုန်းကျေးရွာအုပ်စုနှင့် ပုဗ္ဗန်ဆိပ်ကျေးရွာအုပ်စု ဆင်ဖြူရှင်ရပ်ကွက်၊ နဝဒေးရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်၊ ဇေယျာဒီပရပ်ကွက်နှင့် သပြေစမ်းကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုပြီးစမ်းသပ်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး မဲဆန္ဒရှင်များကလည်း မဲပေးစက်၏ထိန်းချုပ်စက်ကိုကိုင်တွယ်၍ ဆောင်ရွက်ခြင်း၊ မဲပေးပြီးသည့်အချိန်တွင် မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ်မှန်မမှန် စိစစ်ခြင်းတို့ကို လက်တွေ့ဆောင်ရွက်ကြသည်။



ထိုသို့ လက်တွေ့စမ်းသပ်မဲပေးခြင်းကို ပုဗ္ဗသီရိမြို့နယ်အတွင်း၌ သုံးရက်မြောက်ဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၁၀ ခုတို့မှ မဲဆန္ဒရှင်ပြည်သူများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် စုစုပေါင်း ၄၄၁ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။ မဲပေးစက်အသုံးပြု၍ မဲပေးခြင်းသည် မဲဆန္ဒရှင်များအနေဖြင့် အချိန်တိုအတွင်းရိုးရှင်းလွယ်ကူစွာ မဲပေးနိုင်ခြင်း၊ ပယ်မဲများမရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ မဲရလဒ်များကို အချိန်တိုအတွင်း သိရှိနိုင်ခြင်း၊ မဲမသမာမှုများကို ထိန်းချုပ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Digital Payment Switch (Myanmar Pay) နှင့်စပ်လျဉ်း၍ အချိန်မီပြီးစီးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် Digital Payment Switch (MyanmarPay)၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆုံးဖြတ်ပေးရမည့်အချက်များနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှ နည်းပညာကျွမ်းကျင်သူများနှင့် PayPlus Co., Ltd မှ အကြီးတန်းစီမံခန့်ခွဲသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက အမျိုးသားငွေပေးချေမှု စနစ်မဟာဗျူဟာ (National Payment System Strategy 2020-2025)အရ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုဘိုင်းငွေပေးချေမှုစနစ်များ အားလုံးအပြန်အလှန်ချိတ်ဆက်ပေးချေနိုင်သည့် Digital Payment Switch (MyanmarPay) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးနိုင်ရန် လိုအပ်ကြောင်း၊ အဆိုပါစနစ် အကောင်အထည်ဖော်ပြီးစီးပါက ငွေပေးချေမှုများကို လုံခြုံစိတ်ချလျင်မြန်စွာဆောင်ရွက်နိုင်ပြီး ငွေပေးချေမှုစနစ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် ငွေသားကိုင်တွယ်မှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဖြေရှင်းရမည့်အချက်အလက်များကို တင်ပြကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှ နည်းပညာကျွမ်းကျင်သူများနှင့် PayPlus Co.,Ltd တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဆွေးနွေးအကြံပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်

**၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် ပညာသင် ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပစဉ်။**



**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

# လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co., Ltd က တင်သွင်းလာသော Kanbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။**

# "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒုတိယဝန်ကြီး ဦးမြင့်စိုး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ပုံခက် ငါးမိုင်ကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းရယူနေမှု ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန လေးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေသော လုပ်ငန်းများအချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်မှာကြားကာ စွန်တောင်းကျေးရွာသို့ ဆက်သွယ်ထားသော (VDP) ကွန်ကရစ်လမ်း ဖောက်လုပ်ပေးထားမှုကို ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် ဆွတ်ဝိုးကျေးရွာသို့ ရောက်ရှိပြီး တိုက်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသော လူနာများကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ ကျန်းမာရေးဝန်ထမ်းများအတွက် စာအုပ်စာစောင်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထို့နောက်ဒုတိယဝန်ကြီးသည် ဆွတ်ဝိုးကျေးရွာဘက်စုံသုံးခန်းမဆောင်၌ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး မင်းရန်အောင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရွာသူရွာသားများနှင့် တွေ့ဆုံပြီး အမြင့်တင်ရေစက်ရှိသွားလမ်းပြုပြင်ဖောက်လုပ်ရေး၊ ဘက်စုံသုံးခန်းမတည်ဆောက်ရေး၊ မော်တော်ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ရေး ကိစ္စရပ်များအတွက် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မက်မန်းမြို့နယ် ငှက်ယောင်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နေမှုနှင့် ကွန်ဟောင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်း ဖောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကွန်ဟောင်းမှ နမ့်ကျွတ်ချောင်းသို့ ဆက်သွယ်မည့်ကုန်ထုတ်လမ်းဖောက်လုပ်ပေးရေး တင်ပြချက်အပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားမြို့ လားရှိုးမြို့နှင့် ပြည်မြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



သံဃာတော်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော် ၅၃ ပါးတို့ကိုလည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁၀) ရပ်ကွက်ရှိ တောရကျောင်းပရိယတ္တိစာသင်တိုက်မှ သံဃာတော် ၈၉ ပါးတို့ကိုလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝင်းရပ်ကွက်ရှိ ဝဏ်ဘာတောရဘုန်းတော်ကြီး ကျောင်းတိုက်မှ သံဃာတော် ၄၇ ပါးတို့ကိုလည်းကောင်း သတ်မှတ်နေရာအသီးသီး၌ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ECG၊ Ultrasound ဓာတ်မှန်ရိုက်စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူငွေများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Nyo Mi Ko" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်နေ ညိုမီကိုအား ည ၆ နာရီခွဲတွင် မြစ်ကြီးနားနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ငွေကျပ် ၁ ဒသမ ၃၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ငွေကျပ် ၁ ဒသမ ၃၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လူငယ်များကို အန္တရာယ်ဖြစ်စေသည့် စိတ်ပြောင်းဆေးဝါး (Happy Water) သယ်ဆောင်ရောင်းဝယ်မှုများကို ထိရောက်စွာ တားဆီးနိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်သတင်းအရ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက် ဂိုးဖြူလမ်းတွင် ထွန်းမြတ်သူ(ခ)မောင်စံကို စိတ်ပြောင်းဆေးဝါး (Happy Water) ၁၇ ဒသမ ၂၈ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်၍မွန်းလွဲ ၂နာရီတွင် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းတွင် ရဲရင့်အောင်အား စိတ်ပြောင်းဆေးဝါး (Happy Water) ၁၄ ဒသမ ၉၄ ကီလိုကိုလည်းကောင်း၊ စောရွှန်ပေါလ် (ခ) ရွှန်ပေါအား ရန်ကင်းမြို့နယ် (၆)ရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် စိတ်ပြောင်းဆေးဝါး (Happy Water) ၆ ဒသမ ၆ ကီလို၊ ကဖင်းဆေးပြား ၂၂၀၀ နှင့်ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရယင်းနေ့ ည ၉နာရီခွဲတွင် နေလဝင်း(ခ) Bankနှင့် ရဲရင့်ဒွေးအောင်(ခ)အိုက်ပီးတို့နှစ်ဦးကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၅၀၀၀၊ TOYOTA CROWN မော်တော်ယာဉ် တစ်စီးနှင့်အတူ အသီးသီး ဖမ်းဆီးရမိခဲ့၍ စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၃၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၃၈ ဒသမ ၈၂ကီလို၊ အက်တက်စီဆေးပြား ၅၀၀၀ နှင့် ကဖင်းဆေးပြား ၂၂၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






# ကိုရယ်လ်ပင်လယ်တွင်ဖြစ်ပေါ်နေသည့် အပူပိုင်းမုန်တိုင်း လာမည့်ရက်ပိုင်းအတွင်း ဩစတြေးလျနိုင်ငံသို့ ဝင်ရောက်ဖွယ်ရှိနေ



**ကင်ဘာရာ အောက်တိုဘာ ၁၉**

ဩစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် တည်ရှိသည့် ကိုရယ်လ်ပင်လယ်တွင် အပူပိုင်းမုန်တိုင်းဖြစ်ပေါ်နေပြီး လာမည့်ရက်ပိုင်းအတွင်း ဩစတြေးလျနိုင်ငံသို့ ဝင်ရောက်လာဖွယ် ရှိနေသည်ဟု ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သို့သော်လည်း မုန်တိုင်းသည် ကိုရယ်လ်ပင်လယ်တွင် ကာလရှည် လှည့်လည်တိုက်ခတ်ဖွယ်ရှိနေပြီး ဩစတြေးလျနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ရန်မှာ အချိန်ကာလတစ်ခုထိ ကြာမြင့်ဖွယ်ရှိနေကြောင်း၊ မုန်တိုင်းသည် ကနဦးအနေဖြင့် ဆော်လမွန်ကျွန်းသို့ ရက်သတ္တပတ် အနည်းငယ်ခန့်အကြာတွင် ဝင်ရောက်လာနိုင်သည့်အခြေအနေဖြစ်ကြောင်းလည်း ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"မုန်တိုင်းဟာ ဆော်လမွန်ကျွန်းကို ပထမဆုံးဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေပြီးနေတော့ ကွင်းစလန်းပြည်နယ် ကမ်းခြေဒေသတွေကိုလဲ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိပါတယ်။ နှစ်ပေါင်း ၅၀ အတွင်း အောက်တိုဘာလမှာ ပထမဦးဆုံးဖြစ်ပေါ်လာနိုင်တဲ့မုန်တိုင်းဖြစ်လာနိုင်ပါတယ်။ မုန်တိုင်းအခြေအနေကို အတိအကျထုတ်ပြန်ဖို့ ခက်ခဲနေပါသေးတယ်။ မုန်တိုင်းဟာ ကွင်းစလန်းပြည်နယ်ကို တိုက်ရိုက်ဝင်ရောက်လာနိုင်သလို မုန်တိုင်းနောက်ဆက်တွဲပြဿနာတွေပဲ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေမျိုးမှာလဲရှိနေပါတယ်။ မုန်တိုင်းဝင်လာဖို့ အချိန်ကာလတစ်ခုထိ ကြာမြင့်နေသေးတဲ့အတွက် အတိအကျထုတ်ပြန်နိုင်ဖို့ ခက်ခဲနေတာပါ။ မုန်တိုင်းနဲ့ပတ်သက်ပြီး အချိန်ပြည့် စောင့်ကြည့်တိုင်းတာနေပြီးတော့ အချိန်နဲ့တစ်ပြေးညီ သတင်းအချက်အလက်တွေကိုလဲ ထုတ်ပြန်ပေးသွားနိုင်ဖို့ ပြင်ဆင်ထားပါတယ်"ဟု ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ယခုနှစ် ပထမသုံးလပတ်အတွင်း ပေကျင်းမြို့၏လေထုအရည်အသွေး သိသိသာသာတိုးတက်လာ

**ပေကျင်း အောက်တိုဘာ ၁၉**

ယခုနှစ် ပထမသုံးလပတ်အတွင်း တရုတ်နိုင်ငံ ပေကျင်းမြို့၏ လေထုအရည်အသွေးသည် သိသိသာသာ တိုးတက်လာသည်ဟု မြို့တော် ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ဗျူရိုက သတင်းထုတ်ပြန်ထားကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ယခုနှစ် ပထမသုံးလပတ်အတွင်း ကျန်းမာရေးကို ထိခိုက်စေသော PM 2.5 အမှုန်အမွှားပါဝင်မှုသည် တစ်ကုဗမီတာလျှင် ၃၂ မိုက်ခရိုဂရမ်သာပါဝင်ခဲ့ပြီး လေထုညစ်ညမ်းမှုကို ထိန်းချုပ်နိုင်ခဲ့ကာ လေထုအရည်အသွေးသိသိသာသာ တိုးတက်ကောင်းမွန်လာကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

မကြာသေးမီ နှစ်များအတွင်း ပေကျင်းမြို့သည် လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးအတွက် အရေးပါသောအစီအမံများကို ချမှတ်လုပ်ဆောင်ခဲ့ပြီး ပြင်းထန်သောအော်ဂဲနစ်ဒြပ်ပေါင်းများထုတ်လွှတ်မှုကိုထိန်းချုပ်ရေး၊ ဖုန်မှုန့်ညစ်ညမ်းမှုလျှော့ချရေးနှင့် သန့်ရှင်းသောစွမ်းအင်ရင်းမြစ်များသုံးစွဲမှုမြှင့်တင်ရေးတို့ကဲ့သို့ လေထုညစ်ညမ်းမှုပြဿနာများကိုင်တွယ်ဖြေရှင်းရာတွင် ကောင်းမွန်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြို့တော်အတွင်း PM 2.5 အမှုန်အမွှားပါဝင်မှု ဆက်တိုက်ကျဆင်းခြင်းသည် လေထုညစ်ညမ်းမှုတိုက်ဖျက်ရေး အစီအမံများ၏ ထိရောက်မှုကိုပြသလျက်ရှိပြီး အပြုသဘောဆောင်သောပြောင်းလဲမှုများဖြစ်ကာ မြို့တော်နှင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများအတွက် ကျန်းမာရေးကို ပိုမိုကောင်းမွန်စေသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**



# အာဖဂန်နစ္စတန်ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၁၉ သန်း အရေးပေါ်လိုအပ်လျက်ရှိကြောင်း WFP ထုတ်ပြန်

**ကဘူးလ် အောက်တိုဘာ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံတွင် အင်အားပြင်းငလျင်များလှုပ်ခတ်ခဲ့ပြီးနောက် လူပေါင်းသောင်းနှင့်ချီ၍ အကူအညီများ လိုအပ်လျက်ရှိရာ အရေးပေါ်စားနပ်ရိက္ခာအကူအညီများပေးနိုင်ရေး အမေရိကန်ဒေါ်လာ ၁၉ သန်း အရေးပေါ်လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်(WFP)က ကြေညာချက်ထုတ်ပြန်ထားသည်ဟု အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အောက်တိုဘာ ၇ ရက်က ၆ ဒသမ ၃ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် လူဦးရေ ၁၄၀၀၀ ကျော်သေဆုံးခဲ့ပြီး လူဦးရေ ၁၈၀၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ပြီး နာရီပိုင်းအတွင်း WFP အနေဖြင့် ကလေးငယ်များအတွက် စားသောက်ဖွယ်ရာများကို ဖြန့်ဝေပေးခဲ့ပြီး ငလျင်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ကျေးရွာများသို့ ဂျုံမှုန့်၊ ဟင်းရွက်ဆီ၊ ပဲမျိုးစုံနှင့် ဆားတို့ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

"WFP အနေနဲ့ အသက်ရှင်ကျန်ရစ်သူတွေကို အတတ်နိုင်ဆုံး ကူညီမှုတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒါပေမဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ ရန်ပုံငွေလဲ အရေးတကြီး လိုအပ်နေပါတယ်"ဟု WFP ၏ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ လက်ထောက် ညွှန်ကြားရေးမှူး အန်နာမာရီယာဆဲဟိုနာက ပြောကြားခဲ့သည်။

ဆောင်းရာသီ ရောက်ရှိတော့မည်ဖြစ်သဖြင့် WFP အနေဖြင့် ငလျင်ကြောင့် ထိခိုက်ခံစားခဲ့ရသူများအတွက် စားနပ်ရိက္ခာနှင့် ငွေကြေးပံ့ပိုးမှုများကို သုံးလမှ ခုနစ်လထိ ကူညီပေးရန်စီစဉ်ထားကြောင်း၊ ရန်ပုံငွေရရှိခြင်းသည် အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းများအတွက် အားကောင်းစေနိုင်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပိုမိုအထောက်အကူပြုနိုင်လိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် (WFP)၏ ကြေညာချက်တွင် ဖော်ပြထားသည်။

**Ref : Sputnik News**
**Trs : AZH**

# အရှေ့တောင်အာရှတွင် ရော်ဘာတောများကြောင့် သစ်တောပြုန်းတီးမှုနှုန်း မြင့်တက်လာ

**လန်ဒန် အောက်တိုဘာ ၁၉**

အရှေ့တောင်အာရှ နိုင်ငံများတွင် ရော်ဘာတော များပြားလာမှုကြောင့် သစ်တောပြုန်းတီးမှုနှုန်း မြင့်တက်လာသည်ဟု အင်္ဂလန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် Nature သိပ္ပံဂျာနယ်မှ သုတေသီများက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရော်ဘာဝယ်ယူမှု မြင့်တက်လာသည့်အတွက် အရှေ့တောင်အာရှနိုင်ငံများတွင် သစ်တောများရှင်းလင်းကာ ရော်ဘာစိုက်ပျိုးခြင်းလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာခြင်းကြောင့် သစ်တောကြိုးဝိုင်းများတွင် ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ရော်ဘာစိုက်ပျိုးခြင်းလုပ်ငန်းများအတွက် သစ်တောရှင်းလင်းမှုကြောင့် သစ်တောပြုန်းတီးမှုသည် ခန့်မှန်းထားသည့်ပမာဏထက် သုံးဆခန့်မြင့်မားလာဖွယ်ရှိနေကြောင်း Nature သိပ္ပံဂျာနယ်က သုတေသနရလဒ်များနှင့်တကွ ထုတ်ပြန်ခဲ့သည်။

Nature သိပ္ပံဂျာနယ်မှ သုတေသီများ၏ ထုတ်ပြန်ချက်အရ ရော်ဘာစိုက်ပျိုးခြင်းသည် ပဲပိစပ်နှင့် ဆီအုန်းစိုက်ပျိုးခြင်းလုပ်ငန်းများထက် သစ်တောပြုန်းတီးမှုကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း၊ ၁၉၉၃ ခုနှစ်နောက်ပိုင်း ရော်ဘာတိုးချဲ့စိုက်ပျိုးခြင်းကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သစ်တောပြုန်းတီးမှုဖြစ်ပေါ်ခဲ့သည့်ပမာဏ စုစုပေါင်း ဟက်တာလေးသန်းကျော်ထိ ရှိခဲ့ပြီး သစ်တောပြုန်းတီးမှုဖြစ်ပေါ်ခဲ့သည့်ပမာဏ စုစုပေါင်း၏ သုံးပုံနှစ်ပုံခန့်မှာ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှဖြစ်ကြောင်း သိရသည်။

ဥရောပတိုက်တွင်မူ သစ်တောပြုန်းတီးမှုဖြစ်ပေါ်စေသော ကုန်စည်ရောင်းဝယ်မှုနှင့် ပတ်သက်ပြီး ၂၀၂၄ ခုနှစ်မှစတင်၍ ဥပဒေသစ်များပြဋ္ဌာန်းသွားရန် ဥရောပသမဂ္ဂက စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း၊ ဥရောပသမဂ္ဂသည် သစ်တောပြုန်းတီးမှုကိုဖြစ်ပေါ်စေသော ကုန်စည်များကို အကန့်အသတ်ဖြင့်သာ ရောင်းဝယ်ခွင့်ပြုသွားမည်ဖြစ်သည့်အတွက် ၂၀၂၄ ခုနှစ်မှစတင်၍ အရှေ့တောင်အာရှမှ ရော်ဘာတင်ပို့ရောင်းချမှုများကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုသွားဖွယ်ရှိကြောင်း Nature သိပ္ပံဂျာနယ်က ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ပါကစ္စတန်နိုင်ငံ ရေဘေးသင့်ဒေသများရှိ စာသင်ကျောင်းများပြန်လည်ပြင်ဆင်နိုင်ရေး ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်းပံ့ပိုး

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၁၉**

ပါကစ္စတန်နိုင်ငံသည် ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် မကြာခဏရင်ဆိုင်ခဲ့ရပြီး ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်းများ ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်းပံ့ပိုးကြောင်း ယနေ့သတင်းများအရ သိရသည်။

ရေဘေးဒဏ်သင့်နယ်မြေများတွင် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနိုင်ခြင်းမရှိသေးသည့်အတွက် အောက်တိုဘာ ၁၈ ရက်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းအေဂျင်စီ (JICA) ၏ အကြီးအကဲဖြစ်သူ ကီနိုရှိတာသည် ပါကစ္စတန်နိုင်ငံ စီးပွားရေးဝန်ကြီး ဝါဒါမစ်ဆူဟီရှိနှင့်အစ္စလာမ်မာဘတ်မြို့တွင် တွေ့ဆုံခဲ့ပြီး ဂျပန်နိုင်ငံက ပါကစ္စတန်နိုင်ငံသို့ ငွေကြေးကူညီပံ့ပိုးရေးနှင့် ပတ်သက်ပြီး သဘောတူညီချက်စာချုပ် ချုပ်ဆိုခဲ့ကြောင်း၊ ဂျပန်အစိုးရအနေဖြင့် ပါကစ္စတန်နိုင်ငံတွင် ၂၀၂၂ ခုနှစ် ဇွန်လမှ ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သော စာသင်ကျောင်းများကို ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်းထိ ပံ့ပိုးပေးအပ်သွားမည်ဖြစ်ကြောင်း တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ကီနိုရှိတာက ပြောကြားခဲ့သည်။

ပါကစ္စတန်အစိုးရက ဂျပန်နိုင်ငံမှ ပံ့ပိုးပေးသည့် ငွေကြေးများဖြင့် ပျက်စီးခဲ့သော စာသင်ကျောင်းများကို အမြန်ဆုံးတည်ဆောက်ပေးသွားမည်ဖြစ်သကဲ့သို့ စာသင်ကျောင်းများ တည်ဆောက်ရာတွင်လည်း အဆောက်အအုံအရည်အသွေးကို စစ်ဆေးရေးဘုတ်အဖွဲ့ဖြင့် စနစ်တကျ ဖွဲ့စည်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ယခင် အဆောက်အအုံများထက် အရည်အသွေးကောင်းမွန်စေရေးအတွက် တာဝန်ယူတည်ဆောက်မည့်အဖွဲ့အစည်းကို အရည်အသွေးနှင့်ပတ်သက်ပြီး အာမခံချက်တောင်းဆိုသွားမည်ဖြစ်ကြောင်း ပါကစ္စတန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၈၆၁၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဟင်းသီးဟင်းရွက်စိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၈၆၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၂၄၃၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၆၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ရာ လျာထားဧကထက် ၄၂၈၅ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ဟင်းသီးဟင်းရွက်ဧက ၂၈၀၀၀ ကျော် စိုက်ပျိုးနိုင်လို့ လျာထားဧကထက် ဧက ၄၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီသီး စတာတွေ စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို တောင်သူတွေက မာတုမာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၇၈၂၃ ဧကစိုက်ပျိုးရန်လျာထားကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ပတ်ကျောရွာလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ အောက်တိုဘာ ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ပတ်ကျောကျေးရွာအုပ်စု ပတ်ကျောရွာလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ ပတ်ကျောရွာလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပတ်ကျောရွာလေးကျေးရွာ၌ ရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၂၀ ဒသမ ၄၅၉ သန်းဖြင့် သုခရတီကုမ္ပဏီက ယခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ပတ်ကျောရွာလေးကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောပြ၍ သိရသည်။

**ဆက်လှ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၀-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၅၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၈၅ | ၂၀၇၀ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၃၀ | ၂၉၅၀ |
| 95 Ron | ၂၁၁၅ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၅ | ၂၁၇၀ | ၂၁၄၅ | ၂၂၄၅ | ၂၂၆၀ | ၂၁၅၅ | ၂၁၇၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၄၃၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၂၅ | ၂၂၉၀ | ၂၄၁၀ | ၂၄၀၅ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၅ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၀ | ၂၄၃၅ | ၂၄၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၀ | ၂၄၂၀ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၉၀ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၇၅ | ၂၄၂၅ | ၂၄၂၅ | ၂၃၈၅ | ၂၄၂၅ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၆၅ | ၂၆၉၅ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၁ | ၁၉၈၃ |
| 95 Ron | ၂၀၀၇ | ၂၀၈၁ |
| HSD (500 ppm) | ၂၁၄၆ | ၂၂၁၈ |
| HSD (50 ppm) | ၂၂၅၇ | ၂၃၃၂ |
| HSD (10 ppm) | ၂၂၆၃ | ၂၃၃၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ရိတ်သိမ်းချိန်

ဝင်းမင်း(ဖန်ခါးမြေ)

(၁)

"နေခြည် နေခြည်ကို ကိုချစ်တယ်"

ကိုဖြိုးထံမှ မမျှော်လင့်သောစကားကို ကြားလိုက်ရ၍ နေခြည်အံ့အားသင့်မှုနှင့်အတူ ဝမ်းသာစိတ်လေးပါ နေခြည့်ရင်ထဲ လှိုင်းထသွားသည်။ နေခြည်ဘက်က သူ့အပေါ် တိတ်တခိုးစိတ်ဝင်စားနေသည်ကို သူသိသွား၍များ နေခြည့်ကို ချစ်ခွင့်ပန်လေသလား။ ခူးခြွေစရာမလိုဘဲ ကြွေကျရန်အားယူနေသည့် ပန်းလေးမို့ အပျင်းပြေ ကောက်မွေးချင်၍များ လက်လှမ်းသည်လား ကိုဖြိုးရယ်။ သို့မဟုတ် သူ တို့လိုပဲ နှစ်နှစ်ကာကာ ချစ်မြတ်နိုး၍ ချစ်ခွင့်ပန်သည်လား၊ သိချင်လှချည်ရဲ့ ရှင်ရယ်။ မည်သည့်စိတ်မျိုးနှင့် ချစ်ခွင့်ပန်သည်ပဲဖြစ်ဖြစ် ကိုယ်ချစ်သည့် ကောင်ကလေးဆီက ချစ်စကားမို့ နေခြည် ပျော်ရသည်။ ရင်လည်း ခုန်မိသည်။

"နေခြည် ကိုကို စိတ်ဆိုးသွားတာလားဟင်၊ ဘာမှလဲ ပြန်မပြောပါလား"

ကိုဖြိုးဆီမှစကားသံထွက်လာတော့ အတွေးများနေသော နေခြည့်ကိုယ်လေး ဆတ်ခနဲလှုပ်ကာ လန့်သွားရှာသည်။

"နေခြည်က ဘာပြန်ပြောရမှာလဲ ကိုဖြိုးရယ်"

"ကိုကို ပြန်ချစ်နိုင်၊ မချစ်နိုင်ဘူးဆိုတာကိုပေါ့"

"နေခြည်စဉ်းစားပါအုံးမယ်"

"First Year ကတည်းက ခင်မင်လာခဲ့တဲ့ သူငယ်ချင်းတွေပဲ နေခြည်ရယ်၊ တစ်ယောက်အကြောင်း တစ်ယောက်သိနေကြတာပဲ။ ဘာစဉ်းစားစရာလိုလို့လဲ"

"လိုတာပေါ့ကိုဖြိုးရယ်။ အခုက သူငယ်ချင်းဆက်ဆံရေးမျိုးနဲ့ ဘဝခရီးဆက်ကြမှာမဟုတ်ဘူးလေ။ ချစ်သူဘဝနဲ့ လက်တွဲသွားကြရမှာလေ။ ပြီးတော့ လရောင်ထဲမှာကော နေရောင်ထဲမှာပါ နေခြည်ရဲ့ချစ်သူက ကိုဖြိုးတစ်ယောက်တည်းပဲ ဖြစ်ချင်တာ။ တက္ကသိုလ်တက်တဲ့အချိန်မှာ ရည်းစားတစ်ယောက်၊ ကျောင်းပြီးလို့ အိမ်ထောင်ရက်သားပြုတော့ အခြားတစ်ယောက်ဆိုတာမျိုးတွေ နေခြည်မဖြစ်ချင်ဘူး။ နေခြည်မျက်နှာမများချင်သလို မျက်နှာများတဲ့ချစ်သူနဲ့လဲ မဆုံချင်ဘူးကွယ်။ ဒါကြောင့် နေခြည့်ကို အေးအေးဆေးဆေး စဉ်းစားခွင့်ပြုပါနော်။ ကိုဖြိုးကိုလဲ နေခြည် လေ့လာချင်သေးတယ်ကွယ်"

နေခြည့်စကားများမှန်နေ၍ ကိုဖြိုးဘာမျှပြန်မပြောတော့သော်လည်း မျက်နှာက အလိုကျပုံမပေါ်။

"အေးအေးဆေးဆေး စဉ်းစားမယ်ဆိုတာတော့ မဟုတ်သေးပါဘူး နေခြည်ရယ်။ ကိုအတွက် အချိန်တစ်ခုတော့ပေးပြီးစဉ်းစားပါ။ ဥပမာ- တစ်ပတ်ဖြစ်ဖြစ်၊ တစ်လဖြစ်ဖြစ်ပေါ့။ အို တစ်လချည်းလဲ ကိုမစောင့်နိုင်ဘူး နေခြည်ရယ်။ တစ်ပတ်လောက်စဉ်းစား။ ပြီးရင် အဖြေပေးပါတော့နော်"

ကလေးဆိုးကြီးလို တတွတ်တွတ်ပြောပြီး ပူဆာနေသော ကိုဖြိုးကိုကြည့်၍ နေခြည်ရယ်ချင်မိသလို သနားစိတ်လည်း ဝင်ရပြန်သည်။ တကယ်တော့ ကိုဖြိုးအတွက် နေခြည်၏အဖြေက ရှိပြီးသားပါ။ ဒါပေမဲ့ အလွယ်တကူပေးလိုက်လျှင် တန်ဖိုးမထားမှာစိုး၍ နေခြည် အကြောင်းပြချက်များ ပေးနေမိခြင်းဖြစ်သည်။

(၂)

တစ်ပတ်လောက်ကြာတော့ ကိုဖြိုးလိုချင်သော အဖြေကို နေခြည် ပေးလိုက်သည်။ ကိုဖြိုး ပျော်နေသည်ကိုကြည့်ပြီး နေခြည်လည်းပျော်ရသည်။ ချစ်သူနှစ်ဦး ချစ်စကြင်စ အချိန်လည်းဖြစ်၍ ပျော်မဆုံး မော်မဆုံး ရှိခဲ့ကြသည်။ ကျောင်းသွားလည်းအတူတူ၊ ကျောင်းပြန်လည်း မခွဲမခွာ။ ကျောင်းပိတ်ရက်ဆို ရုပ်ရှင်ကြည့်ကြသည်။ ဘုရားသွားကြသည်။ တစ်ခါတလေ မြို့အပြင်ထွက်၍ ဆိုင်ကယ်လျှောက်စီးကြသည်။ ချစ်သူတို့ဘဝ ပျော်မဆုံး၊ ရွှင်မဆုံး နွဲ့ပျော်မဝနိုင်ခဲ့။ ချစ်သူသက်တမ်း သုံးလလောက်ကြာတော့ ကိုဖြိုးတစ်ယောက် သူ့အိမ်က ပိုက်ဆံပို့တာမရောက်သေး၍ အသုံးစရိတ်ပြတ်သွားသောကြောင့် နေခြည့်ဆီမှ ငွေသုံးသောင်းချေးသည်။ ချစ်သူအချင်းချင်း ချေးသည်ဆိုသည့် စကားကိုသုံးတာမကြိုက်၍ ကိုဖြိုးကို နေခြည် နှုတ်ခမ်းစူပြလိုက်သည်။ ပိုက်ဆံလည်း ပြန်ဆပ်စရာမလိုကြောင်းပါ ပြောလိုက်သည်။ နောက်တစ်နေ့ လမ်းထိပ်က ထမင်း၊ ဟင်း ဆိုင်ကို ဟင်းသွားဝယ်တော့ ကိုဖြိုးသူငယ်ချင်း ထူးအောင်နှင့်ဆုံရာ နေခြည်ကို ကိုဖြိုးတစ်ယောက် လောင်းကစားလုပ်နေကြောင်း ဒီအတိုင်းလွှတ်မထားရန် ပြောသည်။ ထူးအောင်စကားကြောင့် နေခြည် ထိတ်ခနဲဖြစ်သွားသည်။ ကိုဖြိုးနှင့်တွေ့တော့ လောင်းကစားလုပ်သည်နှင့် ပတ်သက်ပြီး ပြောတော့ အဆောင်တွင် သူငယ်ချင်းများ အပျင်းပြေ ၅၀၊ ၁၀၀ ဖိုး ဖဲရိုက်ခြင်းဖြစ်ကြောင်း၊ ထူးအောင်က နေခြည်ကို တမင်စချင်၍ ပြောခြင်းသာဖြစ်ကြောင်း ရှင်းပြမှ နေခြည်စိတ်အေးသွားရသည်။ အခုကစပြီး ၅၀၊ ၁၀၀ လည်း မရိုက်ရန်၊ လောင်းကစားဆိုသည်မှာ စွဲတတ်ကြောင်း နေခြည် ကိုဖြိုးကို ပြောပြရသည်။

"ဟုတ်ကဲ့ပါ ဆရာမကြီးရယ်"လို့ ကိုဖြိုး လက်ပိုက်ခေါင်းညိတ်ပြတော့ နေခြည်ပြုံးမိသည်။ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုး လွယ်လွယ်ပေးခဲ့သော ကတိမှန်း နေခြည်ထိုစဉ်က မသိခဲ့ပါ။

(၃)

"ကိုထူးအောင်နော် သူများချစ်သူကြား တော်ရုံစတာပဲ ကောင်းမယ်နော်"

ထူးအောင်နှင့်ကျောင်းကန်တင်းအဝင်တွင် ဆုံကြ၍ နေခြည် ကိုဖြိုးကိစ္စနှင့်ပတ်သက်ပြီး ထူးအောင်ကို မျက်စောင်းထိုး၍ ပြောလိုက်သည်။

"ဟာ ငါ ဘာစလို့တုံးဟ"

"ကြည့် သူပဲပြောပြီး မသိချင်ယောင်ဆောင်နေပြန်ပြီ။ ကိုဖြိုး လောင်းကစားလုပ်နေတယ် ဆိုတာလေ"

ထူးအောင်မျက်နှာတည်သွားသည်။

"ဟာ ငါစတာမဟုတ်ဘူးနော် နေခြည်။ အတည်ပြောနေတာ။ နင်မယုံရင် ဖြိုးနဲ့ပေါင်းနေတဲ့ ဟိန်းသူတို့၊ ဇော်ထိုက်တို့ကိုမေးကြည့်။ အခုက ဖြိုးက ဖဲရိုက်တာအပြင် ဘောလုံးပါလောင်းနေတာနော်။ ငါ သူများချစ်သူကြား ဝင်မပါချင်ပါဘူးဟာ။ ဒီကောင်ကြီး လောင်းကစားနဲ့ ဘဝပျက်သွားမှာစိုးလို့ နင့်ကို ပြောတာပါ။ နင်က သူ့ကောင်မကလေးဆိုတော့ နင်ပြောရင် ရမယ်ထင်လို့ပါ။ ကဲ ငါ လက်ချာဝင်စရာရှိလို့ သွားပြီဟာ"

ထူးအောင် နေခြည့်ကို စခြင်းမဟုတ်ဘူးဆိုသည်ကို သူ့မျက်နှာနှင့် သူ့လေသံအရ နေခြည် မယုံ၍မဖြစ်။ ကိုဖြိုးနှင့်ပတ်သက်၍ သူ့သူငယ်ချင်း ဇော်ထိုက်ဆီ စုံစမ်းကြည့်ရန် နေခြည် ဆုံးဖြတ်လိုက်သည်။

(၄)

"ဟုတ်တယ် နေခြည်။ ဒီကောင်ဖြိုး လောင်းကစားစွဲနေပြီ။ အခုသူစီးတဲ့ဆိုင်ကယ်လဲ ပေါင်ထားရာကနေ မရွေးနိုင်တော့ ရောင်းပစ်လိုက်ပြီ။ ဒါက နင်မြင်သာအောင်ပြောတာ။ လက်စွပ်တို့၊ ဆွဲကြိုးတို့ဆိုတာ ဘောလုံးထဲ ပါသွားတာကြာပြီ"

"နေခြည်လဲ သူ့လက်စွပ်နဲ့ဆွဲကြိုး မမြင်မိလို့ မေးကြည့်တော့ သူ့အမေက သူနဲ့ပတ်သက်ပြီး ဗေဒင်မေးကြည့်တာ ဗေဒင်ဆရာက အခုရက်ပိုင်း ရွှေနဲ့မတည့်ဘူး။ ကျန်းမာရေးညံ့တတ်တယ်ဆိုလို့ သူ့အမေက ချွတ်ထားဖို့ပြောတာနဲ့ ချွတ်ထားတာတဲ့။ ဆိုင်ကယ်ကလဲ အိုဗာအောချနေလို့ ဆိုင်ကယ်ပြင်ဆိုင်မှာ ရောက်နေတာတဲ့"

"အဲဒါ ဒီကောင် နင့်ကို ညာနေတာ နေခြည်"

ကိုဖြိုးအကြောင်းများ ကြားသိရ၍ နေခြည် အတော်စိတ်ထိခိုက်မိသည်။ သည်လို လောင်းကစားသမားမျိုးကိုလည်း နေခြည့်ဘဝတစ်သက်စာ လက်မတွဲဝံ့ပါ။ ထို့ကြောင့် ကိုဖြိုးနှင့်တွေ့လျှင် ပြတ်သားတိကျသော ကတိတစ်ခုကိုတောင်းရန် နေခြည်ဆုံးဖြတ်လိုက်သည်။ နေခြည်လိုချင်သောကတိကို မပေးနိုင်လျှင် ကိုဖြိုးနှင့် နေခြည် လမ်းခွဲရလိမ့်မည်။

(၅)

"ကိုဖြိုး နေခြည့်ကို ဘာမှလိမ်ညာဖို့ မကြိုးစားပါနဲ့။ ကိုဖြိုး လောင်းကစားကို စွန့်လွှတ်မလား၊ နေခြည့်ကို စွန့်လွှတ်မလား။ ပြတ်ပြတ်သားသားဆုံးဖြတ်ပါ။ နေခြည် လောင်းကစားသမားတစ်ယောက်ကို ဘဝတစ်သက်စာ လက်တွဲရလောက်အောင်တော့ နေခြည် မမိုက်မဲဘူး"

နေခြည် စကားကို ပြတ်ပြတ်သားသားပြောလာတော့ ကိုဖြိုး နေခြည့်ကိုစွန့်လွှတ်ရမည်ကို ကြောက်လာသည်။ နေခြည်နှင့်လမ်းမခွဲနိုင်။ ထို့ကြောင့် လောင်းကစားကို စွန့်လွှတ်ပါမည့်အကြောင်း နေခြည့်ကို ကတိပေးလိုက်သည်။

"ယောကျ်ားကတိနော် ကိုဖြိုး။ ကိုဖြိုး လောင်းကစားလုပ်နေသေးတယ်ဆိုတာ နောက်တစ်ကြိမ် ထပ်ကြားသိရတယ်ဆိုရင် ကိုဖြိုးကို နေခြည်ခွင့်မလွှတ်တော့ဘူးနော်"

"ယောကျ်ားကတိပါ နေခြည်ရယ်။ ကို ကတိတည်ပါတယ်"

အလေးအနက်ပြောနေသော ကိုဖြိုးမျက်နှာကို ကြည့်လိုက်၍ နေခြည်ယုံလိုက်သည်။

(၆)

ကိုဖြိုးလည်း နေခြည့်ကို ကတိပေးပြီးသည့်နေ့မှစ၍ မည်သည့်လောင်းကစားမှမလုပ်တော့ပါ။ လောင်းကစား အတူလုပ်ခဲ့သော သူငယ်ချင်းများနှင့်လည်း အတတ်နိုင်ဆုံးရှောင်ခဲ့သည်။ သို့သော်လည်း ရင်းနှီးခင်မင်စရှိခဲ့သောကြောင့် ထိုသူငယ်ချင်းများနှင့်လုံးဝ မပတ်သက်၍လည်း မရပြန်။ တစ်ညနေ အဆောင်တွင် ကိုဖြိုးတစ်ယောက် ဝတ္ထုဖတ်နေစဉ် ဖဲအတူဆော့ခဲ့ဖူးသော သူငယ်ချင်း ဝင်းထိန် ရောက်လာသည်။

"ကိုဖြိုး ငါနဲ့ အေသုံးလုံးအဆောင် လိုက်ခဲ့စမ်းကွာ။ အဲဒီမှာ ဒီညဝိုင်းကောင်းမယ်ပြောတယ်"

"အာ ငါ ဖဲမကစားတော့တာ မင်းအသိပဲလေကွာ၊ ငါမလိုက်တော့ဘူး ဝင်းထိန်ရာ"

"သွားကစားရမှာ ငါတစ်ယောက်တည်း အဖော်မရှိလို့ပါကွာ။ မင်းကလဲ မင်းမဆော့ချင်လဲ ငါ့ဘေးနားက ထိုင်ပေးပေါ့ကွာ။ ပြီးတော့ မင်းက ဖဲကစားတာကျွမ်းတော့ ငါ့အတွက်အကူအညီရလို့ပါကွာ။ နော် သူငယ်ချင်း"

"ငါလောင်းကစားနဲ့ လုံးဝ မပတ်သက်ချင်တော့ဘူး ဝင်းထိန်ရာ။ မင်း အခြားသူငယ်ချင်းတွေ ခေါ်သွားစမ်းပါ"

"သူတို့ကလဲ မြို့ထဲကဝိုင်းတွေ ရောက်နေလို့ပါကွာ။ ဒီတစ်ခါတည်းပါ သူငယ်ချင်းရာ။ လိုက်ခဲ့စမ်းပါကွာ"

ဝင်းထိန်ပုံစံသည် ကိုဖြိုး မလိုက်လျှင် အခန်းထဲက ကုတင်နှင့်ဆွဲထုတ်တောင် ထွက်မည့်ပုံမပေါ်၍ ကိုဖြိုး ထလိုက်ရတော့သည်။

"ဒီတစ်ခါပဲနော် ဟေ့ကောင်"

"အေးပါကွာ"

ဝင်းထိန် မျက်နှာသည် ကိုဖြိုးပါလာ၍ ပြုံးဖြဲဖြဲ ဖြစ်နေသည်။

(၇)

အေသုံးလုံးအဆောင်ရောက်တော့ ဝိုင်းက တစ်အိမ်လိုနေသည်နှင့် အသင့်ဖြစ်သွားသည်။ ကိုဖြိုးက ဝင်းထိန့်ဘေး ဝင်ထိုင်လိုက်သည်။ ဝိုင်းထဲကလူတချို့ကို ကိုဖြိုး အကဲခတ်လိုက်တော့ ကျောင်းသားများအပြင် မျက်နှာစိမ်းလူနှစ်ဦးပါ တွေ့ရသည်။ ဘေးကကျော်ကြီးမေးကြည့်တော့ မြို့ထဲက အရပ်သားများဟုသိရသည်။ ဝိုင်းအစက ရာဂဏန်းလောက်နှင့် စခဲ့သော်လည်း တဖြည်းဖြည်းနှင့်အရှိန်မြင့်လာသည်။ ထောင်ဂဏန်းမှ သောင်းဂဏန်းထိ ဖြစ်လာသည်။ မြို့ထဲက သူစိမ်းနှစ်ဦးမှာ အလှည့်ကျ မကြာခဏနိုင်နေသည်။အခြားသူများ ရှုံးသည်က များသည်။ ကိုယ်တိုင်ကစားသူများက သူတို့ဇောနှင့်မို့ သတိမထားမိသော်လည်း မြို့ထဲက သူစိမ်းနှစ်ယောက်ကို ကိုဖြိုး မသင်္ကာ၍စောင့်ကြည့်နေသည်။ ကိုဖြိုး စောင့်ကြည့်နေစဉ် မြို့ထဲက သူစိမ်းတစ်ဦးက သူ့ညာဘက် ဒူးခေါင်းကိုကုတ်သလိုလိုနှင့်

စာမျက်နှာ ၂၅ သို့➤

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၉၈၉၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၉၈၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၁၀၂၂၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၉၈၉၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ သီးနှံစုံဧက ၂၀၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၁၄၀၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ မိုးသီးနှံစိုက်ပျိုးရာသီမှာ အချိန်မီစိုက်ပျိုးကြဖို့ ဆောင်ရွက်နေပါတယ်။ ပညာပေးလုပ်ငန်းတွေလဲ ဆောင်ရွက်လျက် ရှိပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးစပါး ၁၀၅၀၈၃ ဧက၊ ပဲမျိုးစုံ ၂၁၂၁၆ ဧက၊ ဆီထွက်သီးနှံ ၁၀၈၆၂ ဧက၊ ကြံ ၇၅ ဧက၊ ဝါ ၄၈ ဧက၊ စားဖိုဆောင်သီးနှံ ၉၅ ဧက၊ အခြားသီးနှံ ၇၅၅၃ ဧကနှင့် နှစ်ရှည်ပင် ၄၉၆၁ ဧက စုစုပေါင်း ၁၄၉၈၉၇ ဧက တို့ဖြစ်ကြောင်း၊ ရွှေဘိုမြို့နယ်တွင် သီးနှံအလိုက် လျာထားမှုအနေဖြင့် မိုးစပါးဧက ၁၁၃၉၀၀၊ ပဲမျိုးစုံ ၃၇၆၃၈ ဧက၊ ဆီထွက်သီးနှံ ၂၃၂၃၇ ဧက၊ ကြံ ၂၁၄၄ ဧက၊ စားဖိုဆောင်သီးနှံ ၈၁ ဧက၊ အခြားသီးနှံ ၃၃၂၂၁ ဧက စုစုပေါင်း ၂၁၀၂၂၁ ဧကဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

(၂၀၆)

---

➤ စာမျက်နှာ ၂၄ မှအဆက်

ဒူးခေါင်းအောက်က ဖဲတစ်ချပ်နှင့် သူ့လက်ထဲက ဖဲတစ်ချပ် လဲလိုက်သည်ကို ကိုဖြိုး မြင်လိုက်သည်။

"ဟေ့လူ ခင်ဗျား ဒါဘာလုပ်တာလဲ"

"ဘာလုပ်လို့လဲကွ"

သူစိမ်းမှာ ရုတ်တရက် မျက်နှာပျက်သွားပြီး အသံမှာတုန်နေသည်။

"ခင်ဗျား ဖဲခိုးတာ ကျွန်တော်မြင်တယ်"

"ဟေ့ကောင် မင်းငါ့ကို မဟုတ်တာ မပြောနဲ့နော်"

"ဒါဆို ခင်ဗျားညာဘက်ဒူးခေါင်း ထောင်လိုက်လေ"

"ဟုတ်တယ် ခင်ဗျားမခိုးရင် ထောင်လိုက်"

အခြားဖဲကစားနေသူများကပါ ဝင်ပြောနေကြပြီ။ ထိုသူစိမ်းဘေးတွင် ဖဲကစားနေသည့် ကျောင်းသားက သူစိမ်း၏ ဒူးခေါင်းကို မ လှန်လိုက်သည်။ ဖဲချပ်တစ်ချပ်ပေါ်လာသည်။

"ဟာ ဒီလူ ငါတို့ကို ဖဲလိမ်ရိုက်နေတာပဲ။ သူနိုင်သမျှပိုက်ဆံ ပြန်တောင်းကွာ"

"ဟုတ်တယ် ပိုက်ဆံတွေပြန်ပေးပါ"

ဖဲကစားနေသူများထံမှ တစ်ယောက်တစ်ပေါက်ထွက်ပေါ်လာသည်။

"မပေးဘူးကွာ၊ ယူရဲတဲ့ကောင် ယူကြည့်။ ဟော့ဒီမှာ တွေ့လား။ အကုန် မသာပေါ်သွားမယ်"

ဖဲလိမ်သည့် သူစိမ်းက သူ့ခါးတွင်ထိုးထားသည့် ဓားမြှောင်ကိုဆွဲထုတ်လိုက်သည်။ မီးအလင်းရောင်ဖြင့် ဓားမြှောင်၏အသွားမှာ လက်ခနဲ။ ကျောင်းသားများအပေါ် မတရားအနိုင်ကျင့်နေသော ထိုသူစိမ်းကို ကိုဖြိုး ခုန်အုပ်လိုက်သည်။ သူစိမ်းမှာ ရုတ်တရက် မထင်ထား၍ လဲကျသွားကာ လက်ထဲမှဓားလည်း လွတ်ကျသွားသည်။ ကိုဖြိုး ထိုသူစိမ်း၏ မျက်နှာကို အပေါ်မှစီးမိုး၍ လက်သီးဖြင့် ဘယ်ပြန်ညာပြန်ထိုးနေသည်။ ကိုဖြိုး သူစိမ်းကို ကုန်းထိုးနေချိန် နောက်ကျောတစ်နေရာမှ စူးခနဲခံစားရကာ ကိုဖြိုး ဘေးသို့လဲကျသွားသည်။ သူစိမ်းနှင့်ပါလာသော အခြားလူတစ်ဦးက ကိုဖြိုးကို ဓားဖြင့်ထိုးခြင်းဖြစ်သည်။ ကိုဖြိုး သွေးအိုင်ထဲလဲကျသည်ကိုမြင်တော့ ထိုသူစိမ်းနှစ်ဦး အဆောင်ထဲမှ ဒရောသောပါးထွက်ပြေးသွားသည်။ အခြားသူများက အဆောင်နားမှ ကားတစ်စီးကိုအကူအညီတောင်းကာ ကိုဖြိုးကို မြို့ထဲရှိဆေးရုံသို့လိုက်ပို့ကြသည်။

(၈)

"ရှင်. . . ကိုဖြိုး ဆေးရုံအရေးပေါ်ခန်းထဲရောက်နေတယ်။ ဟုတ်ဟုတ် ကျွန်မ အခုလာခဲ့ပါ့မယ်ရှင့်"

ဆေးရုံကနေ ထူးအောင် ဖုန်းဆက်ခြင်းဖြစ်သည်။ နံနက်မှလိုက်လာရန် ပြောသော်လည်း ကိုဖြိုးကို မတွေ့ရမချင်း နေခြည် အဆောင်တွင် နေ၍ ရမည်မဟုတ်။ နေခြည် တစ်ကိုယ်လုံး တုန်ယင်နေသည်။ နာရီကြည့်လိုက်တော့ ညရှစ်နာရီထိုးနေပြီ။ နေခြည် ပိုက်ဆံအိတ်လွယ်ကာ ဆိုင်ကယ်ကို အဆောင်ထဲမှထုတ်၍ မောင်းထွက်ခဲ့သည်။ လမ်းရောက်မှ သူတစ်ယောက်တည်းဆိုသည်ကို သတိရမိသည်။ စိတ်များပူထူနေ၍ မိန်းကလေးအဖော် ခေါ်မလာမိ။ ယခုမှတော့ ပြန်မခေါ်ချင်တော့။ လမ်းပေါ်တွင် ကား၊ ဆိုင်ကယ်များ သွားလာနေ၍ လူတော့မပြတ်ပါ။

"ကိုဖြိုး အသက်အန္တရာယ် မထိခိုက်ပါစေနဲ့ အရှင်ဘုရား"

ဆိုင်ကယ်မောင်းရင်း နေခြည် ကိုဖြိုးအတွက် ဆုတောင်းနေမိသည်။ ဆိုင်ကယ်ဒိုင်ခွက်လေးက ကီလို ၈၀ ကျော်ပြနေသော်လည်း ဆိုင်ကယ်အရှိန်နှေးနေသည်ဟု နေခြည်ထင်နေမိသည်။

"အရှေ့ထဲ ရှေ့က ကုန်ကားကလဲ မောင်းတာနှေးလိုက်တာ"

မိုးကာစများ ပတ်အုပ်ထားသော ကုန်ကားကြီးကိုကျော်တက်ရန် နေခြည် ဆုံးဖြတ်လိုက်သည်။ လီဗာကို ခပ်ဆဆဆွဲ၍ အရှိန်မြှင့်ပြီး ကုန်ကားကြီးကို ဘယ်ဘက်ဘေးမှ ကျော်တက်ပစ်လိုက်သည်။

"တီ တီ"

အရှိန်ဖြင့်မောင်းလာသော ကားတစ်စီးကို နေခြည် ရုတ်တရက် တွေ့လိုက်သော်လည်း ဆိုင်ကယ်အရှိန်ကမြန်လွန်း၍ ဘရိတ်အုပ်ရန် အချိန်မမီတော့။

"ဒိုင်း"

"အား"

(၉)

ကိုဖြိုး ခွဲခန်းထဲမှပြန်ထွက်လာပြီ။ ဆရာဝန်ကြီးက အသက်အန္တရာယ် စိုးရိမ်စရာမလိုကြောင်းပြောသည်။ ဆရာဝန်ကြီးက ကိုဖြိုး၏အခြေအနေကို ရှင်းပြနေသော်လည်း ဘေးတွင်ရပ်နေသော သူငယ်ချင်းများ၏မျက်နှာက ပြုံးပြုံးရွှင်ရွှင် မရှိကြ။ ပြီးတော့ သူ့ဘေးတွင် သူချစ်သူ နေခြည် မရှိသည်ကိုလည်း ကိုဖြိုး သတိထားမိသည်။ တကယ်ဆို သည်လိုအခြေအနေမျိုးတွင် သူ့ဘေး၌ နေခြည် ရှိနေရမည်ပေါ့။

"ထူးအောင် နေခြည်ကော၊ နေခြည် လာတာမတွေ့ပါလား"

ကိုဖြိုး မေးတော့ ထူးအောင်မျက်ရည်ဝိုင်းသွားသည်။ ကိုဖြိုးကို သူ ဘယ်လိုပြောရမှာလဲ။

"ထူးအောင် ငါမေးနေတယ်လေကွာ။ နေခြည်ကောလို့"

အခုမပြောလည်း နောင်သိမည်ဖြစ်၍ ထူးအောင် ပြောရန် ဆုံးဖြတ်လိုက်သည်။

"နေခြည် ဆုံးသွားပြီ သူငယ်ချင်း"

"ဘာ"

ထူးအောင်စကားကို ကိုဖြိုးမယုံ။

"မနေ့ညက မင်းအရေးပေါ်ခန်းထဲရောက်နေတော့ နေခြည့်ကို ငါဖုန်းဆက်ပြီး အသိပေးလိုက်တယ်။ မနက်မှလာဖို့ ပြောပေမဲ့ သူ ညတွင်းချင်း ဆေးရုံကိုဆိုင်ကယ်နဲ့လိုက်လာတယ်။ ဆေးရုံမရောက်ခင် လမ်းမှာပဲ ဆိုင်ကယ်အက်စီးဒင့်ဖြစ်ပြီး နေရာတင်ပွဲချင်းပြီး ဆုံးသွားတယ် သူငယ်ချင်း"

"ဟာ. . ."

သူ့ကြောင့် နေခြည်သေရ၍ ကိုဖြိုးတစ်ယောက် ဖြေမဆည်နိုင်အောင် ငိုကြွေးရလေပြီ။

"ပြီးတော့ မင်းကိုလဲ တို့ကျောင်းရဲ့စည်းကမ်းအတိုင်း ပါမောက္ခချုပ်ကြီးက လောင်းကစားမှုနဲ့ ရန်ဖြစ်မှုကြောင့် ကျောင်းကနေထုတ်လိုက်ပြီ သူငယ်ချင်း။ မင်းကျောင်းတက်ခွင့်မရှိတော့ဘူး"

သွားပြီ။ ကိုဖြိုးဘဝ ဘာမှရစရာမရှိတော့။ လောင်းကစား၏ ဆိုးကျိုးများကြောင့် သူချစ်မြတ်နိုးရသော ချစ်သူလည်းဆုံးပြီ။ သူ့ဘဝလည်း ပျက်ခဲ့ပြီ။ ဘယ်သူမပြု မိမိမှုဆိုသည့်အတိုင်း ကိုယ်တိုင်စိုက်ပျိုးခဲ့သမျှ ကိုယ်တိုင်ရိတ်သိမ်းရခြင်းသာလို့ ကိုဖြိုး နာနာကျင်ကျင်တွေးနေမိသည်။ ရိတ်သိမ်းချိန်သည် ပူလောင်လွန်းလှပါတကား။

---

## မေတ္တာကိုခြံ ဘဝရိပ်မြုံ

\- လောကဝယ် တစ်ခဏ
ရောက်လာကြ လူ့ဘုံ၊
အတိတ်ကံ အကောင်းအဆိုးတို့
အမျိုးမျိုးကြုံ၊
ကောင်းကံရဖို့ မေတ္တာခြုံ
ရိုးသားဂုဏ် ပိုးလိုမွေး၊
အတ္တမာန် ဖယ်ကြဉ်သတ်
စိတ်ဓာတ်ပြင်ပေး။

\- တစ်နေ့တာ ဘဝအရေး
မေတ္တာဆေး သောက်သုံးပါ၊
ဒေါသမာန် မောဟရှင်း
အပူကင်းကွာ။
စိတ်သွားတိုင်း ကိုယ်ကပါ
ဘဝဆိုတာ တိုတောင်းလှ၊
ဗြဟ္မစိုရ် မြတ်တရား
လက်ကိုင်ထားကြ။

\- ရုန်းကန်နေ လူ့ဘဝ
လုပ်ရှားရ နေ့စဉ်ဝယ်၊
နွမ်းပါးသူ လက်ကိုဆွဲ
ယှဉ်တွဲကူမယ်၊
ရခဲလှ ဘဝရယ်
မကောင်းမှုပယ် ကောင်းမှုပွား၊
မေတ္တာရေ လှိုင်လှိုင်သောက်လို့
ဆောင်ရွက်ကာသွား။

\- ကောင်းစိတ်မြင် ကောင်းစိတ်ထား
နှလုံးသား အလှဆင်၊
တစ်နေ့တာ ဆောင်ရွက်သမျှ
လောဘရှောင်ကြဉ်၊
လောကအကျိုး သယ်ပိုးအစဉ်
စိတ်ဘဝင် ဖြူအောင်မွေး၊
ရိုးသားစွာ
ကြိုးစားပါ ဘဝလမ်းကိုလ
လျှောက်လှမ်းစို့လေး။ ။

**ချစ်သက်(မြန်မာစာ)**

---


**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ခရီးသွားဆောင်းပါး

# တမ်းတမ်းတတ မြို့ကြီးတောရ

သက်နိုင် (ပြင်ဦးလွင်)

ဒီတစ်ခေါက်ထွက်ခဲ့တဲ့ ခရီးစဉ်က ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တို့ရဲ့ နယ်နိမိတ်အစပ်မှာရှိနေတဲ့ ဆင်ခေါင်းတောင် ရေပေါ်အပန်းဖြေစခန်းနဲ့ မြို့ကြီး တောရကျောင်းတို့ဖြစ်ပါတယ်။ ဒီနေရာတွေကို သွားမယ်လို့ အစီအစဉ်လဲမရှိ၊ စဉ်းစားလဲမထားပေမဲ့ မမျှော်လင့်ဘဲ ရောက်ရှိသွားခဲ့ရပြီး ပျော်ရွှင်စရာခရီးစဉ်တစ်ခုဖြစ်ခဲ့ရတယ်။ အမှန်တကယ် ခရီးစဉ်အစစ်က မကြာခဏသွားရောက်ရလေ့ရှိနေတဲ့ ငယ်သူငယ်ချင်း ကိုသိန်းဝင်းရဲ့ ဆွေမျိုးမောင်နှမတွေရှိရာ ကျောက်ဆည်မြို့နယ် အရှေ့သာဂရရွာပါ။ သူငယ်ချင်း ကိုသိန်းဝင်းက အားတဲ့နေ့ သွားကြရအောင်လို့ ဆိုလိုက်တဲ့အခါတိုင်း စီစဉ်ပြီးသွားနေကြတာ နှစ်လတစ်ခေါက်၊ သုံးလတစ်ခေါက်လောက် ရောက်ဖြစ်နေတယ်။ ပြင်ဦးလွင်နဲ့ ကျောက်ဆည်ခရီးဆိုတာကလဲ နီးနီးလေးမို့ပါ။

မိမိအနေနဲ့ အရှေ့သာဂရရွာကို သွားရောက်ချင်တဲ့အကြောင်းအရာ များစွာရှိနေပါတယ်။ ဒါတွေက ရွာဟင်း၊ ရွာထမင်းတွေနဲ့ မြိန်ရေရှက်ရေအားရပါးရ စားသောက်ရတာပါ။ ရွာကိုရောက်တဲ့အခါတိုင်း မိမိတို့ကြိုက်နှစ်သက်တဲ့ ခရမ်းချဉ်သီးငါးပိချက်၊ ပဲဟင်းချို၊ အရွက်သုပ်၊ အတို့အမြှုပ်မျိုးစုံနဲ့ ဝက်သားဟင်းတွေကို ချက်ပြုတ်ကျွေးမွေးလေ့ရှိတယ်။ ဝက်သားဟင်းက မိမိတို့လာတယ်ဆိုမှ တကူးတကဝယ်ယူချက်ပေးနေပေမဲ့ ကျန်တဲ့ဟင်းတွေဖြစ်တဲ့ ခရမ်းချဉ်သီးငါးပိချက်၊ အသီးအရွက်မျိုးစုံ၊ တို့စရာတွေက နေ့စဉ်နီးပါး ချက်ပြုတ်စားသောက်နေကျလို့ဆိုတယ်။ ရွာကိုရောက်ပြီး မကြာခင်မှာ ဆန်ကောင်းကောင်းနဲ့ချက်တဲ့ ထမင်းပူပူကို ခရမ်းချဉ်သီးငါးပိချက်၊အတို့အမြှုပ်တွေ၊ ပဲဟင်းရည်ပူပူတွေနဲ့ စားသောက်ရတာ အလွန်မြိန်ပါတယ်။ ဝက်သားဟင်းနဲ့အတူ တစ်ခါတစ်ရံမှာ လယ်ထဲကရတာ၊ ချောင်းထဲကရတာဆိုပြီး လတ်လတ်ဆတ်ဆတ် ကြော်ကျွေးတဲ့ ငါးကြော်၊ ပုစွန်လုံးကြော်တွေကလဲ ထမင်းစားရတာ ပိုမိုမြိန်ရှက်စေပါတယ်။

နောက်ထပ်တစ်ချက်ကတော့ ရွာအဝင်၊ ရွာအနီး လမ်းဘေးတစ်လျှောက်မှာ လယ်ကွင်းလယ်ကွက် စိမ်းစိမ်းစိုစိုတွေ၊ သရက်ခြံ၊ ငှက်ပျောခြံ အုပ်အုပ်ဆိုင်းဆိုင်းတွေ ဘုရားစေတီ အစီအရီနဲ့ တောင်ကုန်းတောင်တန်း မြင့်မြင့်မားမားတွေ ကြည်ကြည်လင်လင်နဲ့ တသွင်သွင်စီးဆင်းနေတဲ့ ချောင်းရေ၊ မြောင်းရေတွေကို မြင်တွေ့နေရတာက စိတ်ကိုပေါ့ပါးလန်းဆန်းသွားစေတယ်။ ဒီလိုမြင်ကွင်းရှုခင်းတွေက ကျေးရွာတွေရောက်မှ မြင်တွေ့ခွင့်ရတာဖြစ်သလို ကျေးရွာတိုင်းမှာတောင် မရှိကြတော့ပါဘူး။ ရှောက်သီး ထွက်ရှိတဲ့ဒေသဖြစ်တာကြောင့် ရှောက်သီးခြောက်တွေကလဲ သွားတဲ့အခါတိုင်း လက်ဆောင်ရနေတယ်။ နနွင်းတက်တွေကတော့ ခြင်ဆေးအဖြစ် အသုံးပြုဖို့ အကောင်းဆုံးဖြစ်နေလို့ အိမ်မှာ ကုန်ခါနီးနေပြီ ထည့်ပေးလိုက်အုံးဆိုပြီး တောင်းယူရတယ်။ နနွင်းတက်နဲ့ မီးဖိုထားတဲ့ အငွေ့တွေက ခြင်အန္တရာယ်ကို အကာအကွယ်ပေးနေတယ်။ ငှက်ပျောဖူးအချဉ်ဆိုတာကတော့ ကြီးမားကျယ်ဝန်းလှတဲ့ ငှက်ပျောခြံထဲက ထွက်ရှိလာသမျှ ငှက်ပျောဖူးတွေကို ရောင်းလို့မကုန်၊ စားလို့မကုန်တာကြောင့် စဉ့်အိုးကြီးတွေနဲ့ အချဉ်တည်ထားကြတာပါ။ ငှက်ပျောဖူးချဉ်ကို သုပ်စားရင် အလွန်ကောင်းပါတယ်။ ရာသီအလိုက် ထွက်ရှိတဲ့ သရက်သီး၊ သံပုရာသီး၊ စောင်းလျားသီး၊ သီးသီး စတဲ့ အသီးတွေကလဲ ပြင်ဦးလွင်မှာရှားပါးတဲ့အတွက် သယ်ယူခဲ့ကြရသေးတယ်။ ဒါတွေက အရှေ့သာဂရရွာကို သွားလိုချင်တဲ့အကြောင်းရင်းအချက်တွေဖြစ်ပါတယ်။

အခုတစ်ခါလဲ အရှေ့သာဂရရွာကို ရောက်ရပြန်ပါပြီ။ ပြင်ဦးလွင်မြို့ကနေ မနက် ၇ နာရီကတည်းက ထွက်လာကြလို့ ရွာကိုရောက်တော့ မနက် ၉ နာရီ လောက်သာ ရှိနေသေးတယ်။ ရောက်ရှိပြီး တစ်ခဏနေတာနဲ့ မျှော်လင့်ထားတဲ့ ရှောက်သီးငါး ငါးပိချက်ကို အတို့အမြှုပ်အစုံအလင်နဲ့ ပဲဟင်းချိုပူပူ၊ ငှက်ပျောဖူးသုပ်၊ ဝက်သားဟင်းတွေနဲ့ စားသောက်ကြရတယ်။ ထမင်းစားသောက်နေရင်း သူငယ်ချင်းဖြစ်သူက အိမ်ရှင်တွေဖြစ်တဲ့ သူ့ရဲ့ဝမ်းကွဲညီအစ်မတွေ၊ တူတွေ၊ တူမတွေကို တစ်နေရာရာလိုက်ပို့ပေးရအောင်၊ ဘယ်နေရာပို့ပေးရင်အဆင်ပြေမလဲဆိုပြီး မေးမြန်းလာတယ်။ အရှေ့သာဂရရွာကို စတင်ရောက်ရှိခဲ့ချိန်တုန်းက စားရင်းသောက်ရင်း နားနေရင်းနဲ့ ရွာမှာရှိတဲ့ ငှက်ပျောခြံ၊ ကွမ်းရွက်ခြံ၊ သရက်ခြံတွေကိုသာ ရောက်ရှိခဲ့တယ်။ နောက်အခေါက်တွေမှာ ရွာပတ်ဝန်းကျင်မှာရှိတဲ့ မြင်စိုင်းနန်းဦးစေတီတော်၊ ပန်းပဲမောင်တင့်တယ်တောင်နဲ့ ဂူတွေကို ရောက်ရှိခဲ့သလို နောက်ပိုင်းကာလအခေါက်တွေမှာ သူငယ်ချင်းဖြစ်သူရဲ့ ညီအစ်မတွေ၊ တူတွေ၊ တူမတွေကို လိုက်လံပို့ဆောင်ပေးရင်း တမုတ်ရွှေဂူကြီးဘုရား၊ ရွှေသာလျောင်းတောင်၊ ရွှေသိမ်တော်ဘုရား စတဲ့နေရာတွေကို ရောက်ရှိခဲ့ကြတယ်။ ဒီလိုပို့ဆောင်ပေးနေကျဖြစ်နေလို့လဲ သူငယ်ချင်းဖြစ်သူက ဒီနေ့ ဘယ်နေရာကိုပို့ပေးရင် အဆင်ပြေမလဲဆိုပြီး မေးမြန်းလာတာပါ။


မြို့ကြီးတောရကျောင်း တစ်နေရာကို တွေ့ရစဉ်။

ထမင်းစားနေရင်းနဲ့ ရုတ်တရက် စဉ်းစားလိုက်တဲ့အခါ လက်ရှိအချိန်မှာ နာမည်ကျော်ကြား လူပြောများနေတဲ့ ဆင်ခေါင်းတောင်ကို ချက်ချင်းသတိရလိုက်မိတယ်။ ဒါကြောင့်လဲ ဆင်ခေါင်းတောင်ကို သွားကြမလား။ လိုက်ပို့ပေးမယ်လို့ ပြောလိုက်တဲ့အခါ အနားမှာရှိနေတဲ့ တူတွေ၊ တူမတွေအားလုံးက ဟေးခနဲဝမ်းမြောက်ဝမ်းသာ ထခုန်အော်ဟစ်ကုန်ကြတော့တာပါ။ ထမင်းစားသောက်ပြင်ဆင်ပြီးတာနဲ့ ဆင်ခေါင်းတောင်ရှိရာကို တူတွေ၊ တူမတွေနဲ့အတူ တပျော်တပါး ထွက်ခွာလာခဲ့ကြတယ်။ ဆင်ခေါင်းတောင်က ဟံမြင့်မိုရ်-ရွာငံ-အောင်ပန်းသွားကားလမ်းဘေးမှာတည်ရှိနေပြီး ကျောက်ဆည်မြို့နယ်နဲ့ ရွာငံမြို့နယ် နယ်စပ်နေရာမှာပါ။ အရှေ့သာဂရရွာကနေထွက်ခွာလာတော့ ဟံမြင့်မိုရ်လမ်းခွဲရှိရာကို သွားစရာမလိုဘဲ သံရွာဖြတ်လမ်းကနေ မောင်းနှင်လာခဲ့ရတယ်။ သံရွာက ရွာငံသွားကားလမ်းပေါ်မှာရှိတဲ့ ရွာကြီးတစ်ရွာပါ။ အထက်တန်းကျောင်းတွေ၊ ရဲစခန်းတွေ၊ တိုက်နယ်ဆေးရုံတွေ၊ ဈေးတွေစုံလင်အောင်ရှိနေတယ်။ သံရွာကိုဖြတ်ကျော်လာပြီး မကြာခင်မှာ ရှမ်းပြည်နယ်နဲ့ မန္တလေးတိုင်းဒေသကြီးနယ်စပ်က ဆင်ခေါင်းတောင်ကိုရောက်ရှိလာကြတယ်။

ဆင်ခေါင်းတောင်ဆိုတာက ဆင်ခေါင်းနဲ့တူတဲ့ တောင်မြင့်ကြီးတစ်တောင်ရှိနေလို့ပါ။ ဒါပေမဲ့ လာရောက်လည်ပတ်ပျော်ပါးကြတဲ့သူတွေက တောင်ပေါ်ကို တက်ရောက်ကြတာမဟုတ်ဘဲ တောင်ခြေအနီးမှာရှိနေတဲ့ မြို့ကြီးဆည်ရေလွှတ်မြောင်းအတွင်းက ရေတွေထဲမှာ ပျော်ပါးဆော့ကစားကြတာဖြစ်ပါတယ်။ ဆင်ခေါင်းတောင်ကို ရောက်လာကြတဲ့အချိန်မှာ ရှည်လျားလှတဲ့ကားလမ်းမကြီးတစ်လျှောက် ကားရပ်စရာနေရာ တစ်နေရာစာလောက်တောင်မကျန်အောင် ကားတွေ၊ ဆိုင်ကယ်တွေ၊ ဧည့်သည်တွေနဲ့ ပြည့်နှက်စည်ကားလို့နေတယ်။ ဒါကြောင့်လဲ အတူလိုက်ပါလာတဲ့ တူမလေးတစ်ယောက်က ဆင်ခေါင်းတောင်မှာ လူတွေများနေရင် မြို့ကြီးတောရကျောင်းကိုသွားရအောင်၊ မြို့ကြီးတောရကျောင်းကလဲ ပျော်စရာကောင်းတယ်၊ မျောက်တွေရှိတယ်၊ ရှုခင်းတွေလှတယ် လိုက်ပို့ပေးပါဆိုပြီး တိုက်တွန်းပြောဆိုတယ်။ မိမိအနေနဲ့ မြို့ကြီးတောရကျောင်းဆိုတာကို သိလဲမသိ၊ ကြားလဲမကြားဘူး၊ ရောက်လဲမရောက်ဘူးသေးသလို ပျော်စရာကောင်းတယ်၊ မျောက်တွေရှိတယ်၊ ရှုခင်းတွေလှတယ်ဆိုတဲ့အပြောနဲ့တင် စိတ်ဝင်စားသွားပြီး လိုက်ပို့ပေးမယ်၊ သွားကြစို့လို့ ပြန်လည်ပြောဆိုလိုက်တဲ့အခါ "ဟေး"ဆိုတဲ့ ပျော်ရွှင်သွားသံတွေ ထပ်မံထွက်ပေါ်လာတော့တယ်။ သူတို့ရဲ့ ပျော်ရွှင်အော်ဟစ်သံတွေနဲ့အတူ မိမိကိုယ်တိုင်က မြို့ကြီးတောရကျောင်းဆိုတာကို ပိုမိုစိတ်ဝင်စားသွားရတယ်။

မြို့ကြီးတောရကျောင်းက ရွာငံမြို့နယ်ထဲမှာ ရှိပါတယ်။ ဆင်ခေါင်းတောင်ကနေ စတင်ထွက်ခွာလာပြီး မြို့ကြီးဆည်မရောက်မီ မြို့ကြီးရွာအနီးမှာ တည်ရှိနေတယ်။ မြို့ကြီးရဲစခန်းနဲ့ စစ်ဆေးရေးဂိတ်ကို ကျော်ဖြတ်ပြီးတာနဲ့ လမ်းညွှန်ပြသထားတဲ့ ညာဘက်လမ်းအချိုးအတိုင်း ဝင်ရောက်လာခဲ့ရတယ်။ ညွှန်ပြထားထားတဲ့ လမ်းခွဲကနေ ကားမောင်းဝင်လာခဲ့ပြီး မကြာခင်မှာ တောရကျောင်းမုခ်ဦးနဲ့ အဝင်လမ်းကို တွေ့ရှိလိုက်ရတယ်။ ကျောင်းက တောရကျောင်းဆိုတဲ့အတိုင်း တကယ့်တောတွေထဲမှာ တည်ဆောက်ထားတာပါ။ အဝင်လမ်းရဲ့ ဝဲယာတစ်လျှောက်မှာ သဘာဝတောတွေ၊ သနပ်ခါးခြံကြီးတွေရှိနေတာနဲ့အတူ ခင်းထားတဲ့ကွန်ကရစ်လမ်းကလဲ အလွန်ရှည်လျားပါတယ်။ အဝင်မုခ်ဦးမှာ "အရညာရာမမြို့ကြီးတောရကျောင်းတိုက်"လို့ ရေးသားထားတယ်။ တောအုပ်တွေကို အဆင့်ဆင့်၊ တစ်တောပြီးတစ်တောဖြတ်ကျော်ပြီးတာနဲ့ ကျောင်းတိုက်အတွင်းကို ရောက်ရှိလာကြပြီး ဘုရားဖူးကားတွေ၊ ဧည့်သည်တွေ၊ မျောက်တွေကိုတွေ့လိုက်ရပြန်တယ်။

ဘုရားဖူးကားတွေ၊ ဧည့်သည်တွေကိုမြင်တွေ့လိုက်ရတာက ကျောင်းတိုက်ကြီးရှိလို့၊ ဘုရားစေတီတွေရှိလို့လာရောက်ကြတာဆိုပြီး ထူးထူးဆန်းဆန်း မဟုတ်ပေမဲ့ တွေ့မြင်နေရတဲ့မျောက်တွေက ထူးဆန်းနေပါတယ်။ မျောက်တွေရဲ့ပုံစံက ပုပ္ပားတောင်မှာ မြင်တွေ့ရသလို၊ ရန်ကင်းတောင်မှာမြင်တွေ့ရသလို၊ ရွှေစက်တော်ဘုရားမှာမြင်တွေ့ရသလိုမဟုတ်ဘဲ ကိုယ်လုံးကိုယ်ခန္ဓာအရွယ်အစားကြီးကြီးနဲ့ အနက်ရောင်ဝမ်းဗိုက်ဖြူမျောက်ကြီးတွေပါ။ မွေးကင်းစရင်ခွင်ပိုက်မျောက်ငယ်လေးတွေကို အဝါရောင်အဖြစ် တွေ့မြင်နေရတယ်။ ဒါ့ပြင် မျောက်တွေအားလုံးက ငြိမ်ငြိမ်ဆိမ်ဆိမ် သန့်သန့်ပြန့်ပြန့်ဖြစ်နေကြတယ်။ အစာလိုက်တောင်းတာတွေ၊ လိုက်လုတာမျိုးတွေမရှိဘဲ ကျွေးတဲ့အစာကိုပဲ အသာတကြည်နဲ့ယူငင်စားသောက်နေကြတဲ့အပြင် အဆောက်အအုံတွေပေါ်မှာ၊ လှေကားစောင်းတန်းပေါ်တွေမှာ မြေပြင်မှာ လုံးဝမရှိကြဘဲ သစ်ပင်ကြီးတွေပေါ်မှာသာ ကျရောက်နေနေကြတယ်။

ကားကို သစ်ပင်ကြီးတစ်ပင်အောက်မှာ ရပ်ခဲ့အပြီး၊ မျောက်တွေကို တစ်ခဏလောက်လှေလာကြည့်ရှုအပြီး ကျောင်းထိုင်ဆရာတော်ကြီးကို ရှိခိုးကန်တော့ကြရအောင် ထွက်လာခဲ့ကြတယ်။ ဆရာတော်ကြီး သီတင်းသုံးနေထိုင်ရာကျောင်းတိုက်ကို ဆွမ်းစားဆောင်တွေ၊ ကျောင်းဆောင်တွေ၊ ဘုရားစေတီကြားထဲကနေ ဖြတ်သန်းလျှောက်ခဲ့ကြရတာပါ။ ဆရာတော်ကြီးက သက်တော် ၉၇ နှစ်ရှိနေပါပြီ။ ဒါပေမဲ့ သွားနိုင်၊ လာနိုင်၊ စားနိုင်၊ သောက်နိုင်၊ တရားဟောနိုင်နဲ့ ကျန်းမာရေးကောင်းနေဆဲပါ။ ဆရာတော်ကြီးရဲ့ ကျောင်းဆောင်အတွင်းမှာ တွေ့မြင်နေရတဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ လှူဖွယ်ပစ္စည်းအစုစုတွေ၊ အလှူရှင်တွေရဲ့အမည်ကမ္ပည်းတွေကို တွေ့မြင်လိုက်ရကတည်းက ဆရာတော်ကြီးက သာမည ဆရာတော်တစ်ပါးမဟုတ်ဘဲ ဘုန်းတန်ခိုးကြီးတဲ့ဆရာတော်ကြီးတစ်ပါးဆိုတာကို သိမြင်လိုက်ရတယ်။ ဆရာတော်ကြီးကို ဖူးမြော်ကန်တော့ပြီးတာနဲ့ အနီးမှာရှိနေတဲ့ ကပ္ပိယကြီးတွေက နေ့လယ်စာထမင်းသုံးဆောင်ကြရအောင်ဆိုပြီး ဖိတ်ခေါ်မှုကြောင့် ဆွမ်းစားဆောင်ကို လိုက်ပါသွားကြရတယ်။

ဆွမ်းစားဆောင်အတွင်းမှာ ဧည့်သည်အများစုက စားသောက်ပြီးကုန်ကြပြီဖြစ်လို့ မိမိတို့တစ်ဖွဲ့တစ်ဝိုင်းတည်းကိုသာ ဧည့်ခံပြင်ဆင်ကျွေးမွေးပါတယ်။ အချို့ထမင်းဝိုင်းတွေကို သိမ်းဆည်းဆေးကြောနေကြပါပြီ။ ဒါပေမဲ့ နောက်ကျဝိုင်းဖြစ်တဲ့ မိမိတို့ထမင်းဝိုင်းမှာ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ ငါးအစရှိတဲ့ ဟင်းကောင်းဟင်းခွက်တွေအပြင် အခြားဟင်းရံပေါင်းများစွာကို တွေ့မြင်နေရလို့ အံ့သြသွားခဲ့ရတယ်။ ကပ္ပိယကြီးတစ်ယောက်ကို မေးမြန်းကြည့်တော့ မြို့ကြီးတောရကျောင်းမှာ ဆွမ်းနဲ့ဆွမ်းဟင်းတွေ အလှူပယ်ပေါ်များကြောင်းနဲ့ ကျောင်းတွင်းမှာရှိတဲ့ ဆရာတော်၊ သံဃာတော်တွေ ပြည့်ပြည့်စုံစုံဘုဉ်းပေးနိုင်ကြတဲ့အပြင် ရောက်ရှိလာသမျှ ဧည့်သည်အားလုံးကိုလဲ နေ့စဉ်နေ့တိုင်း ကောင်းကောင်းမွန်မွန်ကျွေးမွေးဧည့်ခံနိုင်ကြောင်း သိလိုက်ရတယ်။ ဒါတွေအားလုံးက ဆရာတော်ကြီးရဲ့ ဘုန်းတန်ခိုးတွေပဲဆိုတာကို တွေးမြင်မိပြီး ဝမ်းသာပီတိဖြစ်ရင်း သာဓုခေါ်ဆိုမိလိုက်တယ်။

ထမင်းစားသောက်ပြီးရင် ရှုခင်းတွေသာယာလှပတဲ့ တောင်ပေါ်ဘုရားရှိရာကို မျောက်တွေအစာကျွေးရင်း တက်ရောက်ကြရမယ်လို့ တူတွေ၊ တူမတွေကဆိုတယ်။ သူတို့တွေက မြို့ကြီးတောရကျောင်းကို အရင်ကတည်းက ရောက်ဖူးနေကြပေမဲ့ နောက်ထပ်ရောက်ရှိလာတဲ့ အခါတိုင်း ပျော်ရွှင်ကြတယ်လို့လဲ ပြောပြကြတယ်။ ဟုတ်မှန်ကြမှာပါ။ ပထမဆုံးအကြိမ်အဖြစ်ရောက်ရှိလာတဲ့ မိမိကိုယ်တိုင်မှာလဲ လှေလာကြည့်ရှုစရာတွေ မကုန်သေး၊ မကြည့်ရသေးခင် တမ်းတမ်းတတဖြစ်နေရပါပြီ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**


၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက် ၁၉၄၄၃ ကေ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၄၄၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက် ၁၉၆၉၈ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟင်းသီးဟင်းရွက် ၁၉၄၄၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးရာသီကာလမှာ ဟင်းသီးဟင်းရွက် ၁၉၆၉၈ ကေလျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၉၄၄၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သီးနှံတွေဖြစ်စေဖို့အတွက် စိုက်နည်းစနစ်တွေကို အသိပညာပေးဆောင်ရွက်နေပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာစတဲ့ဟင်းသီးဟင်းရွက်တွေကို စိုက်ပျိုးကြတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၅၇၈၂ ကေ၊ ကနီမြို့နယ်တွင် ၅၅၇၅ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၆၅၃၂ ကေနှင့် ပုလဲမြို့နယ်တွင် ၁၅၅၄ ကေ စုစုပေါင်း ၁၉၄၄၃ ကေတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၆၀၂၇ ကေ၊ ကနီမြို့နယ်တွင် ၅၅၆၇ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၆၅၅၀ ကေနှင့်ပုလဲမြို့နယ်တွင် ၁၅၅၄ ကေ စုစုပေါင်း ၁၉၆၉၈ ကေတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်အတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မကွေးမြို့နယ် ယင်းသာစည်(ရ)ကျေးရွာ၌ ကွန်ကရစ်ရေကျော်တံတားတည်ဆောက်နေမှု စစ်ဆေး

**မကွေး အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယင်းသာစည်(ရ)ကျေးရွာ ကုန်ထုတ်လမ်းပေါ်တွင် ကွန်ကရစ်ရေကျော်တံတား တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးမျိုးဝင်း၊ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်မြသက်ထွေးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် အလျား ပေ ၈၀ အနံ ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိသော ကွန်ကရစ်ရေကျော်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဦးမျိုးဝင်းက လုပ်ငန်းများ သတ်မှတ်အတိုင်းအတာဒီဇိုင်းအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်မှာကြားသည်။

မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၄ သန်းဖြင့် ယင်းသာစည်(ရ)ကျေးရွာ ကုန်ထုတ်လမ်းပေါ်၌ ကွန်ကရစ်ရေကျော်တံတားတည်ဆောက်ခြင်း လုပ်ငန်းကို Dears Brain ကုမ္ပဏီက တာဝန်ယူ၍ ၄ွန် ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါ ကုန်ထုတ်လမ်းကို အသုံးပြုနေသော ယင်းသာစည်(ရ) ကျေးရွာနှင့် ကျောက်ပစ်ကုန်းကျေးရွာတို့ရှိ အိမ်ခြေ ၅၇၇ အိမ်၊ လူ ၂၇၂၀ ဦးတို့၏ လယ်ယာစိုက်ပျိုးရေးဧက ၁၀၀၀ မှ ထွက်ရှိသော ဒေသထွက်ကုန်သီးနှံများကို ရာသီမရွေး ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အိမိုးမိုး**

# နတ်နွယ်၏ တစ်ကွေ့တော့တွေ့ကြဦးမည်

**ပုသိမ်အောင်သန်းဦး**

မြစ်ကြီးနားမြို့ ရာမပူရရပ်ကွက် လန့်ဆွေးလူခြံကြီးတွင် အင်္ဂလိပ်တို့ကို တော်လှန်ပုန်ကန်ခဲ့ကြသောသူပုန်မိသားစုတစ်စုနေထိုင်ကြသည်။ ဤရပ်ကွက်အတွင်း ဂေါ်ရခါးလူမျိုးများသာ အများဆုံးနေထိုင်ခဲ့ကြပြီး ခြံများစိုက်ပျိုးလုပ်ကိုင်နေကြသည်။ လန့်ဆွေးလူခြံကြီး၏ အရှင်သခင် ဦးထွန်းဘော်၏ဖခင် ဦးထွန်းအောင်သည် အင်္ဂလိပ်နယ်ချဲ့ကိုဆန့်ကျင်တိုက်ခိုက်ခဲ့သည့် မိုးကောင်းတပ်တွင် ပါဝင်ခဲ့သောခေါင်းဆောင်ဖြစ်သည်။

အင်္ဂလိပ်တို့ကို အင်အား၊ လက်နက်မမျှ၍ ဆုတ်ခွာကာ ဒဏ်ရာများရရှိလာသောဦးထွန်းအောင်သည် မြို့စွန်ရှိ ဦးမင်းအိုအိမ်တွင် ဝင်ရောက်နားခိုက် ဦးမင်းအိုက ဆေးကုပေးသည်။ ထို့နောက် ရွာတစ်ရွာသို့လိုက်ပို့စဉ် ဦးထွန်းအောင်ကိုအင်္ဂလိပ်တပ်များက ဝိုင်းဝန်းဖမ်းဆီးပြီး ခေါင်းဖြတ်သတ်ခြင်းခံရသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး အများက ဦးမင်းအိုသစ္စာဖောက်သည်ဟုယူဆကြသော်လည်း ဦးမင်းအိုက ငြင်းဆန်ခဲ့သည်။

သူပုန်ကြီးဦးထွန်းအောင်၏သားငယ် ထွန်းဘော်သည် ကျောက်လုပ်ငန်းကိုလုပ်ကိုင်ရင်း ကြခင်းပိုင်ရှင်၏သမီးရွှေစင်နှင့် အိမ်ထောင်ကျခဲ့၏။ ဦးမင်းအိုတွင်လည်း သားတစ်ယောက်ရှိသည်။ သားမှာ မောင်ကျော်ညွန့်ဖြစ်သည်။ ဗြိတိသျှအစိုးရလက်အောက်တွင် ဦးမင်းအိုသည် မြို့အုပ်ဖြစ်လာပြီး သားမောင်ကျော်ညွန့်ကို အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်သို့ပို့၍ ပညာသင်စေသည်။ နောင် မောင်ကျော်ညွန့်သည် ဗြိတိသျှအစိုးရလက်အောက်တွင် ဝန်ထောက်မင်းအဖြစ် မြစ်ကြီးနားသို့ရောက်လာသည်။

ဦးထွန်းဘော်၏သားကြီး ထွန်းနိုင်မှာ နိုင်ငံရေးလုပ်ငန်းများဆောင်ရွက်ရင်း သခင်ထွန်းနိုင်ဖြစ်လာသည်။ ဒုတိယသား မင်းသိန်းမှာ ပေါ့ပေါ့နေပေါ့ပေါ့စားတစ်ယောက်ဖြစ်လာပြီး တတိယသား ကိုအုံ့မောင်နှင့် စတုတ္ထသား ကိုမြင့်ခိုင်တို့မှာ ထက်မြက်သူများဖြစ်ပြီး ဆယ်တန်းအောင်သည်ထိ ပညာသင်ကြားနိုင်ခဲ့သည်။ သူတို့နှစ်ယောက်သည်လည်း နိုင်ငံရေးကိုစိတ်ဝင်စားကြပြီး တို့ဗမာအစည်းအရုံးဝင်များဖြစ်ပေသည်။ နောက်တွင် သမီးငယ် ညိုညိုနှင့် သားငယ် ရဲနောင်တို့ကို မွေးဖွားခဲ့သည်။ အငယ်ဆုံးသား ရဲနောင်ကို ပညာဆုံးသည်ထိ သင်ကြားပေးခဲ့သည်။ ဘီအက်စီ ဂုဏ်ထူးတန်းထိ အောင်မြင်ခဲ့ပြီးနောက် ဗြိတိသျှစစ်တပ်သို့ ဝင်ရောက်အမှုထမ်းလေသည်။

ဦးထွန်းဘော်သည် ဒုတိယသားနှင့် အငယ်ဆုံးသားအတွက် အားမလိုအားမရဖြစ်ခဲ့သော်လည်း ကျန်သားများကိုကား အားရကျေနပ်လေသည်။ သူတို့ကား မျိုးချစ်စိတ်ရှိသူ၊ အင်္ဂလိပ်နယ်ချဲ့ကို ဆန့်ကျင်တိုက်ခိုက်နေကြသူများဖြစ်လေသည်။

ဦးထွန်းဘော်သည် သေနတ်ပြီးဆေးကိုကြဲဆနေသူဖြစ်သည်။ ရှေးရိုးစွဲဝါဒရှိပြီး အင်းအိုင်လက်ဖွဲ့များကို ယုံကြည်သည်။ သား ကိုမြင့်ခိုင်မှာမူ နယ်ချဲ့ဆန့်ကျင်ရေးကိုစိတ်ဝင်စားသော်လည်း အင်းအိုင်လက်ဖွဲ့များကို ယုံကြည်သူမဟုတ်ချေ။

တစ်နေ့ ကိုမြင့်ခိုင်သည် သူချစ်သူနှင့်တွေ့ရန်ထွက်လာစဉ် ဆေးစီရင်ရာမှပြန်လာသောဖခင်နှင့်အစ်ကိုတို့လူသိုက်ကိုတွေ့သည်။ ထိုသူများထဲတွင် သခင်ထွန်းနိုင်၏သား ထွေးမြင့်လည်းပါလာသည်။ ထွေးမြင့်ကား ရှစ်နှစ်သားအရွယ်သာရှိသေးသော်လည်း အင်္ဂလိပ်ဆန့်ကျင်ရေးလုပ်ငန်းများတွင် သူ့ဖခင်နှင့်အတူ ပါဝင်ဆောင်ရွက်နေသူဖြစ်သည်။ ထိုညက ကိုမြင့်ခိုင်၏ချစ်သူရှိရာသို့အသွား ထွေးမြင့်လည်းပါလာသည်။ ကိုမြင့်ခိုင်၏ချစ်သူမှာ လန့်ဆွေးလူမိသားစု၏ရန်ဘက်ဝန်ထောက် ဦးကျော်ညွန့်၏သမီး ယဉ်ယဉ်မြဖြစ်သည်။ သူတို့ချစ်သူနှစ်ဦးမှာ တစ်ဦးကိုတစ်ဦး ယုံကြည်မှုရှိကြသည်။ ချစ်သူနှစ်ဦး ချိန်းတွေ့ကြသည်ကို အမှောင်ရိပ်မှ ဝန်ထောက် ဦးကျော်ညွန့်မြင်၏။ သို့ဖြင့် ခြံထဲသို့ သူခိုးဝင်၍ပစ်လေဟန်ဖြင့် ခြောက်လုံးပြူးကိုအသုံးချကာ ပစ်၏။ ကိုမြင့်ခိုင် ဒဏ်ရာဖြင့်လဲကျခဲ့စဉ် မောင်ထွေးမြင့်သာ လန့်ဆွေးလူခြံသို့အပြေးပြန်ကာ သတင်းပို့၏။ ဝန်ထောက်ဦးကျော်ညွန့်သည် လန့်ဆွေးလူခြံထဲထိ လိုက်လာကာ ကိုမြင့်ခိုင်ကိုရှာ၏။ မတွေ့သဖြင့် စစ်ကိုင်းရှိ အရေးပိုင်ထံ ဖမ်းဝရမ်းတောင်း၏။ ဤအကြောင်းကို ယဉ်ယဉ်မြက ညိုညိုထံ သတင်းပို့၏။ ထိုစဉ် မန္တလေးမှ နိုင်ငံရေးကိစ္စဖြင့် ရောက်လာသော သခင်မြတ်လေးနှင့်ဆုံသဖြင့် လန့်ဆွေးလူခြံထဲသို့ ခေါ်လာခဲ့၏။ ခြံထဲတွင် ကိုမြင့်ခိုင်မှတစ်ပါး လူစုံရှိကြ၏။

ဦးထွန်းဘော်က ရန်သူ့သမီးပေးသောသတင်းကို မယုံရဟုဆို၏။ သူ့သေနတ်ပြီးဆေးလည်း မအောင်သဖြင့် စိတ်ဓာတ်ကျနေ၏။ ကိုအုံ့မောင်ကား သတင်းကိုယုံပြီးရှောင်နေ၏။ ထို့ကြောင့် ဦးထွန်းဘော်၊ သခင်ထွန်းနိုင်နှင့် အခြားသခင်လေးဦးကိုဖမ်းမိကာ ဗန်းမော်ထောင်သို့ပို့လိုက်၏။ ဝန်ထောက်ဦးကျော်ညွန့်ကား ဤမျှနှင့်မကျေနပ်။ မြင့်ခိုင်ကို မဖမ်းမိမချင်း သူ့သမီးကို စိတ်မချရသဖြင့် ယဉ်ယဉ်မြကို လုံခြုံသောနေရာတွင်ထား၏။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ အင်္ဂလိပ်တပ်များသည် မြန်မာနိုင်ငံအထက်ပိုင်းသို့ ဆုတ်ခွာလာကြ၏။ လက်ဖတင်နင်ဖြစ်နေသော ရဲနောင်သည်လည်း ဗြိတိသျှတပ်များနှင့်အတူ စစ်ကိုင်းသို့ရောက်လာ၏။ စစ်ကိုင်းမှတစ်ဆင့် ချင်းတောင်ကိုဖြတ်ကာ အိန္ဒိယသို့ ဆုတ်ခွာရန်ဖြစ်သည်။ ရဲနောင်သည် စစ်ကိုင်း၌ရှိနေစဉ် ရန်ကုန်ဗြိတိသျှကုမ္ပဏီတစ်ခုမှ အင်္ဂလိပ်ကပြားညီအစ်မနှစ်ယောက်နှင့် မိတ်ဆွေဖြစ်၏။ စတယ်လာတို့ညီအစ်မဖြစ်သည်။ သူတို့ကား မြစ်ကြီးနားမှလေယာဉ်ဖြင့် အိန္ဒိယသို့သွားရန်ဖြစ်သည်။

ထိုကာလအတွင်း လန့်ဆွေးလူခြံကြီးတွင်လည်း မိန်းမသားများသာရှိ၏။ ယောကျ်ားဆို၍ ထွေးမြင့်နှင့် ကိုမင်းသိန်းသာရှိ၏။ စစ်ကာလအတွင်း အစားအစာရှားပါးရာ စစ်ပြေးတို့စွန့်ပစ်ခဲ့သောရိက္ခာများကိုသာ ကောက်ယူစားသောက်နေကြရသည်။ သူတို့သည် လန့်ဆွေးလူခြံကြီးတွင် မနေဝံ့၍ မြို့စွန်ရှိ ဘကြီးမုံးခြံသို့ ပြောင်းရွှေ့နေကြသည်။

ထိုနှစ်မိုးဦးတွင် မိသားစုများ ပြန်ဆုံကြသည်။ ဦးထွန်းဘော်တို့ ထောင်မှလွတ်လာ၏။ ဝန်ထောက်ဦးကျော်ညွန့်မှာ အိန္ဒိယသို့လိုက်မသွား။ အခြေအနေမှာ တစ်မျိုးပြောင်းသွား၏။ ယဉ်ယဉ်မြက ညိုညိုကို တောင်းပန်၏။ သခင်ထွန်းနိုင်ကို ဦးကျော်ညွန့်က တောင်းပန်၏။ သခင်ထွန်းနိုင်သည် ဂျပန်အုပ်ချုပ်သည့်ကာလတွင် မြို့အုပ်ချုပ်ရေးအရာရှိဖြစ်လာသည်။ ဂျပန်များက တရုတ်ကုန်သည်၏နေအိမ်တွင် နေစေ၏။ တရုတ်ကုန်သည်မှာ တရုတ်ပြည်သို့ ပြန်ပြေးပြီဖြစ်သည်။ ညိုညိုကား လန့်ဆွေးလူခြံနှင့် သခင်ထွန်းနိုင်အိမ် ကူးချည်သန်းချည်ဖြစ်နေသည်။ ဤကာလအတွင်း ဦးကျော်ညွန့်မှာ ဂျပန်တို့၏ဖမ်းဆီးခြင်းခံရ၏။ သခင်ထွန်းနိုင်ကို အထင်လွဲခဲ့၏။

ဤနောက်ပိုင်းတွင် ဦးကျော်ညွန့်တို့ဘဝ နိမ့်ကျလာ၏။ ယဉ်ယဉ်မြပင် ဈေးထဲတွင် ဈေးရောင်းရ၏။ ဂျပန်ခေတ်နိုင်ငံရေးကလည်း ရှုပ်ထွေးလာ၏။ သခင်ထွန်းနိုင်ကို ရန်ကုန်ဌာနချုပ်က ရှောင်နေရန် အမိန့်ပေး၏။ ဂျပန်တော်လှန်ရေးစရန် ပြင်ဆင်ကြ၏။ ဤကာလအတွင်း သခင်မြတ်လေးနှင့် ညိုညိုတို့ လက်ထပ်လိုက်၏။

ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ ဦးထွန်းဘော်နှင့် ဦးကျော်ညွန့်တို့၏ ဇာတ်လမ်းသည်လည်း အသစ်ဖြစ်လာပြန်၏။ ကက်စဘီအုပ်ချုပ်ရေး၌ တော်လှန်ရေးသမားတို့ အဖမ်းခံရ၏။ အထွေထွေသပိတ်၊ လွတ်လပ်ရေးတိုက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ စသည့်ပြည်သူတို့၏ အရေးအခင်းများကြားတွင် ဦးကျော်ညွန့်သည် အရေးပိုင်ဖြစ်လာသည်။ ကိုဝင်းမြင့်ကား နယ်ပိုင်ဝန်ထောက်ဖြစ်လာ၏။ ကိုမြင့်ခိုင်မှာ ပါတီအလုပ်ထဲ၌သာ စိတ်ဝင်စားနေ၏။ ချစ်သူ ယဉ်ယဉ်မြသည် လာတွေ့၏။ ကိုမြင့်ခိုင်က အဆက်ဖြတ်လိုက်သည်။

ကိုအုံ့မောင်ကား တော်လှန်ရေးကာလတွင် ကွယ်လွန်၏။ ခေတ်တို့ကားပြောင်းလဲနေ၏။ ထွေးမြင့်သည်ပင် တိုးတက်သောကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်လာ၏။ တက္ကသိုလ်မှထွက်ပြီး သတင်းစာဆရာတစ်ပိုင်း၊ ကျူရှင်ဆရာတစ်ပိုင်းဖြစ်ကာ ရန်ကုန်တွင် ကျင်လည်နေ၏။ သို့ဖြင့် သကသလှုပ်ရှားမှုတစ်ခုတွင် သက်သက်ဦးကိုတွေ့၏။ တွေ့စကပင် သက်သက်ဦးကို စိတ်ဝင်စားမိ၏။ နောင်မှ အတူနေစာရေးဆရာ မင်းနွယ်၏ပြောပြချက်အရ သက်သက်ဦးမှာ ကဗျာဆရာမ ရွှေစင်ဦးဖြစ်ကြောင်း သိရသည်။

သို့နှင့် သက်သက်ဦးနှင့်တစ်နေ့ ရုပ်ရှင်အတူကြည့်ရန်ထွက်ခဲ့၏။ ထိုစဉ် ယဉ်ယဉ်မြကိုတွေ့၏။ ယဉ်ယဉ်မြက သူ့အဖေရန်ကုန်တွင် အတွင်းဝန်ဖြစ်နေကြောင်း ပြော၏။ သက်သက်ဦးမှာလည်း ယဉ်ယဉ်မြ၏တူမ ချိုချိုမြ၏သမီးဖြစ်ကြောင်း သိရသောအခါ ရန်သူလူတန်းစား၏အဝန်းအဝိုင်းမှဟု သိရသောအခါ ရှောင်ထွက်ခဲ့သည်။ သို့သော် သက်သက်ဦးသည် ထွေးမြင့်ကိုရှာ၏။ အလုံကွင်းကျောင်းလမ်းမှ စာရေးဆရာ မင်းနွယ်အိမ်ကိုလည်းရောက်၏။ သကသကိုလည်းရောက်၏။ နောက်ပြန်တွေ့ကြကာ ပြေလည်မှုရရှိကြသည်။

ထိုတွင် သန့်ရှင်းတည်မြဲဖဆပလတို့ ကွဲပြကြပြန်၏။ သန့်ရှင်းအစိုးရအာဏာရ၏။ တိုင်းရင်းသားခေါင်းဆောင်များက ဖက်ဒရယ်မူကိုဆုပ်ကိုင်ကာ လွှတ်တော်အတွင်း ဆူပူမှုများဖြစ်လာရာ အိမ်စောင့်အစိုးရတက်လာ၏။ ထိုအခါ တိုးတက်သောအင်အားစုများကိုဖမ်းကာ ကိုကိုးကျွန်းကိုပို့၏။ ဤအခါ ဒုတိယဗိုလ်မှူးကြီးဖြစ်နေသော ရဲနောင်သည် တူတော်မောင်ထွေးမြင့် အဖမ်းမခံရရေးအတွက် သူ့အိမ်တွင်လာနေရန်ခေါ်၏။ ထွေးမြင့်ကမကြိုက် ငြင်း၏။ မကြာမီ ထွေးမြင့် အဖမ်းခံရကာ ကိုကိုးကျွန်းသို့အပို့ခံရ၏။

နိုင်ငံရေးခရီးလမ်းတွင် သခင်ထွန်းနိုင်သည် သန့်ရှင်းဖဆပလအဖွဲ့ဝင်ဖြစ်လာ၏။ ဦးကျော်ညွန့်သည်လည်း သန့်ရှင်းဖဆပလထဲမှ ခေါင်းဆောင်တစ်ဦးဖြစ်လာ၏။ ဤကဲ့သို့သောအခြေအနေများကို ဖခင်ဦးထွန်းဘော် ကြားရသောအခါ စိတ်မကောင်းဖြစ်ပြီး အိမ်မှထွက်သွားကာ နှင်းတောထဲတွင်အသက်ပျောက်ရလေသည်။ သခင်ထွန်းနိုင်သည် ကိုကိုးကျွန်းပြန်သားထွေးမြင့်ကို သန့်ရှင်းဖဆပလထဲဝင်ရန်ပြောသည်။ ထွေးမြင့်ငြင်းသည်။

သံရုံးညစာစားပွဲတစ်ခုတွင် ထွေးမြင့်နှင့်ဦးကျော်ညွန့်တို့ မျက်နှာချင်းဆိုင်တွေ့ကြရာမှ ရန်စကားများပြောဖြစ်သည်။ ဦးကျော်ညွန့်က ထွေးမြင့်ကို မန္တလေးသို့ပြန်ခေါ်ရန် ဖခင်ဖြစ်သူ သခင်ထွန်းနိုင်ထံအကြောင်းကြားသည်။ ဦးကျော်ညွန့်က သူ့မြေး သက်သက်ဦးကို စော်ဘွားတစ်ဦး၏သားနှင့် လက်ဆက်ရန်စီစဉ်သည်။ ရှမ်းပြည်နယ်ရှိ စော်ဘွားဟော်သို့ ပို့လိုက်သည်။ ထွေးမြင့် စော်ဘွားဟော်သို့ လိုက်သွားသော်လည်း တွေ့ခွင့်မရ။

မကြာမီ ပါလီမန်မရှိတော့။ ဦးကျော်ညွန့်လည်း ပြုတ်ပြီ။ စော်ဘွားလည်း ခေါင်းမထောင်နိုင်တော့။ ဤအချိန် ထွေးမြင့်သည် သူ့မိတ်ဆွေစစ်ဗိုလ်၏အကူအညီဖြင့် ဟော်ထဲသို့ဝင်ခဲ့သည်။ သို့သော် သက်သက်ဦးကား မရှိတော့။

ဤဝတ္ထုတွင် လူတန်းစားပြဿနာ၊ လူတန်းစားတိုက်ပွဲကို ပဓာနပြုထားသည်။ အမျိုးသားသစ္စာဖောက်များနှင့် တိုးတက်သောပြည်သူတို့၏ တိုက်ပွဲမှာလည်း ဆက်လက်ဖြစ်ပွားနေဦးမည်။ တစ်နေ့မဟုတ်လျှင်တစ်နေ့၊ တစ်နေရာမဟုတ်လျှင်တစ်နေရာ တစ်ကွေ့တွင်တော့ ရင်ဆိုင်တိုက်ခိုက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည့် ဝတ္ထုရှည်ဖြစ်သည်။

ဝတ္ထုတွင် ဦးထွန်းဘော်မိသားစုနှင့် ဦးကျော်ညွန့်မိသားစု နယ်ချဲ့အလိုတော်ရိမိသားစုတို့အကြောင်း ပုံဖော်ရေးသားထားသည်။ အချစ်ဇာတ်လမ်းများကို ရောယှက်ရေးဖွဲ့ခြင်းဖြင့် ဝတ္ထုကိုပိုမိုသွက်လက်ရန် အားထုတ်ထားသည်။

ဆရာနတ်နွယ်၏အမည်ရင်းမှာ ဦးလှမြင့်ဖြစ်သည်။ အဘ ဦးဘဝမ်း အမိ ဒေါ်စောလုံတို့မှ ၁၉၃၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် မွေးဖွားခဲ့သည်။ မြစ်ကြီးနားဇာတိဖြစ်သည်။ ဆရာနတ်နွယ်၏ထင်ရှားသောဝတ္ထုများမှာ အပြာ-အဝါ၊ နှစ်ကြီးသမား၊ မြေအောက်သဇင်၊ တက္ကသိုလ်နှင့် ပြင်ပကမ္ဘာ၊ ကျောက်ဘီလူး၊ ရောမကမိန်းမပျက်၊ အနီးအဝေး အနိမ့်အမြင့်၊ မီးခိုးမဆုံး မိုးမဆုံး၊ အကွေ့တစ်ထောင်၊ လက္ခယ်နေ့ည၊ ရွှေနှင့်ယိုးမှားပန်းစကား၊ အရှေ့စူးစူး အနောက်ယွန်းယွန်း၊ မြန်မာပြည်မြောက်ပိုင်း စသည့်ဝတ္ထုရှည်များ ရေးသားခဲ့ပါသည်။

**ကိုးကား**

– **မလိခ၏မြန်မာဝတ္ထုအညွှန်း**

> ❖ ဤဝတ္ထုတွင် လူတန်းစားပြဿနာ၊ လူတန်းစားတိုက်ပွဲကို ပဓာနပြုထားသည်။ အမျိုးသားသစ္စာဖောက်များနှင့် တိုးတက်သောပြည်သူတို့၏ တိုက်ပွဲမှာလည်း ဆက်လက်ဖြစ်ပွားနေဦးမည်။ တစ်နေ့မဟုတ်လျှင် တစ်နေ့၊ တစ်နေရာမဟုတ်လျှင်တစ်နေရာ တစ်ကွေ့တွင်တော့ ရင်ဆိုင်တိုက်ခိုက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည့်ဝတ္ထုရှည်ဖြစ်သည်။ ဝတ္ထုတွင် ဦးထွန်းဘော်မိသားစုနှင့် ဦးကျော်ညွန့်မိသားစု နယ်ချဲ့အလိုတော်ရိမိသားစုတို့အကြောင်း ပုံဖော်ရေးသားထားသည်။ အချစ်ဇာတ်လမ်းများကို ရောယှက်ရေးဖွဲ့ခြင်းဖြင့် ဝတ္ထုကိုပိုမိုသွက်လက်ရန် အားထုတ်ထားသည်။ ❖

# ယခုတစ်ပတ်အမှတ်ပေးပြိုင်ပွဲတွေထဲက တိုက်စစ်ကစားပုံထက်မြက်နေတဲ့ နယူးကာဆယ်အသင်း၊ အင်တာမီလန်အသင်း၊ ဆိုစီဒက်အသင်းတို့ကို အားပေးရမှာပါ

M L




ပြီးခဲ့တဲ့ရက်သတ္တပတ်က နိုင်ငံတကာပြိုင်ပွဲတွေကြောင့် ရပ်နားထားတဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေကို အခုတစ်ပတ်မှာ ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အခုတစ်ပတ်အမှတ်ပေးပွဲစဉ်မှာတော့ ကစားသမားအများစုဟာ မိုင်ထောင်ချီဝေးတဲ့ခရီးတွေသွားခဲ့ရပြီး နိုင်ငံပွဲတွေဆက်တိုက်ကစားခဲ့ရလို့ ပွဲပန်းနေမှာသေချာပါတယ်။ ဒါကြောင့် လာမဲ့ပွဲစဉ်တွေမှာ အဓိက ကစားသမားတွေ ဒဏ်ရာရပွဲပယ်ရှိနေတဲ့အသင်းတွေကိုရှောင်ပြီး ကစားသမားစုဖွဲ့မှုကောင်းတဲ့အသင်းတွေကိုပဲ အဓိကချဉ်းကပ်သွားရမှာပါ။ ဒါကြောင့် စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက ကစားကွက်ပိုင်းနဲ့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့အသင်းတွေကိုပဲ အားပေးသွားရမှာပါ။

### နယူးကာဆယ်အသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာ ကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ နယူးကာဆယ်အသင်းနဲ့ ပဲလေ့စ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲမှာ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့ နယူးကာဆယ်အသင်းဟာ အခုရာသီမှာ တိုက်စစ်ပိုင်းထက်မြက်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ဝက်စ်ဟမ်းနဲ့ပွဲမှာ ဦးဆောင်ဂိုးခွင့်ပြုခဲ့ရပေမဲ့ ဒုတိယပိုင်းမှာ တိုက်စစ်မြှင့်တင်ခဲ့တာကြောင့် အစ်ဆက်ခ်က သွင်းဂိုးနှစ်ဂိုးနဲ့ ပြိုင်ပွဲကို ဦးဆောင်ခွင့်ရရှိအောင် ကြိုးပမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ပွဲပြီးခါနီးမှ ခံစစ်ပိုင်းအားနည်းချက်ကြောင့် ဝက်စ်ဟမ်းကို ချေပဂိုးပြန်ပေးလိုက်ရပြီး သရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် နည်းပြဟိုဝီဟာ ပြီးခဲ့တဲ့ပွဲစဉ်က အားနည်းချက်တွေကိုပြင်ဆင်ပြီး အိမ်ကွင်းမှာ ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာသေချာပါတယ်။ နယူးကာဆယ်အသင်းဟာ အမှတ်ပေးပွဲရှစ်ပွဲအပြီးမှာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ကြောင့် ရမှတ် ၁၃ မှတ်နဲ့ အဆင့်(၈) မှာရောက်နေပေမဲ့ အဆင့်(၄) က အသင်းနဲ့ ရမှတ်လေးမှတ်သာကွာဟနေလို့ ဥရောပဝင်ခွင့်အတွက် မျှော်လင့်ခွင့်ရနေဆဲဖြစ်ပါတယ်။ ဒါကြောင့် ပဲလေ့စ်အသင်း ခံစစ်ပိုင်းအနေနဲ့ နယူးကာဆယ်အသင်း တိုက်စစ်ကို မထိန်းချုပ်နိုင်ရင်တော့ ဂိုးပြတ်ရှုံးပွဲကြုံသွားမှာဖြစ်ပါတယ်။

ပဲလေ့စ်အသင်းဟာ အမှတ်ပေးပွဲရှစ်ပွဲအပြီးမှာ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ် ၁၂ မှတ်နဲ့ အဆင့်(၉) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းရဲ့ကစားသမားစုဖွဲ့မှုဟာ နယူးကာဆယ်အသင်းနဲ့ယှဉ်ရင် အားနည်းနေတာဖြစ်ပေမဲ့ နည်းပြဟော့ဆန်ရဲ့ နည်းစနစ်ပိုင်းကြောင့် ကစားသမားတွေ ခြေစွမ်းပိုင်းကောင်းမွန်လာပြီး ပြိုင်ဘက်အသင်းတွေအတွက် ခက်ခဲနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ အမှတ်ပေးပွဲသုံးပွဲမှာ ရှုံးပွဲမရှိခဲ့ဘဲ ခံစစ်ပိုင်းက တစ်ဂိုးသာပေးခဲ့ရတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာလဲ ခံစစ်အားပြုကစားခဲ့တာကြောင့် နော့တင်ဟမ်ရဲ့ ဖိအားပေးမှုကိုသာ ခံခဲ့ရသလို တစ်ပွဲလုံးဂိုးပေါက်တည့်မတ်မှု သုံးကြိမ်သာရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ ပရီမီးယားလိဂ်ရဲ့ တိုက်စစ်အကောင်းဆုံးအသင်းနဲ့တွေ့ချိန်မှာ ပဲလေ့စ်ခံစစ်ပိုင်း ပွဲချိန်ပြည့်တားဆီးဖို့ အခက်တွေ့လာနိုင်သလို အိမ်ကွင်းကစားပုံနဲ့ စုဖွဲ့မှုသာလွန်နေတဲ့ နယူးကာဆယ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရှက်ဖီး(U) | ၀ | - | ၈ | နယူးကာဆယ် |
| နယူးကာဆယ် | ၁ | - | ၀ | မန်စီးတီး |
| နယူးကာဆယ် | ၂ | - | ၀ | ဘန်လေ |
| နယူးကာဆယ် | ၄ | - | ၁ | ပီအက်စ်ဂျီ |
| ဝက်စ်ဟမ်း | ၂ | - | ၂ | နယူးကာဆယ် |

**ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေဗီလာ | ၃ | - | ၁ | ပဲလေ့စ် |
| ပဲလေ့စ် | ၀ | - | ၀ | ဖူလ်ဟမ် |
| မန်ယူ | ၃ | - | ၀ | ပဲလေ့စ် |
| မန်ယူ | ၀ | - | ၁ | ပဲလေ့စ် |
| ပဲလေ့စ် | ၀ | - | ၀ | နော့တင်ဟမ် |

### အင်တာမီလန်အသင်းနဲ့ လက်တွဲရမှာပါ

အီတလီစီးရီးအေပွဲစဉ်(၉) မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ တိုရီနိုအသင်းနဲ့ အင်တာမီလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အသင်းကြီးတွေနဲ့ဆို အကြိတ်အနယ်ကစားတတ်တဲ့ တိုရီနိုအသင်းဟာ အခုရာသီမှာ ခံစစ်ပိုင်းအားနည်းချက်တွေကြောင့် ရလဒ်ဆိုးရွားနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲရှစ်ပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အဆင့်(၁၄) မှာရပ်တည်နေပြီး သူတို့အနိုင်ရခဲ့တာကလဲ ဆလာနီတာနာ၊ ဂျီနိုအာတို့လို ကစားသမားအင်အားနည်းပါးတဲ့အသင်းတွေဖြစ်နေတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်ပိုင်းမှာ ဇာပါတာနဲ့ ဇလာဆစ်တို့ကို အားဖြည့်ခဲ့ပေမဲ့ ကစားသမားတွေအနေနဲ့ အသင်းမှာအသားကျဖို့ အချိန်လိုသေးတာကြောင့် ခြေစွမ်းပြနိုင်ဖို့ ရှန်းကန်နေရတာဖြစ်ပါတယ်။ တိုရီနိုအသင်းဟာ အင်တာမီလန်နဲ့တွေ့ရင် အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့တဲ့အသင်းဖြစ်ပေမဲ့ ၂၀၁၉ ခုနှစ်နောက်ပိုင်း တွေ့ဆုံမှုမှာတော့ တစ်ကြိမ်မှ နိုင်ပွဲမရခဲ့သလို အင်တာမီလန်အသင်းကလဲ လက်ရှိမှာ တိုက်စစ်ပိုင်းပုံစံကောင်းရနေတာကြောင့် အခုပွဲစဉ်မှာ ရှန်းကန်ရမှာသေချာပါတယ်။

နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲမှာ ဘိုလော့နာကို သရေရလဒ်သာကစားနိုင်ခဲ့တဲ့ အင်တာမီလန်ဟာ အခုပွဲစဉ်ကို နိုင်ပွဲရဖို့ မဖြစ်မနေပြင်ဆင်လာမှာပါ။ သူတို့အသင်းဟာ ဘိုလော့နာနဲ့ပွဲမှာ ဦးဆောင်ဂိုးတွေသွင်းယူနိုင်ခဲ့ပေမဲ့ ခံစစ်ပိုင်းအပြောင်းအလဲလုပ်ပြီးနောက်ပိုင်းမှာ ဘိုလော့နာရဲ့ဖိအားပေးမှုကိုခံရပြီး ချေပဂိုးပြန်ပေးလိုက်ရတာကြောင့် နှစ်ဂိုးစီသရေရလဒ်သာရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ လက်ရှိအမှတ်ပေးဇယားမှာ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ် ၁၉ မှတ်ရရှိခဲ့ပြီး အဆင့်(၁) က အေစီမီလန်နဲ့ ရမှတ်နှစ်မှတ်သာ ကွာဟနေတာကို တွေ့ရမှာပါ။ လက်ရှိ ချန်ပီယံဆုကို ပစ်မှတ်ထားနေတဲ့ နည်းပြအင်ဇာဂီဟာ ပြီးခဲ့တဲ့ပွဲစဉ်က ခံစစ်အမှားကို ပြန်ပြင်ဆင်ပြီး တိုရီနိုနဲ့ပွဲမှာ နိုင်ပွဲရှာလာမှာဖြစ်ပါတယ်။ ဒါပြင် တိုက်စစ်ကောင်းတဲ့အသင်းကြီးတွေကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ တိုရီနိုအသင်းရဲ့ ခံစစ်ပိုင်းအားနည်းတာကြောင့်လဲ အင်တာမီလန်အသင်းနဲ့ လက်တွဲရမှာပါ။

**တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆလာနီတာနာ | ၀ | - | ၃ | တိုရီနို |
| တိုရီနို | ၁ | - | ၁ | ရိုးမား |
| လာဇီယို | ၂ | - | ၀ | တိုရီနို |
| တိုရီနို | ၀ | - | ၀ | ဗီရိုနာ |
| ဂျူဗင်တပ် | ၂ | - | ၀ | တိုရီနို |

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၀ | - | ၁ | အင်တာမီလန် |
| အင်တာမီလန် | ၁ | - | ၂ | ဆက်ဆူအိုလို |
| ဆလာနီတာနာ | ၀ | - | ၄ | အင်တာမီလန် |
| အင်တာမီလန် | ၁ | - | ၀ | ဘင်ဖီကာ |
| အင်တာမီလန် | ၂ | - | ၂ | ဘိုလော့နာ |

### ဆိုစီဒက်အသင်း ရလဒ်ကောင်းမှာပါ

စပိန်လာလီဂါအမှတ်ပေးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆိုစီဒက်အသင်းနဲ့ မာယော့ကာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အေတီကိုအသင်းကို အဝေးကွင်းမှာ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပေမဲ့ အဲဒီပွဲစဉ်မှာ တိုက်စစ်ပိုင်းက ပြိုင်ဘက်ကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီ အိမ်ကွင်းပွဲစဉ်တွေမှာတော့ ရှုံးပွဲမရှိခဲ့ဘဲ ပြိုင်ပွဲစုံမှာ သွင်းဂိုး ၁၅ ဂိုးထိသွင်းယူထားနိုင်တဲ့အသင်းလဲဖြစ်ပါတယ်။ သူတို့အသင်းနည်းပြကတော့ ၄-၃-၃ ကစားကွက်မှာ ကူဘို၊ အိုရာဇာဘယ်၊ မန်ဒက်ဇ်တို့ကို တွဲဖက်အသုံးပြုနေပြီး ကူဘိုရဲ့ကစားပုံကြောင့် တိုက်စစ်က နေရာလွတ်တွေ ရှာဖွေနိုင်ခဲ့ပြီး ပြိုင်ဘက်ကို အလွယ်တကူဂိုးရခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ မာယော့ကာမှာ ကူဘိုကို ထိန်းချုပ်နိုင်မဲ့ ကစားသမားမရှိသလို အဝေးကွင်းပေးဂိုးများနေတဲ့ ခံစစ်ပိုင်းကြောင့်လဲ အခက်တွေ့မှာသေချာပါတယ်။ ဆိုစီဒက်အသင်းဟာ ကိုးပွဲကစားအပြီးမှာ လေးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးကြောင့် ရမှတ် ၁၅ မှတ်နဲ့ အဆင့်(၆) မှာရပ်တည်နေတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက်ကတော့ အခုလို ခြေစွမ်းပိုင်းအားနည်းတဲ့အသင်းနဲ့တွေ့ချိန်မှာ နိုင်ပွဲရှာရမှာပါ။

မာယော့ကာဟာ ပြီးခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲငါးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ တိုက်စစ်ကောင်းတဲ့ ဂျီရိုနာ၊ ဘာစီလိုနာ၊ ဗယ်လ်ကာနို၊ ဗလင်စီယာတို့ကိုတော့ ဂိုးပေးခဲ့ရပြီး ခံစစ်ပိုင်းအားနည်းနေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ ဆိုစီဒက်လို အသင်းလိုက်ကစားအားကောင်းပြီး အိမ်ကွင်းမာကျောတဲ့အသင်းကိုတော့ ခံစစ်အားပြုပြီး ဖြတ်တင်ဘောတွေကနေ ဂိုးရဖို့ကြိုးစားမယ်ဆိုရင်တော့ ရလဒ်ကောင်းဖို့ ရှန်းကန်ရမှာသေချာပါတယ်။ သူတို့အသင်းတိုက်စစ်မှူး မူရီကွီကတော့ သွင်းဂိုးလေးဂိုးနဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေတာကို တွေ့ရမှာပါ။ ဒါကြောင့် ခံစစ်ကောင်းတဲ့ ဆိုစီဒက်ဟာ မူရီကွီလိုကစားသမားကိုတော့ ထိန်းချုပ်ဖို့ခက်ခဲမှာမဟုတ်သလို ကူဘို၊ အိုရာဇာဘယ်၊ မန်ဒက်ဇ်တို့နဲ့ တိုက်စစ်မြှင့်ကစားလာမယ်ဆိုရင်တော့ မာယော့ကာ ခံစစ်ပိုင်းပေးဂိုးများသွားနိုင်ပါတယ်။ အခုပွဲစဉ်မှာ နှစ်သင်းစလုံး ကစားသမားသုံးယောက်ထိ ဒဏ်ရာရနေပေမဲ့ အဓိက ကစားသမားတွေအားလုံးပါဝင်နိုင်မှာဖြစ်တာကြောင့် အိမ်ကွင်းကစားပုံကောင်းမွန်နေတဲ့ ဆိုစီဒက်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၄ | - | ၃ | ဂီတာဖေး |
| ဗလင်စီယာ | ၀ | - | ၁ | ဆိုစီဒက် |
| ဆိုစီဒက် | ၃ | - | ၀ | ဘီလ်ဘာအို |
| လိုက်ပ်ဇစ် | ၀ | - | ၂ | ဆိုစီဒက် |
| အေတီကို | ၂ | - | ၁ | ဆိုစီဒက် |

**မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆယ်တာဗီဂို | ၀ | - | ၁ | မာယော့ကာ |
| ဂျီရိုနာ | ၅ | - | ၃ | မာယော့ကာ |
| မာယော့ကာ | ၂ | - | ၂ | ဘာစီလိုနာ |
| ဗယ်လ်ကာနို | ၂ | - | ၂ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၁ | ဗလင်စီယာ |

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

# ထာဝရလှပသော အပြုံးအတွက်

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040

# DENTOMEC



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးဖိစီ ထုတ်လုပ်ထားပါသည်။

The Best Quality Tyre

အရည်အသွေးမြင့်မား တာယာ မှာ

# TRISTAR





CYCLE TYRE

CAR TYRE

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ တတ-၁၈/၄၉ နေ ဒေါ်ခင်မြင့် (၉/မနတ(နိုင်)၀၈၅၁၅၄) ၏သမီး **မမြင့်မြင့်ထွန်း (၉/ပကခ(နိုင်)၀၀၆၂၃၁)** သည် မိခင်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ခင်မြင့် (၉/မနတ(နိုင်)၀၈၅၁၅၄)**

## အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ ကျွဲဆည်ကန်ရပ်ကွက်၊ ယ၁/၁၅၇၊ (၇၃)လမ်း၊ ၁၁၂/၁၁၃ ကြားနေ

**ဦးစိန်လင်း**

**အင်ဂျင်နီယာမှူးကြီး(စက်မှု)**

**(အထက်မြန်မာပြည်(ငြိမ်း))**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**အသက်(၈၅)နှစ်**

သည် (၁၈-၁၀-၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်(စက်မှု)၊စက်မှုဌာနခွဲ၊**

**လမ်းဦးစီးဌာန(ရုံးချုပ်)ဝန်ထမ်းများ(နေပြည်တော်)**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၅လမ်း၊ ၈၁ × ၈၂ကြားနေ ဦးချွန်ငြိမ်း (၁၂/ပဘတ(နိုင်)၀၂၂၄၆၂)အမည်ပေါက် တယ်လီဖုန်းအမှတ် ၀၂-၄၀၇၁၈၅၇ ၏စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် မြန်မာ့ဆက်သွယ်ရေးရုံးတွင် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးချွန်ငြိမ်း(၁၂/ပဘတ(နိုင်)၀၂၂၄၆၂)၊09-402547259

ဥတု ရာသီ တောက်ပို့မှီ

## ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ ကျွဲဆည်ကန်ရပ်ကွက်၊ ယ၁/၁၅၇၊ (၇၃)လမ်း၊ ၁၁၂/၁၁၃ ကြားနေ

**ဦးစိန်လင်း**

**အင်ဂျင်နီယာမှူးကြီး(စက်မှု)**

**(အထက်မြန်မာပြည်(ငြိမ်း))**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**အသက်(၈၅)နှစ်**

သည် (၁၈-၁၀-၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ယန္တရားတပ်ခွဲ(မြောက်)ဝန်ထမ်းများ (မန္တလေးမြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ ကျွဲဆည်ကန်ရပ်ကွက်၊ ယ၁/၁၅၇၊ (၇၃)လမ်း၊ ၁၁၂/၁၁၃ ကြားနေ

**ဦးစိန်လင်း**

**အင်ဂျင်နီယာမှူးကြီး(စက်မှု)**

**(အထက်မြန်မာပြည်(ငြိမ်း))**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**အသက်(၈၅)နှစ်**

သည် (၁၈-၁၀-၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ယန္တရားတပ်ခွဲ(တောင်)ဝန်ထမ်းများ (ရန်ကုန်မြို့)**

## ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**

**လိုအပ်သည်ဟု ခံစားနေရပါက**

**သတင်းအချက်အလက်မျှဝေရာစင်တာသို့**

**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့်နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့်နေရာမျိုးဖြစ်ရန်လို...

❖ သို့မှသာ မိမိကိုယ်မိမိအကျိုးပြုနိုင်သည့်၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့်၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည့် လူကောင်းလူတော် နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဧပြီ ၂၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

---



## အင်းလေးရိုးရာလှေပြိုင်ပွဲ အုပ်စုအဆင့်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ညောင်ရွှေ အောက်တိုဘာ ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့်တာဝန်ရှိသူများ၊ ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးရေလယ် ဗိုလ်တဲတွင် အင်းလေးရိုးရာလှေပြိုင်ပွဲ အုပ်စုအဆင့်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့အမျိုးသား ၄၆ တက် လှေပြိုင်ပွဲတွင် အိုင်ထောင့်ကြီးရွာ၊ မိုင်းသောက်ရွာ၊ စည်သာရွာ၊ ရေသာကုန်းရွာ၊ ကျွန်းကြီးမြောက်ရွာ၊ ကေလာရွာ၊ မြောင်းဝကြီးရွာ၊ ရေမဲပင်ရွာတို့ ယှဉ်ပြိုင်ကြ၍

**စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

---

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး



ပစ္စည်းထည့်ပုံးအမျိုးမျိုး



ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉